# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဂဏ်လူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက် တနင်္လာနေ့။ Monday, 17 July 2017 (၈၉၈၈)




## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြေးရုပ်တုများပန္နက်တင် တပ်ဆင်ပွဲ တက်ရောက်


စာမျက်နှာ - ၈


## ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်ရေး မြေသားစမ်းသပ်ခြင်း လုပ်ငန်း ရာနှုန်းပြည့်နီးပါးပြီးစီး


စာမျက်နှာ - ၁၄


## ထာဝရရှင်သန်နေသော မျိုးချစ်အာဇာနည် ဗိုလ်ချုပ်အောင်ဆန်း

နှစ် (၇၀)ပြည့် အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး


စာမျက်နှာ - ၆


# ရင်ချင်းဆက်အမြွှာညီအစ်ကို စိုင်းခမ်းနှင့် စိုင်းငင်းတို့အား ခွဲစိတ်မှုအောင်မြင်

## သုံးလခန့်ကြာမြင့်ချိန်တွင် ကျန်းမာရေးကောင်းမွန်စိတ်ချရပါက မိဘများထံ ပြန်လည်အပ်နှံသွားမည်

**ရန်ကုန် ဇူလိုင် ၁၆**

အသည်းချင်းထိစပ်လျက်ရှိပြီး ကျန်ကိုယ်တွင်းအင်္ဂါများ သီးခြားစီရှိနေသည့် ရင်ချင်းဆက်အမြွှာညီအစ်ကို စိုင်းခမ်းနှင့် စိုင်းငင်းတို့အား ရန်ကုန်ကလေးဆေးရုံကြီး ခွဲစိတ်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ခွဲစိတ်ရာ အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱**



ရန်ကုန်ကလေးဆေးရုံကြီး၌ အဌမအကြိမ်မြောက်အဖြစ် ရင်ချင်းဆက်အမြွှာ ခွဲစိတ်ကုသမှုပြုလုပ်စဉ်။

# YBS ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်အားလုံး မော်တော်ယာဉ်အလုံးစုံ အာမခံထားရှိရမည်ဟုဆို

**ရန်ကုန် ဇူလိုင် ၁၆**

YBS ယာဉ်လိုင်းများတွင် ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်လိုင်းများအားလုံး မော်တော်ယာဉ်အလုံးစုံ အာမခံထားရှိရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

လက်ရှိတွင် YBS ယာဉ်လိုင်းများရှိ ယာဉ်လိုင်းအချို့မှ ခရီးသည်တင်ယာဉ်များ မော်တော်ယာဉ်အလုံးစုံ အာမခံထားရှိလာကြသော်လည်း ယာဉ်အများစုမှာ အာမခံထားရှိခြင်းမရှိကြောင်း သိရသည်။

"YBS ၃၇(ယခင် BRT Lite) ယာဉ်လိုင်းက ကားတွေက အလုံးစုံအာမခံထားရှိပါတယ်။ အလုံးစုံအာမခံထားထားတဲ့အတွက် ယာဉ်ထိခိုက်မှုဖြစ်လာရင် အာမခံအကာအကွယ်ရရှိပါတယ်။ လိုက်ပါစီးနင်းတဲ့ ခရီးသည်တွေသာမက အဲဒီကားနဲ့ ပတ်သက်ဆက်နွှယ်ပြီး ထိခိုက်နိုင်တဲ့သူတွေအတွက်ကိုပါ အကာအကွယ် ရနိုင်တဲ့အတွက် အလုံးစုံ အာမခံအကာအကွယ်ကို ယူထားသင့်ပါတယ်။ ယာဉ်အတွက်ကိုလည်း လျော်ကြေးရတဲ့အတွက် မမျှော်မှန်းနိုင်တဲ့ ဆုံးရှုံးမှုတွေအတွက် ယာဉ်ပိုင်ရှင်တွေအနေနဲ့ အာမခံထားသင့်ပါတယ်။ အစိုးရ အာမခံမှာပဲထားထား၊ ပုဂ္ဂလိက ကုမ္ပဏီတွေမှာပဲ ထားထားယူထားသင့်တဲ့ အာမခံအကာအကွယ်ပါ"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဇူလိုင် ၇ ရက်က ဖြစ်ပေါ်ခဲ့သည့် YBS ၃၇ ယာဉ်နှင့် ၅၅ ယာဉ်တို့၏ ယာဉ်မတော်တဆမှုတွင် ၁၀ ဦးသေဆုံးခဲ့ပြီး ခရီးသည်အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်တွင် YBS 37 ယာဉ်သည် အလုံးစုံ မော်တော်ယာဉ်အာမခံထားရှိထားသည့်အတွက် မြန်မာ့အာမခံလုပ်ငန်းမှ သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေး၊ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့၏ ထောက်ပံ့ငွေအပြင် အလုံးစုံမော်တော်ယာဉ်အာမခံလျော်ကြေးငွေ အထောက်အပံ့ကို ရရှိခဲ့သည်ဟု သိရသည်။

အလုံးစုံမော်တော်ယာဉ်အာမခံသည် မော်တော်ယာဉ်နှင့် **စာမျက်နှာ ၈ ကော်လံ ၅ သို့ ◯**




## ကြေးမုံ

# သတိမူရမည့် မျက်မှောက်သဘာဝဖြစ်စဉ်

အန္တာတိကတိုက်ရှိ စံချိန်တင်ရလောက်အောင် အရွယ်အစားကြီးမားလှသည့် ရေခဲလွှာကြီးတစ်လွှာ ဇူလိုင်လ ၁၀ ရက်နှင့် ၁၂ ရက်ကြားကာလအတွင်း ကွဲထွက်သွားခဲ့ကြောင်း အန္တာတိကဒေသလေ့လာရေးဌာနမှ သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ စံချိန်တင်အရွယ်အစားရှိ ရေခဲလွှာအပိုင်းအစကြီးမှာ စတုရန်းကီလိုမီတာ ၅၈၀၀ ရှိ၍ အလေးချိန်တန်ချိန် တစ်ထရီလီယံရှိသည်ဟုဆိုထားပြီး မြင်သာသောအရွယ်အစားမှာ အင်ဒိုနီးရှားနိုင်ငံမှ ဘာလီကျွန်းအရွယ်အစားမျှရှိသည်။

အန္တာတိကရေခဲလွှာကြီးသည် လွန်ခဲ့သည့်နှစ်များစွာကတည်းက ကွဲထွက်မှုများဖြစ်ပေါ်ခဲ့ပြီး ယခုပဲ့ထွက်ရန်တာစူမှုကို ပြီးခဲ့သည့် ဆောင်းရာသီမှစတင်၍ သိပ္ပံပညာရှင်များက လေ့လာခဲ့ကြသည်။ စံချိန်တင်ရေခဲလွှာချပ်ကွဲထွက်မှုကြောင့် အနာဂတ်အတွက် အကျိုးသက်ရောက်မှုကို ဟောကိန်းထုတ်ရန် မလွယ်ကူဟုဆိုထားပြီး လတ်တလောတွင် ရေခဲလွှာအပိုင်းအစတစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်သောကြောင့် ယင်းအနီးဖြတ်သန်းသွားသော သင်္ဘောများအတွက် အန္တရာယ်ရှိနိုင်ကြောင်း အသိပေးထားသည်။

အဆိုပါ ရေခဲလွှာချပ်ကြီးကွဲထွက်မှုသည် ကမ္ဘာ့ရာသီဥတုပူနွေးလာမှု၏ အရင်းခံအကြောင်းတရားပင်ဖြစ်သည်။ ယခုနှစ်ဦးပိုင်းက အန္တာတိကတိုက်ပေါ်ရှိ ကမ္ဘာကြီးပူနွေးမှုကြောင့်ဖြစ်ပေါ်လာသော အိုဇုန်းလွှာအပေါက်သည် တဖြည်းဖြည်း စံချိန်တင်အရွယ်အစားသို့ ကြီးထွားလာပြီး လက်ရှိအိုဇုန်းလွှာအပေါက်၏ဧရိယာမှာ စတုရန်းကီလိုမီတာ ၁၀ သန်းရှိနေပြီး ယမန်နှစ်နှစ်ဦးက မှတ်တမ်းတင်ခဲ့သော ပမာဏထက်နှစ်ဆကျော်ခဲ့ကြောင်း သုတေသီတို့ကို ပြောကြားသည်။

ကမ္ဘာကြီးကိုလွှမ်းခြုံထားသော အိုဇုန်းလွှာမှာ နေ၏အပူချိန်ကို တိုက်ရိုက်မထိတွေ့စေရန်အတွက် ကာကွယ်ပေးထားသည့် သဘာဝက ပေးထားသောလက်ဆောင်ဖြစ်သည်။ အိုဇုန်းလွှာပျက်စီးခြင်းကြောင့် နွေရာသီတွင် ပင်လယ်ရေမျက်နှာပြင်ပိုမိုပူနွေးလာပြီး ယခုကဲ့သို့ ရေခဲလွှာချပ်ကြီး ကွဲထွက်လာခြင်းဖြစ်သည့်အပြင် ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုဖောက်ပြန်မှုများ ပိုမိုဖြစ်ပွားလာသည်။ ယင်းကို ကာကွယ်နိုင်ရန်အတွက် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးအဖြေရှာမှုများ မကြာခဏပြုလုပ်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံဖြစ်ပါက အဖွဲ့အစည်းများနှင့် ပိုမိုဆက်သွယ်ဆောင်ရွက်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေအရင်းအမြစ်များ ပိုမိုရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် ယင်းအဖွဲ့မှ ကမ္ဘာတစ်ဝန်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများမှ သုတေသနရလဒ်များ၊ အတွေ့အကြုံများနှင့် အခြားအကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

ကမ္ဘာကြီးပူနွေးမှုအကျိုးဆက်ကြောင့် လက်ရှိတွင် ဆောင်းရာသီကာလ၌ ပူခြင်း၊ ပိုအေးခြင်း၊ နွေရာသီကာလတွင် အပူလွန်ကဲခြင်း၊ မိုးရွာသွန်းခြင်း၊ မိုးရာသီကာလတွင် မိုးမရွာခြင်း၊ မိုးပိုမိုရွာခြင်း၊ ပင်လယ်ရေလှိုင်းကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ တောင်ပြိုခြင်း၊ ရေခဲပြင်များအရည်ပျော်ကျခြင်း စသည့်ရာသီဥတုဖောက်ပြန်မှုအကျိုးဆက်များကို ကြုံတွေ့လာရသည်။

ကမ္ဘာကြီးပူနွေးရသည့်အကြောင်းအရင်းမှာ သစ်တောများပြုန်းတီးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ ကလိုရင်းဓာတ်ငွေ့များ ပိုမိုထုတ်လွှတ်ခြင်း၊ နျူကလီးယားလက်နက်များ စမ်းသပ်ဖောက်ခွဲခြင်း၊ ဂေဟာစနစ်များပျက်သုဉ်းခြင်း စသည့်အကြောင်းများကြောင့် ဖြစ်သည်။ ယင်းတို့ကို ဖန်တီးသည့် အဓိကလက်သည်တရားခံမှာ အသိဉာဏ်ကြွယ်ဝလှပါသည်ဆိုသော ကျွန်ုပ်တို့လူသားများပင်ဖြစ်သည်။ လူသားမုဆိုးများသည် မိမိတို့ကိုယ်ကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင်ကိုဖျက်ဆီးကာ အကျိုးစီးပွားရယူကြသည်။ အသိပညာပေး၍လည်းမရ၊ ကာကွယ်တားဆီး၍လည်းမရ လူတို့လောဘ အတောမသတ်နိုင်ဘဲ ဇွတ်တိုးလုပ်ကိုင်နေကြသည်။ အရိပ်နေနေ အခက်ချိုးချိုးဆိုသူများမှာ ကျွန်ုပ်တို့လူသားများပင်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာကြီးငိုကြွေးပျက်စီးခြင်းမဖြစ်စေဘဲ ကမ္ဘာမြေအေးချမ်းသာယာစေရေးအတွက် ကမ္ဘာမြေကို ကမ္ဘာ့လူသားအားလုံး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သလို ကမ္ဘာမြေကို ဖျက်ဆီးသူများအား ဝိုင်းဝန်းတားဆီးနှိမ်နင်းကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ တာဝန်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ။

# ဖလမ်းမြို့ သဘာဝဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်



**ဖလမ်း ဇူလိုင် ၁၆**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်အတွင်းရေးမှူး ဦးဝင်းရွှေ၊ ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့သည် ယနေ့နံနက်ပိုင်းက ဖလမ်းမြို့ တလန်လိုရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးနှင့် တစ်မိုင်ဘုန်းကြီးကျောင်းလမ်းအပေါ်ဘက်ရှိ မြေပြိုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြေပြိုမှု ဆက်လက်မဖြစ်ပွားရေး အလေးထား ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာ ဧည့်ခန်းမ၌ သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် သဘာဝဘေးဖြစ်ပွားမှုနှုန်းသည် နှစ်စဉ်တိုးမြင့်နေသည့်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအနေဖြင့် သဘာဝဘေးလျော့ပါးရေးအတွက် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးသော ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဇနီးတို့ကလည်းကောင်း၊ ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့ပေးသော ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့ကလည်းကောင်း အသီးသီးပေးအပ်ကြပြီး သဘာဝဘေးသင့် အိမ်ထောင်စုလေးစုမှ ပြည်သူများက လက်ခံခဲ့ကြကြောင်း သိရသည်။**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်းက ပုဂံတွင်ပန်းချီပြပွဲကျင်းပမည်

**မန္တလေး ဇူလိုင် ၁၆**

မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်းက ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ရေဆေးပန်းချီပြပွဲကို ပုဂံ-ညောင်ဦးကားလမ်း ဝက်ကြီးအင်းကျေးရွာရှိ မျိုးမျိုးစားသောက်ဆိုင်အနီးတွင် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဆေးပန်းချီဆရာအသင်းနှင့် တစ်နှစ်လျှင် သုံးကြိမ်ခန့် ပန်းချီပြပွဲများ ကျင်းပလေ့ရှိသော်လည်း ရန်ကုန်၊ မန္တလေးနှင့် မုံရွာမြို့များတွင်သာ ပြုလုပ်ခဲ့ပြီး ယခုပထမဆုံးအကြိမ်အဖြစ် ပုဂံတွင် သွားရောက်ပြသခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်းဥက္ကဋ္ဌဦးဇော်ဝင်း(သစ်ထွင်း)က ပြောသည်။

"အသင်းအနေနဲ့ အဖွဲ့လိုက်ပန်းချီပြပွဲတွေ ကျင်းပသလို အဖွဲ့လိုက်သုံးလတစ်ကြိမ် ပြင်ဦးလွင်၊ ပုဂံ-ညောင်ဦးနဲ့ ဧရာဝတီမြစ်ရိုးတစ်လျှောက် မင်းကွန်း၊ စစ်ကိုင်းစတဲ့ အညာဒေသ ကျေးလက်အငွေ့အသက်တွေပါတဲ့ ပန်းချီတွေကိုလည်း Outdoor ထွက်ပြီး ရေးဆွဲလေ့ရှိပါတယ်"ဟု ၎င်းကပြောသည်။

ယခု ပုဂံတွင်သွားရောက်ပြသမည့် ပန်းချီပြပွဲတွင် မန္တလေး၊ စစ်ကိုင်းနှင့် ပြင်ဦးလွင်မြို့တို့မှ အသင်းဝင် ပန်းချီဆရာ ဆရာမ ၂၀ တို့က တစ်ဦးလျှင် လေးချိုးဆိုဒ်အရွယ် ပန်းချီကားသုံးကားစီရေးဆွဲကာ ပန်းချီကားပေါင်း ၁၀၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံရေဆေးပန်းချီဆရာအသင်းမှ ပြင်ပပန်းချီခရီးစဉ်အဖြစ် စင်ကာပူနိုင်ငံ ရေဆေးပန်းချီဆရာအသင်း၏ ဖိတ်ကြားချက်အရ ပန်းချီပညာ လေ့လာဖလှယ်ရေးနှင့် Outdoor ပန်းချီရေးဆွဲခြင်းခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီး ဆက်လက်၍ မကြာမီလပိုင်းအတွင်း တရုတ်နိုင်ငံ တယ်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း၏ ဖိတ်ကြားချက်အရ ပန်းချီပညာလေ့လာရေးနှင့် Outdoor ရေးဆွဲခြင်းခရီးစဉ်ကို သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ထိုင်းရောက် မြန်မာအလုပ်သမားများ ကော့သောင်းနယ်စပ်ဂိတ်မှ ဆက်လက်ဝင်ရောက်

**ကော့သောင်း ဇူလိုင် ၁၆**

ထိုင်းနိုင်ငံအတွင်းအလုပ်သွားရောက် လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားအမျိုးသား ၇၄ ဦး၊ အမျိုးသမီး ၃၈ ဦးနှင့် ကလေးငယ် ငါးဦးအပါအဝင် ၁၁၇ ဦး ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် စက်လှေကြီးတစ်စင်းဖြင့် (၁၂)ကြိမ်မြောက် အသုတ်အဖြစ် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည်။

ပြန်လည်ဝင်ရောက်လာကြသည့် အလုပ်သမားများကို တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေထွန်း၊ ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့ခံပရဟိတအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက မြို့မဆိပ်ကမ်းတံတားတွင် ကြိုဆိုကြကာ အစားအသောက်များ လှူဒါန်းကျွေးမွေးကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြို့ခံ ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့တို့က အလုပ်သမားများ၏နေရပ်ဒေသများဖြစ်သည့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များသို့ ပြန်နိုင်ရေး မော်တော်ယာဉ်စီးနင်းခများနှင့် လမ်းခရီးတွင် စားသောက်ရန် ကုန်ကျစရိတ်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။

ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ အထောက်အထားမဲ့ မြန်မာအလုပ်သမားဝင်ရောက်မှုဦးရေ စုစုပေါင်း ၁၆၁၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# လိပ်သိုမြို့၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**လိပ်သို ဇူလိုင် ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အသက်(၁၀)နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် NRC အဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၁၄ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးအခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ မြို့နယ်ဦးစီးအရာရှိ ဦးစောရှဲရစ်(ဖ်)က ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ကို စနစ်တကျထိန်းသိမ်းကိုင်ဆောင်ကြရန် ပညာပေးရှင်းလင်းခဲ့ပြီး အသက်(၁၀)နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူ ၁၅၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**သက်ရှိလောက**
**တည်မြဲဖို့**
**သစ်ပင်စိုက်ပျိုး**
**ထိန်းသိမ်းစို့**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဒီမိုကရေစီဝါဒကို ခေတ်စားအောင် လုပ်ရမယ်

ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် (ဒီမိုကရေစီ)ဝါဒကို ကျွန်တော်တို့ ရည်ရွယ်ရမယ်။

(၁၉၄၅ ခုနှစ် ဩဂုတ်လ စတုတ္ထအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)





## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး ပန္နက်တော်တင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် (၆၇)လမ်းနှင့် (၆၆)လမ်း၊ သရဖီနှင့် ကံ့ကော်လမ်းကြားရှိ အဆိုပါအဆောက်အအုံ တည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်သည်။

အခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ မန္တလေးမြို့တော်ဝန်၊ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးတို့က ပန္နက်တော်တင် တွင်းတော်ဝန်းပေးကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပန္နက်တော်တင် တွင်းတော်ဝန်းအောင်မြင်ခြင်း အထိမ်းအမှတ် နဂါးစာကျွေးသည်။

အဆိုပါ တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံသည် အလျား ပေ ၂၄၀၊ အနံ ပေ ၂၄၀ ရှိ RC သုံးထပ် အဆောက်အအုံဖြစ်ပြီး ၄ ဒသမ ၈၉ ဧကကျယ်ဝန်းသော မြေပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန တည်ဆောက်ရေး(၂) အဆောက်အအုံအထူးအဖွဲ့(၆)မှ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း၌ ဖွင့်လှစ်သောသင်တန်းများသည် နိုင်ငံတော်မှထောက်ပံ့မှုအပြည့်အဝပေးထား

**နေပြည်တော် ဇူလိုင် ၁၆**

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများ၌ ဘာသာရပ်အလိုက် ဖွင့်လှစ်သောသင်တန်းများသည် နိုင်ငံတော်မှ ထောက်ပံ့မှု အပြည့်အဝဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်၍ ရရှိသော အခွင့်အလမ်းများကို တန်ဖိုးရှိစွာ အသုံးချ၍ ကြိုးစားလေ့ကျင့်သွားကြရန်နှင့် သင်တန်းနည်းပြများကလည်း သင်တန်းသားများကို ချမှတ်ထားသော ကျောင်းစည်းကမ်းချက်များအတိုင်း အလေးထားလိုက်နာဆောင်ရွက်တတ်စေရန်၊ အချင်းချင်းစည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် ဘာသာရပ်များအလိုက် နားလည်တတ်ကျွမ်းသည်အထိ စေတနာထားသင်ကြားပေးစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်အတွင်း ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ စက်မှုလက်မှု သင်တန်းကျောင်းသို့ ရောက်ရှိစဉ် ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မအူပင်)သို့ လည်းကောင်း၊ နေ့လယ်ပိုင်းတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဘိုကလေး)သို့ လည်းကောင်း သွားရောက်ခဲ့ရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းကျောင်းများဆိုင်ရာ အချက်အလက်များအား တင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်မှ ရာနှုန်းပြည့် အထောက်အပံ့များဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေမှုများကို သိရှိနားလည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ထမ်းဆောင်နိုင်မည့် နိုင်ငံသားကောင်း သမီးကောင်းများဖြစ်အောင် ပညာကိုအားကြိုးမာန်တက် လေ့လာသင်ယူသွားကြရန်၊ ကျောင်းအုပ်နှင့် နည်းပြများကလည်း ပညာတစ်ခုတည်းသာမက စည်းကမ်းစနစ်တကျရှိစေရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်ရေး၊ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ပြုမူနေထိုင်ဆောင်ရွက်တတ်ရေး၊ မိမိတိုင်းပြည်/ဒေသကို ချစ်မြတ်နိုးသည့် စိတ်ခံယူချက်၊ ယုံကြည်ချက် မှန်ကန်ကောင်းမွန်စေရေး၊ လိမ္မာယဉ်ကျေးသော နိုင်ငံ့သားကောင်း ရတနာများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးသွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၊ စားရိပ်သာများနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့သွားရောက်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ အခြေခံသင်တန်းတက်ရောက်ပြီး အဆင့်မြင့်သင်တန်းများကို ဆက်လက်တက်ရောက်၍ ကြိုးကြိုးစားစား လေ့လာသင်ယူပါက ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်သလို အထည်ချုပ်စက်ရုံများ၊ ကုမ္ပဏီများတွင်လည်း ကျွမ်းကျင်ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်သဖြင့် အပတ်တကုတ် ကြိုးစားသင်ယူသွားကြရန် မှာကြားခဲ့ပြီး သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများ၊ အဝတ်အထည်များ ချုပ်လုပ်ထားရှိမှုများနှင့် သင်တန်းကျောင်း အတွင်းသို့ လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လပွတ္တာမြို့သို့ သွားရောက်၍ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုခဲ့ပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း၌ လပွတ္တာခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဆိုင်ရာလိုအပ်ချက်များ တင်ပြလာမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ပြင်ဆင်ဖတ်ရှုပါရန် တောင်းပန်ခြင်း

၁၆-၇-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် "ရွှေနံ့သာတန်ဖိုးမျှတအိမ်ရာဖွင့်ပွဲ"သတင်းတွင် **အဆောက်အအုံတစ်လုံးလျှင် အလျားပေ ၂၀၊ အနံ ပေ ၂၀ ရှိ အခန်းစုစုပေါင်း ၄၀ စီ ပါဝင်ကြောင်း** ဖော်ပြခဲ့သော်လည်း ရှေ့ဖုံးတွင် သတင်းကောက်စာဖော်ပြရာ၌ **စတုရန်းပေ ၄၀ ရှိအခန်းများ**ဟု မှားယွင်းခဲ့ပါသည်။

အဆိုပါ **စတုရန်း ပေ ၄၀ ရှိ အခန်းများ** စာသားအား **စတုရန်းပေ ၄၀၀ ရှိ အခန်းများ** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် ထိုသို့မှားယွင်းဖော်ပြမှုအတွက် စာဖတ်သူများအား အနူးအညွတ် တောင်းပန်အပ်ပါသည်။

**(စာတည်းမှူးချုပ်)**

# အိန္ဒိယ၏ ပထမဆုံးသော နေစွမ်းအင်သုံး လော်ကယ်ရထားခရီးစဉ် စတင်ပြီ

**နယူးဒေလီ ဇူလိုင် ၁၆**

အိန္ဒိယနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိစေမည့် ရထားလုပ်ငန်းပေါ်ထွန်းရေးရည်မှန်းချက်နှင့်အညီ နေရောင်ခြည်စွမ်းအင်သုံး လော်ကယ်ရထားခရီးစဉ်ကို ပထမဆုံးအကြိမ် စတင်လိုက်ပြီဖြစ်ကြောင်း ရထားလုပ်ငန်းဝန်ကြီး စူရက်ပရာဘူ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

နေရောင်ခြည်မရှိသည့် အချိန်မျိုးမှာပင် ရထားတစ်စင်းလုံးကို လျှပ်စစ်ဓာတ်အား အလုံအလောက် ပေးစွမ်းနိုင်စေရန် စီစဉ်ထားကြောင်း ရထားလုပ်ငန်းဝန်ကြီး စူရက်က ပြောကြားသည်။ ရထားတွင် လျှပ်စစ်ဓာတ်အားသိုလှောင်ထားနိုင်သော စနစ်ပါရှိကာ ၇၂ နာရီထက်မနည်း အသုံးပြုနိုင်မည်ဆို၏။

မီးလုံးများ၊ ပန်ကာများနှင့် ရထားခုတ်မောင်းခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ဖော်ပြပေးသည့် စနစ်တို့ပါရှိသော ရထားတွဲများအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို အလုံအလောက်ဖြည့်ဆည်းပေးနိုင်ရန် ရထားတွဲများ၏ ခေါင်မိုးပေါ်တွင် နေရောင်ခြည်စုစည်းပေးသော မှန်ကူကွက်များကို တပ်ဆင်ထားရှိကြောင်း ဝန်ကြီးက ပြောကြားသည်။ အဆိုပါလော်ကယ်ရထားအတွက် အသုံးပြုသော စက်ခေါင်းမှာ ဒီဇယ်-လျှပ်စစ်ယူနစ် အမျိုးအစားဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော နေစွမ်းအင်သုံး လော်ကယ်ရထားခရီးစဉ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက်က နယူးဒေလီမြို့တော်ရှိ ဆက်တာဂျုံး ဘူတာရုံ၌ ကျင်းပခဲ့ရာတွင် ပြည်ထောင်စုရထားလုပ်ငန်းဝန်ကြီး






စူရက် တက်ရောက်ခဲ့သည်။ အိန္ဒိယရထားလုပ်ငန်းသည် သန့်ရှင်းသော စွမ်းအင်သုံးစွဲရေး ရည်မှန်းချက်နှင့်အညီ သမားရိုးကျမဟုတ်သော စွမ်းအင်ကို တိုးတက်အသုံးပြုသွားရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီး စူရက်က ပြောကြားသည်။

**ပီတီအိုင်။**



# ဆီနီဂေါနိုင်ငံ ဒါကာမြို့တော်၌ ဘောလုံးပွဲတစ်ပွဲကျင်းပစဉ် လူအုပ်ပြိုကျ လူ ရှစ်ဦးသေ

**ဒါကာ(ဆီနီဂေါ) ဇူလိုင် ၁၆**

ဆီနီဂေါနိုင်ငံ ဒါကာမြို့တော်၌ ဘောလုံးပွဲတစ်ပွဲကျင်းပစဉ် ခိုက်ရန်ဖြစ်ပွားမှုမှ အစပြုပြီး လူအစုလိုက်အပြုံလိုက် ပြုံတိုးရာမှ လူ ရှစ်ဦး သေဆုံးခဲ့ပြီး ၄၉ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇူလိုင် ၁၅ ရက်တွင် မြို့တော်ဒါကာ၌ ဘောလုံးပွဲတစ်ပွဲကျင်းပနေစဉ် ပွဲကြည့်ပရိသတ်အချို့က ကွင်းအတွင်းရှိ ကစားသမားများအား ခဲလုံးများဖြင့် ပစ်ပေါက်ခဲ့ရာမှ ခိုက်ရန်ဖြစ်ပွားမှုများ စတင်ခဲ့ကြောင်း သိရသည်။

ဘောလုံးကွင်းအတွင်းရှိ တာဝန်ကျလုံခြုံရေးအရာရှိများက မျက်ရည်ယိုဗုံးများ အသုံးပြုကာ လူစုခွဲခဲ့ရသည်။ ခိုက်ရန်ဖြစ်ပွားကာ အစုလိုက်အပြုံလိုက် ပြုံတိုးသည့်အတွက် အားကစားကွင်း၏ ပွဲကြည့်စင်မှ နံရံအချို့ပြိုကျပျက်စီးခဲ့ရကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုကို မှတ်တမ်းတင်ရိုက်ကူးထားသော ဗီဒီယိုဖိုင်တစ်ခုတွင် ပွဲကြည့်ပရိသတ်များက ပွဲကြည့်စင်နေရာမှ ဘောလုံးကွင်းအတွင်းသို့ ပြုံတိုးကာ ထွက်ပြေးနေကြပုံနှင့် ပြိုကျပျက်စီးခဲ့သည့် နံရံများ၏ အပျက်အစီးများကို တွေ့ရှိရသည်။

အချို့ပွဲကြည့်ပရိသတ်များပေါ်သို့ နံရံများ ပြိုကျပိမိခဲ့ကြောင်း မျက်မြင်တွေ့ရှိခဲ့သူ တစ်ဦးက မီဒီယာများသို့ ပြောကြားခဲ့သည်။

အာဖရိကနိုင်ငံများတွင် ယခင်နှစ်များအတွင်းကလည်း ဘောလုံးပွဲကျင်းပစဉ် ခိုက်ရန်ဖြစ်ပွားကာ အစုလိုက်အပြုံလိုက် ပြုံတိုးသည့်အတွက် သေဆုံးသူအများအပြား ရှိခဲ့သည်။

ယခုနှစ်အတွင်း အင်ဂိုလာနိုင်ငံတွင် ဘောလုံးပွဲတစ်ပွဲကျင်းပစဉ် လူအုပ်ပြိုကျခဲ့ရာ လူပေါင်း ၁၇ ဦးသေဆုံးခဲ့ပြီး ၂၀၁၄ ခုနှစ်အတွင်း ကွန်ဂိုနိုင်ငံတွင် ဘောလုံးပွဲတစ်ပွဲ၌ လူအုပ်ပြိုကျခဲ့ရာ လူပေါင်း ၁၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အာရှ-ပစိဖိတ်ဒေသ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို ရာသီဥတုပြောင်းလဲမှုက ထိခိုက်စေနိုင်ကြောင်း သတိပေး

**မနီလာ ဇူလိုင် ၁၆**

ရာသီဥတုပြောင်းလဲမှုသည် အာရှ-ပစိဖိတ်ဒေသ၏ အနာဂတ်ကာလဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)၏ အစီရင်ခံစာတွင် သတိပေးဖော်ပြထားသည်ကို ကိုးကား၍ ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

(၂၁)ရာစုတွင် ကမ္ဘာ့ရာသီဥတု ပြဿနာသည် လူသားမျိုးနွယ်ဖွံ့ဖြိုးတိုးတက်မှုကို ချေဖျက်နိုင်သည့် အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို အဓိက တွေ့ကြုံခံစားရနိုင်သည့် ကမ္ဘာ့ဒေသမှာ အာရှ-ပစိဖိတ်ဒေသဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာအခြေစိုက် အေဒီဘီ၏ ဒုတိယဥက္ကဋ္ဌ ဘမ်ဘန်းဆူဆန်တိုနိုက ပြောကြားသည်။

အာရှ-ပစိဖိတ်ဒေသသည် ကမ္ဘာ့ဆင်းရဲသားဦးရေ သုံးပုံနှစ်ပုံ နေထိုင်ရာဒေသကြီးဖြစ်ပြီး ရာသီဥတုပြောင်းလဲမှု၏ အဆိုးရွားဆုံးဘေးအန္တရာယ်ကို တွေ့ကြုံခံစားလာရခြင်း မရှိစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများဖြင့် ကာကွယ်ရန် လိုအပ်ကြောင်း ဆူဆန်တိုနိုက ပြောကြားသည်။

အာရှ-ပစိဖိတ်ဒေသ ကုန်းမြေတိုက်၏ အပူချိန်သည် ယခုနှစ်ကုန်ထက်နောက်မကျဘဲ ခြောက်ဒီဂရီဆဲလ်စီးယပ်ထက်မနည်း တိုးတက်လာနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြကြောင်း "အာရှ-ပစိဖိတ် ရာသီဥတုပြောင်းလဲခြင်းနှင့် လူသားတို့အပေါ် ဆိုးကျိုးသက်ရောက်နိုင်မှု" ဟု အမည်ပေးထားသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပါကစ္စတန်နှင့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းတို့ကဲ့သို့သော ဒေသအချို့၌ အပူချိန်သည် ရှစ်ဒီဂရီဆဲလ်စီးယပ်အထိ တိုးလာနိုင်သည်ဟု ခန့်မှန်းရကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်မှုကြောင့် ဒေသဆိုင်ရာ ရာသီဥတုစနစ်ကို သိသိသာသာ ပြောင်းလဲစေနိုင်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍများ၊ ကုန်းမြေနှင့် အဏ္ဏဝါဇီဝမျိုးစုံလင်မှု၊ ကုန်သွယ်ရေး၊ မြို့ပြဖွံ့ဖြိုးရေး၊ ရွှေ့ပြောင်းအခြေစိုက်နေထိုင်ရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အကျိုးသက်ရောက်လာနိုင်ကြောင်း ပိုစဒမ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျိုးသက်ရောက်မှုများ လေ့လာရေးဌာနနှင့်အတူ ပူးတွဲပြုစုထားသော ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

**ပီတီအိုင်။**

# အီဂျစ်သမ္မတဟောင်း မော်စီနှင့်အပေါင်းအပါများကို ထောင်ဖောက်ရန်ကြံစည်မှုဖြင့် တရားစီရင်မည်

**ကိုင်ရို ဇူလိုင် ၁၆**

အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီနှင့် မွတ်စလင်ညီနောင်သားချင်းများအဖွဲ့၏ အဖွဲ့ဝင်များကို ထောင်ဖောက်ရန် ကြံစည်မှုစွဲချက်ဖြင့် ပြန်လည်တရားစီရင်မည့်နေ့ရက်ကို ဇူလိုင် ၃၀ ရက်သို့ ရွှေ့ဆိုင်းရန် မြို့တော် ကိုင်ရိုရှိ ရာဇဝတ်ပြစ်မှုဆိုင်ရာ တရားရုံးက ဇူလိုင် ၁၅ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မော်စီနှင့် အပေါင်းအပါများသည် ဇန်နဝါရီ ၂၅ ရက် ပုန်ကန်မှု စတင်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့ပိုင် အဆောက်အအုံများကို တိုက်ခိုက်ခဲ့ခြင်း၊ ရဲအရာရှိများကို သတ်ဖြတ်ခဲ့ခြင်း စွဲချက်များဖြင့်လည်း တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း နိုင်ငံပိုင် မီနာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကိုင်ရိုတရားရုံးတစ်ရုံးက တရားခံများအပေါ် ချမှတ်ခဲ့သည့် ယခင်ပြစ်ဒဏ်များကို အီဂျစ်အထူးအယူခံတရားရုံးက ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ပယ်ချခဲ့ပြီးနောက် ပြန်လည်တရားစီရင်ရန် ညွှန်ကြားခဲ့သည်။ ၂၀၁၅ ခုနှစ် ဇွန်လတွင် မော်စီအပါအဝင် မွတ်စလင်ညီနောင်အဖွဲ့၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ မိုဟာမက်ဘာဒီ၊ ၎င်း၏ လက်ထောက် ရာရှစ်အယ်ဘာယူမီ၊ မွတ်စလင်ညီနောင်သားချင်းများအဖွဲ့၏ အဖွဲ့ဝင် မိုဟီးဟာမက်၊ ယင်းအဖွဲ့၏ ခေါင်းဆောင်အက်ဆန်အာရန်နှင့် လွှတ်တော်ဥက္ကဋ္ဌဟောင်း မိုဟာမက်အယ်ကတ်တာနီတို့ကို ကိုင်ရို ရာဇဝတ်ပြစ်မှုဆိုင်ရာ တရားရုံးက ကြိုးမိန့်ပေးခဲ့သည်။ အခြားတရားခံ ၂၀ ကိုမူ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့ပြီး တရားခံနှစ်ဦးကို ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။

**ဆင်ဟွာ။**



# နိုင်ငံအတွင်းမှာ ငြိမ်းချမ်းရေးမြင်တွေ့ရမယ်ဆိုတဲ့ တိကျခိုင်မြဲတဲ့စိတ် ပိုင်းဖြတ်ထားမှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မှာဖြစ်

**ဇူလိုင် ၁၆ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံဆက်ဆံရေးတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး Mr. Eduardo Kapunan နှင့် တွေ့ဆုံမေးမြန်းထားသည်ကို ဘာသာပြန်ဖော်ပြအပ်ပါသည်။**

တွေ့ဆုံမေးမြန်း - သာစိန်၊ ကျော်ထိုက်စိုး

**မေး။ ။မြန်မာနဲ့ဖိလစ်ပိုင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးဟာ ၁၉၅၆ ခုနှစ်ကတည်းက တည်ထောင်ခဲ့တာဖြစ်ပါတယ်။ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကာလဟာ အာဆီယံအဖွဲ့ကြီး ဖွဲ့စည်းမှုထက် သက်တမ်းပိုမိုကြာမြင့်တာတွေ့ရပါတယ်။ ယခုနှစ် မတ်လအတွင်းမှာ သမ္မတဒူတာတေး မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့စဉ်ကလည်း နှစ်နိုင်ငံအကြား မယိုင်မလဲခိုင်မြဲတဲ့ ရင်းနှီးမှုကို ချီးမွမ်းပြောဆိုခဲ့တာရှိပါတယ်။ အဲဒီ မြန်မာ-ဖိလစ်ပိုင် သံတမန် ဆက်ဆံရေးအပေါ်မှာ သံအမတ်ကြီးရဲ့ သုံးသပ်ချက်တွေကိုလည်း မျှဝေပေးစေလိုပါတယ်။**

ဖြေ။ ။နှစ်နိုင်ငံအကြား အတော်ကောင်းမွန်တဲ့ လက်ရှိဆက်ဆံရေးထက် ပိုမိုပြီး ကောင်းမွန်အောင် လုပ်ဆောင်နိုင်တဲ့ အခြေအနေတွေ ရှိနေပါသေးတယ်။ လက်ရှိနှစ်နိုင်ငံ ဆက်ဆံရေး အခြေအနေထက် ပိုပြီး ကောင်းမွန်လာဦးမယ်လို့လည်း မြင့်မားတဲ့မျှော်လင့်ချက်တွေ ကျွန်တော့်မှာရှိနေပါတယ်။

**မေး။ ။မြန်မာနဲ့ဖိလစ်ပိုင်က လယ်ယာစိုက်ပျိုးရေး၊ အလုပ်သမား၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိပါတယ်။ သမ္မတဒူတာတေးရဲ့ ခရီးစဉ်အတွင်းမှာ စားနပ်ရိက္ခာဖူလုံရေးနဲ့ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာတစ်ရပ်ကို နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒီပူးပေါင်း ဆောင်ရွက်မှုနဲ့ပတ်သက်ပြီး သံအမတ်ကြီးအနေနဲ့ ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ဒီပူးပေါင်းဆောင်ရွက်မှုက စားနပ်ရိက္ခာဖူလုံရေးအတွက် ဘယ်လိုကိုင်တွယ် ဖြေရှင်းမလဲဆိုတဲ့ အကြံဉာဏ်တွေ ဖလှယ်ကြတာပဲဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ စားနပ်ရိက္ခာဖူလုံရေးနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေရှိခဲ့သလို ဒါနဲ့ ပတ်သက်ပြီးလည်း သင်ခန်းစာတွေ အများကြီးရရှိခဲ့ပါတယ်။ ဒီမိုကရေစီသမ္မတနိုင်ငံတော်သစ်တစ်ခု တည်ဆောက်နေတဲ့ မြန်မာနိုင်ငံကို ကျွန်တော်တို့ နိုင်ငံမှာ တွေ့ကြုံခဲ့ရတဲ့ အတိတ်ကာလက အမှားတွေ၊ အတိတ်ကအတွေ့အကြုံတွေကို သင်ခန်းစာယူနိုင်ဖို့ မျှဝေပေးနိုင်ပါလိမ့်မယ်။

စားနပ်ရိက္ခာဖူလုံရေးနဲ့ပတ်သက်ပြီး အကြံဉာဏ်တွေ ဖလှယ်ရာမှာ နည်းလမ်းနှစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံကနေ လေ့လာသင်ယူနိုင်တာနဲ့ ဖိလစ်ပိုင်နိုင်ငံကနေ လေ့လာသင်ယူနိုင်တာ အပြန်အလှန်သဘောမျိုးဖြစ်ပါလိမ့်မယ်။

**မေး။ ။ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းပေါ်မှာတည်ရှိတဲ့ မာရာဝီမြို့တော်ရဲ့ လက်နက်ကိုင်ပဋိပက္ခအကြောင်းတွေလည်း ကြားသိနေရပါတယ်။ အဲဒီပဋိပက္ခဖြစ်ပွားမှု အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။မာရာဝီမြို့တော်ကဖြစ်ရပ်နဲ့ မင်ဒါနာအိုလက်နက်ကိုင်ပဋိပက္ခကို ကျွန်တော်တို့ ခွဲခြားပြီး မြင်စေလိုပါတယ်။ မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး (MNLF) နဲ့ MNLF ကနေ နာမည်တွင်လာတဲ့ မိုရိုအစ္စလာမ့်စ် လွတ်မြောက်ရေးတပ်ဦး (MILF) တွေလိုအဖွဲ့တွေက ဘန်ဆာ မိုရိုအစ္စလာမ့်စ်လွတ်မြောက်ရေးတိုက်ခိုက်ရေးသမားတွေ တစ်နည်းအားဖြင့် BIFF တွေ ဖြစ်လာခဲ့ပါတယ်။ အဲဒီအဖွဲ့အများစုဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ လူမှုရေးအခြေအနေ မညီမျှမှုတွေဖြစ်ပေါ်ခဲ့ရာမှ စတင်ခဲ့တာဖြစ်ပါတယ်။ ပုန်ကန်ရတဲ့ အဓိက အကြောင်းရင်းအမှန်ကတော့ မျှတမှုမရှိလို့ဘဲ ဖြစ်ပါတယ်။ ဒါကြောင့် ဖိလစ်ပိုင်အစိုးရအနေနဲ့ တရားရေးစနစ်ကို အမှန်တကယ် တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ခဲ့ပါတယ်။ နိုင်ငံရေးဆိုင်ရာမျှတမှုမရှိရင် အုပ်ချုပ်ရေးမှာ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု မရှိနိုင်ပါဘူး။ ဒါကြောင့် ဒီပြဿနာတွေ အားလုံးကို အခုချိန်မှာ ဖြေရှင်းနေရခြင်းဖြစ်ပါတယ်။

မကြာသေးခင်က ဖြစ်ပွားခဲ့တဲ့ မာရာဝီဖြစ်ရပ်ဟာလည်း အစွန်းရောက်တွေကြောင့် ဖြစ်ခဲ့ရတာပါ။ ဆီးရီးယား၊ အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတွေက တင်းကျပ်တဲ့ ဘာသာရေး အယူဝါဒီ တပ်ဖွဲ့တွေနဲ့ ဆက်သွယ်ဖို့ကြိုးစားခဲ့တဲ့ ဖိလစ်ပိုင်လူမျိုးအချို့ကြောင့် ဒီဖြစ်စဉ် ဖြစ်ပွားခဲ့ရတာဖြစ်ပါတယ်။ အာဖဂန်နစ္စတန်နဲ့ ရုရှားတို့အကြား ဖြစ်ပွားခဲ့တဲ့စစ်ပွဲမှာ ပါဝင်ခဲ့တဲ့ မူဆလင်အများစုဟာ စစ်ပွဲပြီးဆုံးသွားတဲ့အချိန်မှာ ဘော့စနီးယားနဲ့ ဟာဇီဂိုးဗီးနားကို သွားရောက်ကြပြီး နောက်စစ်ပွဲတွေကို တိုက်ခိုက်ခဲ့ကြပါတယ်။ အဲဒီ စစ်ပွဲအပြီးမှာတော့ သူတို့ဟာ ဖိလစ်ပိုင်နိုင်ငံကို ပြန်လာကြပြီး အခုချိန်မှာတော့ ဒီလိုအဖွဲ့ကို တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

ဘာသာရေးနဲ့ပတ်သက်ရင် ဖိလစ်ပိုင်အင်စတီကျူးရှင်းတွေဟာ နိုင်ငံအတွင်းမှာ ရှိနေတဲ့ ဘယ်ဘာသာကိုမဆို ဘာသာရေးလွတ်လပ်ခွင့်ပေးပါတယ်။ အဲဒီပြဿနာတွေကို တစ်နည်းအားဖြင့် အစွန်းရောက်တွေကို အမှန်တကယ်မလိုလားတဲ့ အခြားမူဆလင်နိုင်ငံတွေရဲ့ အကူအညီတွေ ရယူပြီးလည်း ဖြေရှင်းနေပါတယ်။

မာရာဝီဖြစ်စဉ်ဟာ ဖိလစ်ပိုင်နိုင်ငံမှာရှိတဲ့ အိုင်အက်စ်အဖွဲ့နဲ့ ဆက်စပ်မှုရှိတဲ့ အဖွဲ့တစ်ဖွဲ့ရဲ့ ပထမဆုံးအကြိမ် တိုက်ခိုက်မှုဖြစ်ပါတယ်။ ဖိလစ်ပိုင်အစိုးရအနေနဲ့ ယခုအချိန်မှာ အဲဒီအဖွဲ့ကို ဖြိုခွဲဖို့ စိတ်အလွန်ထက်သန်နေပါတယ်။ ဘာသာရေးယုံကြည်ချက်နဲ့ အဲဒီလိုလုပ်ဆောင်ချက်တွေဟာ နိုင်ငံတစ်နိုင်ငံကိုခွဲဝေယူနေသလို ဒေသတွင်းမှာလည်း ဆင်းရဲမွဲတေမှုကို ဖြစ်စေပါတယ်။ ဒီဖြစ်ရပ်တွေမှာ အမှန်တကယ်ပါဝင်ခြင်းမရှိတဲ့ အရပ်သားတွေအတွက် ဒုက္ခရောက်စေပါတယ်။ ဖိလစ်ပိုင်သမ္မတကြီးအနေနဲ့ ဒီအကျပ်အတည်းကို အဆုံးသတ်နိုင်ဖို့ အထူးအလေးထားပြီး လုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။

**မေး။ ။ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေအပေါ်မှာ စိန်ခေါ်မှုတွေ ဘယ်လိုရှိနေပါသလဲ။ အလားအလာတွေကရော ဘာတွေဖြစ်မလဲ။**

ဖြေ။ ။အလွန် အလားအလာကောင်းတယ်လို့ ပြောနိုင်ပါတယ်။ ကျွန်တော့်အတွေ့အကြုံအရ တစ်ကြိမ်လောက်စားပွဲဝိုင်းမှာ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောနိုင်ရင် အခြားစိန်ခေါ်မှုတွေကို ဘယ်နည်းနဲ့ ဖြေရှင်းနိုင်မလဲဆိုတဲ့ နည်းလမ်းတွေ ရှာတွေ့မှာဖြစ်ပါတယ်။ မိုရိုအစ္စလာမ့်စ် လွတ်မြောက်ရေးတပ်ဦး (MILF) နဲ့ မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး (MNLF) တို့အနေနဲ့လည်း မာရာဝီဖြစ်စဉ်မှာ အစိုးရကို ကူညီနှိမ်နင်းပေးမယ့် ရည်ရွယ်ချက်တွေ ရှိတယ်လို့သိရပါတယ်။ အဲဒီမျှော်လင့်ချက်တွေဟာ အလွန်ကိုပဲ မြင့်မားနေပါတယ်။ အဲဒီအခက်အခဲတွေကို ကျော်လွှားနိုင်မယ်လို့လည်း ကျွန်တော်ယူဆထားသလို စိန်ခေါ်မှုအနည်းငယ်လည်းရှိနိုင်ပါတယ်။ အဓိကစိန်ခေါ်မှုအချို့ကတော့ အစိုးရခေါင်းဆောင်ပိုင်းက ခြောက်နှစ်တစ်ကြိမ် အပြောင်းအလဲ ဖြစ်လေ့ရှိတာကြောင့် အစိုးရဲ့ ရည်မှန်းချက်တွေဟာ ယေဘုယျအားဖြင့် အချိတ် အဆက်မမိဘဲ ဖြစ်နေပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့အစိုးရသုံးဆက်အတွင်းမှာတော့ ရည်မှန်းချက်က သိပ်ပြီးတော့ အပြောင်းအလဲ မရှိခဲ့ပါဘူး။ အပြောင်းအလဲမရှိဘူးဆိုတာကို အာမခံနိုင်တဲ့ အဆင့်ရောက်ရင် ပြည်သူတွေ မျှော်လင့်ထားတာထက် ပိုမြန်တဲ့အချိန်တိုအတွင်းမှာ ပြဿနာတွေကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။



**မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး Mr. Eduardo Kapunan** (ဓာတ်ပုံ-ဖိုးခွား)

**မေး။ ။ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှာ ဖြစ်ပွားနေတဲ့ ဖြစ်ရပ်တွေကြောင့် တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှု၊ လူမှုစီးပွားဆိုင်ရာ ဆိုးကျိုးတွေ၊ အကျိုးသက်ရောက်မှုတွေကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။တချို့နေရာတွေမှာ တရားဥပဒေစိုးမိုးမှု လုံးဝမရှိဘူးလို့ ပြောဆိုနေကြတာကို ကျွန်တော့်အနေနဲ့ လက်မခံပါဘူး။ တကယ်လို့ တရားဥပဒေစိုးမိုးမှုမရှိဘူးဆိုရင် သူပုန်တွေက သူတို့ နေချင်သလို နေလို့ရမှာပေါ့။ အဲဒီလို တရားဥပဒေစိုးမိုးမှုရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာတော့ စိန်ခေါ်မှုတွေရှိနေပါတယ်။

ပဋိပက္ခဖြစ်တဲ့နေရာတွေမှာတော့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုတွေ ရှိနေပါတယ်။ ဥပမာအနေနဲ့ မင်ဒါနာအိုလို ပဋိပက္ခဖြစ်နေတဲ့ ဒေသတွေကိုပဲ ကြည့်ပါ။ ဖွံ့ဖြိုးတိုးတက်ပြီး မင်ဒါနာအိုနဲ့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့ မင်ဒါနာအိုဆိုပြီး အခြေခံအားဖြင့် နှစ်ပိုင်းခွဲ မြင်နိုင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်တဲ့ မင်ဒါနာအိုမှာ ဒေသန္တရအုပ်ချုပ်ရေးက ခိုင်မာအားကောင်းတဲ့အတွက် အခွင့်အလမ်းတွေ ပြည့်နှက်နေပါတယ်။ ပြည်သူတွေအနေနဲ့ ကောင်းမွန်တဲ့အနာဂတ်တစ်ရပ်ကို အမှန်တကယ် ဆက်လက်လုပ်ဆောင်နိုင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ မင်ဒါနာအိုမှာတော့ ကောင်းမွန်တဲ့ ပညာရေးစနစ် မရှိပါဘူး။ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုတွေမှာလည်း သံသယတွေ ဖြစ်နေကြပါတယ်။ ဒေသန္တရအစိုးရ အာဏာပိုင်တွေအနေနဲ့ အဓိကသက်ဆိုင်နေပါတယ်။

ဗဟိုအစိုးရက သတ်မှတ်ထားတဲ့ရည်မှန်းချက်ကို အဲဒီဒေသမှာ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ဖို့ စိန်ခေါ်မှုတွေရှိနေပါတယ်။ ဒီပြဿနာနဲ့ ပတ်သက်ပြီး ပုဂ္ဂိုလ်ရေးအရ အပြစ်တင်ရမယ်ဆိုရင် ကျွန်တော့်အနေနဲ့ အဲဒီဒေသက ဒေသန္တရအစိုးရအဖွဲ့မှာရှိတဲ့ တာဝန်ရှိသူတွေကို ပထမဆုံး အပြစ်တင်ရမှာဖြစ်ပါတယ်။ ဒေသန္တရအစိုးရမှ တာဝန်ရှိသူတွေဟာ ဗဟိုအစိုးရရဲ့ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဆောင်ရာမှာ ဆင်းရဲမွဲတေမှုနဲ့ မမျှတမှုတွေရဲ့ ဝန်ထုပ်ဝန်ပိုးတွေကိုလည်း ထမ်းပိုးနေရသူတွေ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး သူတို့အနေနဲ့ တစ်စုံတစ်ခုကိုတော့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။

**မေး။ ။မင်ဒါနာအိုဖြစ်စဉ်နဲ့ယှဉ်ပြီး မြန်မာနိုင်ငံရဲ့ ရခိုင်ပြည်နယ်မှာ အကြမ်းဖက်ဝါဒဖြစ်ပွားခဲ့မှုအပေါ် သံအမတ်ကြီးရဲ့အမြင်ကို သိပါရစေ။**

ဖြေ။ ။ဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ကျွန်တော်အရဲစွန့်ပြီး မပြောချင်ပါဘူး။ မပြောလိုတဲ့ အကြောင်းတစ်ချက်ကတော့ အခြေအနေတွေက မတူညီပါဘူး။ ယဉ်ကျေးမှုရှုထောင့်တွေကလည်း မတူညီသလို ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကလည်း အမှန်တကယ်ကို မတူညီနိုင်ပါဘူး။ မင်ဒါနာအိုဖြစ်စဉ်နဲ့ ရခိုင်ကိစ္စ နှစ်ခုစလုံးဟာ မတူညီတဲ့အတွက် ကျွန်တော် မနှိုင်းယှဉ်လိုပါဘူး။ ကျွန်တော်ပြောနိုင်တာတစ်ခုကတော့ ဒါဟာ ဒေသန္တရ အုပ်ချုပ်ရေးကိစ္စလို့ ကျွန်တော်ခံယူထားပါတယ်။

**မေး။ ။သံအမတ်ကြီးပြောခဲ့သလို ရခိုင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ ပြဿနာတွေအပေါ် ဘယ်လိုဖြေရှင်းနိုင်မယ်လို့ မြင်ပါသလဲ။**

ဖြေ။ ။ဒေသန္တရအစိုးရအနေနဲ့ ပထမဦးစားပေး ဖြေရှင်းသင့်တဲ့ပြဿနာလို့ မြင်ပါတယ်။

**မေး။ ။အာဆီယံဥက္ကဋ္ဌရာထူးအတွက် ဖိလစ်ပိုင်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ အပြည့်အဝပူးပေါင်းဆောင်ရွက်နေပါတယ်။ ယခုနှစ် ဩဂုတ်လအတွင်းမှာ အာဆီယံနှစ်(၅၀) ပြည့်နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပတော့မှာ ဖြစ်တဲ့အတွက် အာဆီယံနဲ့ပတ်သက်ပြီး သံအမတ်ကြီးရဲ့ လှုံ့ဆော်အားပေးမှုက ဘာဖြစ်မလဲ။**

ဖြေ။ ။ကျွန်တော့်ရဲ့ဆန္ဒကတော့ အာဆီယံသည် ပိုမိုအင်အားကြီးမားလာပြီး အာဆီယံအဖွဲ့နဲ့ အခြားကမ္ဘာ့နိုင်ငံတွေအကြား ဆက်ဆံရေးကို ပိုမိုယုံကြည်မှု ရှိလာစေချင်ပါတယ်။ အခြားနိုင်ငံတွေဟာ သူတို့ရဲ့အကျိုးစီးပွားနဲ့ပတ်သက်ရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့နည်းလမ်းနဲ့ ပြုမူဆောင်ရွက်တတ်ကြပါတယ်။ ကျွန်တော့်ရဲ့ပုဂ္ဂိုလ်ရေးယုံကြည်မှုကတော့ အာဆီယံအဖွဲ့ဟာ ညီရင်းအစ်ကိုမောင်ရင်းနှမတွေ လိုပါပဲ။ အစ်ကို၊ အစ်မတွေ ဆိုးတာတွေပဲ လုပ်နေပါစေ သူတို့ကို ဥပေက္ခာမပြုနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်အူထုံ့ဆင်း မောင်နှမတွေဖြစ်နေလို့ပါ။ အဲဒီလိုဆက်ဆံရေး ရှိနေတာကို ဖျက်လိုဖျက်ဆီးဖြစ်စေတဲ့ ကောလာဟလတွေကလည်း ပိုများလာနေပါတယ်။ ကျွန်တော်တို့အနေနဲ့ အာဆီယံအဖွဲ့ဝင် ဖြစ်ရတာ ဂုဏ်ယူပါတယ်။

အာဆီယံအဖွဲ့အတွက် ကျွန်တော်ရဲ့မျှော်မှန်းချက်ကတော့ ပိုမိုကောင်းမွန်သော ဆက်ဆံရေးရှိတဲ့၊ ပိုမိုထက်မြက်သောခေါင်းဆောင်မှုရှိတဲ့၊ အခြားကမ္ဘာ့နိုင်ငံတွေနဲ့ ပိုမိုယုံကြည်မှုရှိသောဆက်ဆံရေးတစ်ရပ်ရှိနေတဲ့ အာဆီယံအဖွဲ့ကြီး ဖြစ်စေလိုပါတယ်။

**မေး။ ။မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် သံအမတ်ကြီးရဲ့ထင်မြင်ချက်ကိုလည်း သိပါရစေ။**

ဖြေ။ ။မြန်မာနိုင်ငံရဲ့ ဒီလုပ်ငန်းစဉ်အပေါ် ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်မှာ ရှည်လျားတဲ့ခရီးတစ်ခုကို လျှောက်လှမ်းခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ လုပ်ဆောင်စရာတွေ များစွာကျန်ရှိနေပါသေးတယ်။ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျွန်တော်စောင့်ကြည့်ခဲ့ပြီး နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဆောင်ရွက်မှုတွေအပေါ် ကျွန်တော် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုလည်း ပြောခဲ့ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်ရာမှာ ပန်းခင်းလမ်းကိုမလျှောက်ရဘဲ ဆူးခင်းလမ်းကို လျှောက်နေရတယ်ဆိုတာ ကျွန်တော်နားလည်သဘောပေါက်ပါတယ်။ ဒီငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို လုပ်ဆောင်ရာမှာ နိုင်ငံအတွင်းမှာ ငြိမ်းချမ်းရေးမြင်တွေ့ရမယ်ဆိုတဲ့ တိကျခိုင်မြဲတဲ့စိတ် ပိုင်းဖြတ်ထားမှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုက ပြိုင်တူလုပ်ဆောင်ရမယ့် အရာနှစ်ခု ဖြစ်ပါတယ်။ အဲဒီနှစ်ခုထဲက တစ်ခုတည်းနဲ့ နိုင်ငံကို တိုးတက်အောင် မလုပ်ဆောင်နိုင်ပါဘူး။ နိုင်ငံတိုးတက်အောင် နှစ်ခုစလုံးနဲ့သာ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်ရာမှာ အစိုးရ၊ တပ်မတော်သားတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေ၊ အရပ်သားပြည်သူတွေရဲ့ စွန့်လွှတ် အနစ်နာခံမှုတွေ အများကြီး လိုအပ်တယ်လို့ပြောလိုပါတယ်။

ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုက ပြိုင်တူလုပ်ဆောင်ရမယ့် အရာနှစ်ခု ဖြစ်ပါတယ်။ အဲဒီနှစ်ခုထဲက တစ်ခုတည်းနဲ့ နိုင်ငံကို တိုးတက်အောင် မလုပ်ဆောင်နိုင်ပါဘူး။ နိုင်ငံတိုးတက်အောင် နှစ်ခုစလုံးနဲ့သာ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်ရာမှာ အစိုးရ၊ တပ်မတော်သားတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေ၊ အရပ်သား ပြည်သူတွေရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေ အများကြီး လိုအပ်တယ်လို့ ပြောလိုပါတယ်။

## နှစ် (၇၀) ပြည့် အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

# ထာဝရရှင်သန်နေသော မျိုးချစ်အာဇာနည် ဗိုလ်ချုပ်အောင်ဆန်း



**ခင်လေးသက်**

တောင်ဘက်တွင် မိုးများရွာနေသည်။ ရသေ့တောင် ဗိုလ်သီတောရ ကုဏ္ဍလာရာမကျောင်းတိုက်ရှိ ဓမ္မာရုံမှ ဟို အနောက်မြောက်ယွန်းယွန်းသို့ လှမ်းမျှော်ကြည့်လိုက်လျှင် ဖွေးဖွေးလှုပ်နေသော ရေပြင်ကျယ်ကျယ်ကြီးဖြင့် မဒေးဆည်ကို အပေါ်စီးမှ အထင်းသားမြင်နေရပေသည်။

ဆည်၏အထက် ရေများနေရာတွင် သရက်ချောင်းရွာမ၊ ယခုရေမြုပ်နယ်မြေမို့ ရွာပြောင်းရွှေ့ထားရသည်ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်း၏ တော်လှန်ရေးစစ်စခန်းဌာနချုပ် တိုင်းအမှတ်(၇) နေရာမှ အမှတ်တရကျောက်တိုင်သည်လည်း ရေထဲသို့ရောက်နေခဲ့ပြီ။ ထိုရေဖျားစပ်တွင် ကျွန်းပင်ကြီးများဖြင့် စိမ်းညို့သော တောအုပ်ကြီး၊ စပ်လျက်ရှိသော တောအုပ်၏အထက်ဘက်တွင် ဆင်နှာမောင်းသဖွယ် တောင်စွယ်တန်း၊ ထို၏တစ်ဆင့်အမြင့်ဘက်တွင်ကား ဝေ့ကာဝိုက်ကာကွေ့ကောက်ကာနှင့် ဝက်ပါနှယ်ရှုမငြီးဖွယ်တောင်စဉ်တောကွေ့များ။ ထိုဝက်ပါတောင်စဉ်ကွေ့များ၏အပေါ် အထွတ်များတွင်တော့ နှင်းငွေ့လိုလို၊ မိုးလိုလိုနှင့် တောင်ခိုးတွေနှင့်မြူတွေနှင့် လှပသော လွမ်းမောဖွယ်သော ရှုခင်းရှုကွက်များ။

"တောင်ခိုးကဝေ၊ မြူခြေကဆိုင်း ၊ မှိုင်းပျပျတောင်ဝက်ပါတွေနဲ့၊ သည်နေရာသည်ဌာန၊ တော်လှန်ရေးတိုင်းစစ်ဗဟိုချက်မရယ်လို့၊ တို့ချစ်တဲ့ တို့ဗိုလ်ချုပ်ရယ် ရွေးတတ်လိုက်လေခြင်း" နှုတ်မှ ရမိရရာရွတ်ဆိုနေမိသည်။

အခါရာသီကား မိုးဖြိုင်ဖြိုင်ကျခဲ့ပြီ။ ဗုဒ္ဓသံဃာတော်များပင် ဝါဆိုဝါကပ်ခဲ့ကြပြီ။ ထိုအချိန်ထိုအခါရောက်ပြီဆိုမှဖြင့် မြန်မာနိုင်ငံအတွက်ကား ဘယ်သောအခါမျှ မမေ့နိုင်သော "၁၉" ဇူလိုင်သို့ ရောက်ခဲ့ရသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားတို့အတွက် ကြေကွဲဝမ်းနည်းမဆုံး အပူလုံးများဖုံးခဲ့ရသည့်လ။ ဖြေမဆည်နိုင်မိုးနှင့်အပြိုင် မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည့်လ။ နေကွယ်လကွယ် ပျက်သုဉ်းသွားသည့် ကမ္ဘာကြီးနှယ်။ အမိမဲ့သားရေနည်းငါးသဖွယ် အားကိုးရာမဲ့ အသည်းနှလုံးတွေ ပျက်ကြေပြုန်းလို့ တစ်ပြည်လုံး ချုံးပွဲချငိုခဲ့ရသည့်လ။ ဗိုလ်ချုပ်အမှူးထားလျက် ရေတိမ်မှာနစ်ခဲ့ရသည့် အာဇာနည်ကြီးများအကြောင်း ရေးမဆုံးနိုင်ကြ။ အာဇာနည်နေ့အကြောင်း လွမ်းချင်းတွေ၊ တမ်းချင်းတွေ ရေးမကုန်နိုင်ကြ။

**ကျွန်ုပ်တို့၏ ရာဇဝင်အဖြစ်အပျက် ကျွန်ုပ်တို့၏လူမျိုးအတွက် သတ္တိဗျတ္တိနှင့် အံ့မခန်း သက်စွန့်ကြိုးပမ်း အမှုထမ်းခဲ့ကြသည့် မရေတွက်နိုင်သော သွားလေသူ မျိုးချစ်ပုဂ္ဂိုလ် အပေါင်းတို့နှင့်တကွ ထိုပုဂ္ဂိုလ်တို့ပေးအပ်ခဲ့သည့် အမွေအနှစ်တည်းဟူသော အာဇာနည်စိတ် စသည်တို့ကို ကျွန်ုပ်တို့ ယခုအချိန်အခါ၌ သတိရကြပေလိမ့်မည်။ ထိုသို့သတိရကြသည့် အားလျော်စွာ ထိုထိုသောအာဇာနည်ပုဂ္ဂိုလ် အပေါင်းတို့အား ကျွန်ုပ်တို့သည် အရိုအသေပြုပြီးလျှင် ထိုထိုသော အာဇာနည်ပုဂ္ဂိုလ်တို့၏ အဆင့်အတန်းကိုမီအောင် အားထုတ် လုံးပန်းမည်။**

"ဗိုလ်ချုပ်တို့ ကျဆုံးသွားပြီးသည့်အချိန်မှစ၍ စာရေးသူတို့အိမ်တွင် မိရိုးဖလာ အစဉ်အလာတစ်ခုပမာလိုမျိုး ကျဆုံးသွားသော အာဇာနည်ကြီးများအတွက် ရည်စူးရည်မှန်းကာ နှစ်စဉ် ထိုနေ့ရောက်တိုင်း ကုသိုလ်ကောင်းမှုတစ်ခုခုပြုလုပ်ပြီး ဆုတောင်းမေတ္တာတွေပို့ အမျှအတမ်းတွေဝေ (နိုင်ငံနှင့်အဝှမ်း၌ အချို့အချို့သော အိမ်များတွင်လည်း ထိုနည်းတူရှိလိမ့်မည်။)လုပ်ခဲ့သည်က ယနေ့ထိတိုင်ပါပဲလေ။

သည်ကနေ့အထိ ထွက်လာသမျှ နိုင်ငံ့ခေါင်းဆောင် လွတ်လပ်ရေးဗိသုကာ အာဇာနည်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်အားလုံး လက်လှမ်းမီသမျှ အားလုံးဖတ်၍ မှတ်၍ မဝနိုင်ခဲ့။ မရိုးနိုင်ခဲ့ပေ။

ဗိုလ်ချုပ်အကြောင်း များများဖတ်လေ များများသိလေ။ များများကြည်ညိုမဆုံး၊ လေးစား အလေးအနက်ထားမဆုံး၊ အံ့ဖွယ်မဆုံးဖြစ်ရလေ။

ဗိုလ်ချုပ်မိန့်ခွန်းများဆိုလျှင် ဖတ်လေဖတ်လေ ကြက်သီးမွေးညင်းထ အမယ်လေးတရလောက်သည်အထိ (စာရေးသူစိတ်ထဲဖြစ်မိသည့်အတိုင်း ပြောပါရစေ) တော်လှချည်လား၊ တတ်လှချည်လား၊ အဘယ်ခေတ်အဘယ်ခါတွင်မှ အသုံးမတည့်တော့ဘူးရယ်လို့ မရှိနိုင်သည့် စကားလုံးတွေ၊ အတွေးအခေါ်မျိုးတွေပါကလား။ နိုင်ငံသူနိုင်ငံသားအပေါင်း လိုက်နာကျင့်သုံးသတိချပ်မှတ်နေရမည့် အမြော်အမြင်ကြီးလွန်းသည့် မိန့်ခွန်းတွေပါကလားရယ်လို့ ခံစားပြီးရင်း ခံစားနေမိရတော့သည်။

ထိုအခါနောင်တစ်ခေတ် နိုင်ငံကိုလက်ဆင့်ကမ်းရမည့် လူငယ်များအား ပို၍သတိရလာမိတော့သည်။ နောက်ပြီး တေးသွားတစ်ခုကိုလည်း သတိရလာမိပါသည်။ "ငါတို့မြန်မာပြည် မိဘတိုင်းကရယ် ဗိုလ်အောင်ဆန်းလိုသူရဲကောင်းတွေမွေးကြရမယ်" ဗိုလ်ချုပ်အကြောင်း ဗိုလ်ချုပ်၏စကားလုံးတွေ ရေးပြရမည်ဆိုလျှင် ကုန်နိုင်ဖွယ်မထင်ပါ။

ဗိုလ်သိမ်းဆွေ၏ အညွှန်းတစ်ခုမှာ ဤသို့ဆိုပါသည်။

"ဗိုလ်ချုပ်အောင်ဆန်းအား ထာဝစဉ်လေးစားလျက် ဂုဏ်ပြုကျေးဇူးဆပ်သောအားဖြင့် ရာဇဝင်သမိုင်းတွင် စာတင်စိမ့်သောငှာလည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော တစ်မျိုးသားလုံး၏ခေါင်းဆောင် အာဇာနည်သူရဲကောင်း ပေါ်ပေါက်လာစေခြင်းအကျိုးငှာလည်းကောင်း၊ ပြည်သူလူထုနှင့် အထူးသဖြင့်လူငယ်များသို့ ရည်ညွှန်း၍ ရေးသားထုတ်ဝေလိုက်ရပါကြောင်း" ထိုကဲ့သို့ပင် ရည်ညွှန်းမှု တိုက်တွန်းမှု ပြုပါရစေ။ စာပေရေးသားသူများကလည်း ဗိုလ်ချုပ်အကြောင်း များများရေးသားဖော်ပြကြရမည်ဖြစ်သလို ဖတ်မှတ်သူများ၊ အထူးသဖြင့်လူငယ်များကလည်း ဗိုလ်ချုပ်အကြောင်း များများဖတ်ကြမှတ်ကြပါဟူ၍။ သိပြီးကြသည့်အတိုင်း နိုင်ငံ့အချစ်တော် စာရေးသူတို့၏ ဗိုလ်ချုပ်မှာ သူနေသွားရသည့်သက်တမ်းကတိုတိုလေးပါ။ သို့ပေမယ့် သူလုပ်သွားခဲ့သည့် အလုပ်များကား အံ့မခန်းနိုင်။ ကိုယ်ကျိုးမဖက်သည့်၊ နိုင်ငံနှင့် လူမျိုးအတွက်။ ကျွန်တွင်းနစ်၊ သူတစ်ပါးအဖိအနှိပ်ခံထားရသည့် နိုင်ငံနှင့် လူမျိုးအားလုံး လွတ်လပ်သော အချုပ်အခြာအာဏာရရှိဖို့အတွက်။ အသက်ကိုပင် ပဓာနမထား၊ လူထုရှေ့က မားမားရပ်နိုင်စွမ်းသည့် အာဇာနည်သူရဲကောင်းကြီး မဟုတ်ပါလား။ တစ်မျိုးသားလုံးကို ရှေ့ဆောင်လမ်းပြနိုင်သော၊ သူ့မေတ္တာ သစ္စာအပြည့်ပေး၍ လူထု၏ ယုံကြည်ချစ်ခင်မှုကိုရရှိအောင် စွမ်းဆောင်နိုင်သော။ သူ့ကျွန်ဘဝလွတ်လပ်ကြဖို့သာမက တိုင်းသူပြည်သားသာယာဝပြောဖို့၊ လူမှုဖွံ့ဖြိုးတိုးတက်ဖို့၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ဖို့အတွက် သူများခြေတစ်လှမ်းဆိုကိုယ်က လေး၊ ငါး၊ ဆယ်လှမ်း လှမ်းမှ တော်ကာကျမည်ဟု လမ်းပြဆော်ဩရန် မမေ့လျော့သည့် သတိရှိခဲ့သော၊ ရှေးမင်းအဆက်ဆက်လုပ်ထုံးလုပ်နည်းများကို ပစ်ပယ်မထားခဲ့သော၊ ဘာသာရေးနှင့် နိုင်ငံရေးကို ခွဲခြားဆောင်ရွက်ပြီး နှစ်ဖက်လုံးအောင်မြင်အောင် စွမ်းဆောင်ခဲ့သည့် မင်းမြတ်အနော်ရထာအကြောင်းကို အမှတ်ထင်ထင်ထားရှိခဲ့သော၊ ဘာသာ၊ သာသနာအတွက် အချက်မှန်ဖြင့် ဗုဒ္ဓသံဃာတော်များအား အရိုအသေအလေးအမြတ် တင်ပြလျှောက်ထားရန်ကိုလည်း အသိ သတိကြီးကြီးဖြင့် ဆောင်ရွက်နိုင်ခဲ့သော လူထုဗိသုကာပညာရှင်ကြီး၊ နိုင်ငံ့ရှေ့ဆောင် လမ်းပြဖခင်ကြီးပင် မဟုတ်ပါလား။

"ဗိုလ်ချုပ်အောင်ဆန်း၏ နှလုံးရည်ကို မချီးကျူးဘဲမနေနိုင်"ဟု(မောရစ်ကောလစ်)က ဆိုခဲ့သည်။ "အောင်ဆန်းသည် ငွေလည်းမမက်၊ အာဏာလည်းမမက်၊ တစ်ကိုယ်ကောင်းလည်းမကြံ၊ ဒါကိုကျုပ်တို့ဂျပန်တွေက လေးစားသည်"ဟု (ဗိုလ်ချုပ်အီဒါ-ဂျပန်စစ်သေနာပတိချုပ်)က ဆိုထားသည်။

ထို့အတူ (ဗိုလ်မိုးကြိုး-ကာနယ်ဆူဇူကီး)ကလည်း "အောင်ဆန်းသည် အကြွင်းမဲ့ရိုးသားသည်။ သူသည် သတ္တိဗျတ္တိလည်း ပြင်းထန်သည်။ ထို့ကြောင့် ငါတို့ဂျပန်များက သူ့ကိုလေးစားသည်"ဟု ဆိုခဲ့ပါသည်။

၁၉၄၅ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ပြန်ဝင်လာသော အင်္ဂလိပ်တပ်များသည် မူလက သူတို့လက်အောက်ခံမြန်မာနိုင်ငံကို ကျွန်အဖြစ် ဆက်လက်စိုးမိုးရန် စက္ကူဖြူစီမံကိန်းကို ဗိုလ်ချုပ်ဆလင်းက ဦးဆောင်သယ်လာသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ဆလင်းတို့ မိတ္ထီလာမြို့တွင် ၁၉၄၅ ခုနှစ် မေလ ၁၆ ရက်နေ့တွင် တွေ့ဆုံခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုနေ့က စစ်ဝတ်စုံအပြည့် သပ်ရပ်စွာဝတ်ဆင်ထားပြီး ဗိုလ်ချုပ်ဆလင်းကို အင်္ဂလိပ်လိုကျွမ်းကျင်စွာ ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံခြင်းနှင့်အတူ သူ့ဝသီအတိုင်း ပြောစရာရှိသော နိုင်ငံရေးကိစ္စများကို ပြတ်ပြတ်သားသား ပြောကြားခဲ့သည်။

"မိမိသည် မြန်မာနိုင်ငံတိုင်းရင်းသားတို့ကို ကိုယ်စားပြု၍ ဖွဲ့ထားသော ဖ. ဆ. ပ. လ မှ မြန်မာနိုင်ငံ ယာယီအစိုးရ၏ကိုယ်စားလှယ်ဖြစ်ကြောင်း၊ မိမိနှင့်တကွ မြန်မာ့တပ်မတော်သည် မြန်မာနိုင်ငံယာယီအစိုးရ၏ အမိန့်ကိုသာ နာခံရမည်။ မိမိကို ယခုဗိုလ်ချုပ်ဆလင်းတို့ကမဟာမိတ်တပ်များ၏ တပ်မှူးတစ်ဦးအနေဖြင့် တန်းတူရည်တူ ဆက်ဆံရမည်၊ မိမိတို့ကလည်း မဟာမိတ်တို့နှင့် ပူးပေါင်းဆောင်ရွက်မည်"ဟု ပြတ်သားစွာ ပြောကြားခဲ့သည်။

ဗိုလ်ချုပ်ဆလင်းက မြန်မာနိုင်ငံ ယာယီအစိုးရကိစ္စအပါအဝင် နိုင်ငံရေးကို မဆွေးနွေးလို။ ဗိုလ်ချုပ်အောင်ဆန်း၏ ပူးပေါင်းဆောင်ရွက်မှုကို လက်ခံသော်လည်း မြန်မာတို့၏ ယာယီအစိုးရကို လက်ခံခြင်းမဟုတ်ဟု ပြောသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဆလင်း၏ပြောကြားချက်အပေါ် စိတ်ပျက်သွားသည်။

မိမိကို မဟာမိတ်တပ်မှူးအနေဖြင့် တန်းတူညီတူ ဆက်ဆံရန် ဗိုလ်ချုပ်အောင်ဆန်းက ထပ်ပြောခြင်းနှင့်အတူ မိမိဟာ အင်္ဂလိပ်လူမျိုးကို အကြောင်းမဲ့မမုန်းကြောင်း။ မိမိတို့နိုင်ငံကို စိုးမိုးချုပ်ချယ်သည့် တိုင်းတစ်ပါးသားမှန်ရင်တော့ အင်္ဂလိပ်ရော ဂျပန်ပါမကျန် ဘယ်သူ့ကိုမျှ မကြိုက်ဘူးဟု ပြောကြားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ဆလင်းတို့ လက်ကျန်ဂျပန်ဖက်ဆစ်များ မြန်မာ့မြေပေါ်မှ ဆက်လက်တိုက်ထုတ်ရေး ဆွေးနွေးကြသည်။ ဆလင်းက မြန်မာ့တပ်မတော် ပြန်ဖွဲ့ရမည်ဟုဆိုသည်။ ဗိုလ်ချုပ်အောင်ဆန်းက လက်ရှိတပ်အတိုင်း ထားရမည်ဟုဆိုကာ သဘောထားမကိုက်ညီခဲ့ကြပေ။

သို့ပေမယ့် နောင်ဗိုလ်ချုပ်ဆလင်းက ဗိုလ်ချုပ်အောင်ဆန်းအပေါ် သူ၏အမြင်ကို ရှုံးနိမ့်မှုမှ အောင်မြင်ခြင်းဆီသို့ (Defeat into Victory) စာအုပ်တွင် ဤသို့ မှတ်ချက်ပြုဖော်ပြခဲ့သည်။

"ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်အထင်ကြီးသည်။ သူသည် စစ်ပြီးခေတ်မြန်မာနိုင်ငံတွင် ခေါင်းဆောင်တစ်နေရာမှန်းထားသော်လည်း ကောက်ကျစ်စဉ်းလဲသည့်နည်းဖြင့် ကြီးပွားလိုသည့် ပြောက်ကျားခေါင်းဆောင်အမျိုးကားမဟုတ်။ သူသည် တကယ့်မျိုးချစ်ပုဂ္ဂိုလ်အစစ်ဖြစ်သည်။ အရာရာ ချင့်ချင့်ချိန်ချိန် နှိုင်းနှိုင်းဆဆဖြင့် ဆောင်ရွက်တတ်သူ လက်တွေ့ကျသူဖြစ်သည်။ သူ့ကဲ့သို့ အရည်အချင်းနှစ်မျိုးပိုင်ဆိုင်သူ ရှားသည်။ သူသည်ကတိကို လွယ်လွယ်ကူကူပေးတတ်သူမဟုတ်ချေ။ စကားပြောလျှင်လည်း နှုတ်မလွန်ရန် ထိန်းပြောတတ်သူဖြစ်သည်။ သူ့ကို ကျွန်တော်အကြိုက်ဆုံးမှာ သူ၏ရိုးသားတည်ကြည်မှုပင်ဖြစ်သည်။ ထို့ကြောင့် သူနှင့်အလုပ်လုပ်၍ဖြစ်မည်ဟု ကျွန်တော်ယုံကြည်မိသည်။"

ထို့အတူ ဗိုလ်ချုပ်ဆလင်းက "မြန်မာပြည်လွတ်လပ်ရေးရခါနီးမှ တိုင်းပြည်ကိုဦးဆောင်ဖို့ အောင်ဆန်းလို ထူးခြားထက်မြက်တဲ့ ခေါင်းဆောင်တစ်ဦးရရှိခဲ့တာဟာ ဒီနိုင်ငံအတွက် အမှန်ကံကောင်းတယ်လို့ ကျုပ်ယူဆတယ်။ သူ့ရဲ့ရိုးသားဖြောင့်မတ်မှု၊ အမှန်တရားကိုရဲဝံ့ပွင့်လင်းစွာ ပြောဆိုတတ်မှုတွေကြောင့် ကျုပ်ဖြင့် သူ့ကို အမှန်သဘောကျမိခဲ့တယ်။ ဒါပေမဲ့ မြန်မာပြည်လွတ်လပ်ရေး ရလုဆဲဆဲ ၁၉၄၇ ခုနှစ်က အောင်ဆန်းလုပ်ကြံခံရပြီး ကျဆုံးတာဟာ မြန်မာပြည်အဖို့ အလွန်ကြီးစွာသော နစ်နာဆုံးရှုံးမှုကြီးပဲလို့ ကျုပ်အောက်မေ့တယ်" ဟု မှတ်ချက်ချခဲ့တယ်။

ဗိုလ်ချုပ်သည် တက္ကသိုလ်ကျောင်းသားဘဝမှာပင် အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာဖြင့် ဆောင်းပါးများရေးခဲ့သူ။ ကျောင်းသားသမဂ္ဂ မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်း၊ ဂန္ဓလောကမဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ မျိုးညွှန့်မဂ္ဂဇင်း၊ ရန်ကုန်ဂေဇက်သတင်းစာ၊ နယူးဘားမားသတင်းစာ၊ မန္တလေးသူရိယသတင်းစာတို့တွင် ဆောင်းပါးများ၊ နယူးဘားမားသတင်းစာ၏ အချိန်ပိုင်းအယ်ဒီတာအဖြစ် ဆောင်ရွက်စဉ် သတင်းစာခေါင်းကြီးပိုင်း(အယ်ဒီတာ့အာဘော်)ကို မြန်ဆန်သွက်လက်စွာ ထိုင်ရေးနိုင်ခဲ့သူ။ သူရေးခဲ့သော သတင်းစာခေါင်းကြီးပိုင်းများကား နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေးဆော်ဩသော အကြောင်းအရာများ၊ အစိုးရရပ်ကွက်၊ နိုင်ငံရေးရပ်ကွက်တို့က အလေးထားစောင့်ဖတ်ကြရသည့်စာများ။

အိုးဝေမဂ္ဂဇင်းအယ်ဒီတာအဖြစ် တာဝန်ယူစဉ် အင်္ဂလိပ်ဘာသာနှင့် ရေးသားသည့်စာမူအား တည်းဖြတ်ခြင်း၊ လိုအပ်လျှင် ပြင်ဆင်ပေးခြင်း၊ ထို့အပြင် အယ်ဒီတာအဖြစ် ကိုယ်တိုင်ရေးရသည့်ကဏ္ဍများတွင်လည်း အထူးပြောင်မြောက်ထိမိစွာ ရေးသားနိုင်ခဲ့၏။ ထို့ကြောင့် ဗိုလ်ချုပ်သည် တက္ကသိုလ်နယ်မြေ၌ အင်္ဂလိပ်စာကျွမ်းကျင်သူအဖြစ် ထင်ရှားလူသိများခဲ့သူဟုဆို၏။

ထိုအချိန်များမှာပင် ဗိုလ်ချုပ်သည် မြန်မာစာပေစင်ကြယ်ရေးအဖွဲ့ (၁၉၃၇) ခုနှစ်တွင် အမှုဆောင်အဖြစ်ပါဝင်ခဲ့သည်။ ယင်းမြန်မာစာ စင်ကြယ်ရေးအဖွဲ့၏ ရည်ရွယ်ချက်ကို ကြွေးကြော်သံစာစောင်၌ ဤကဲ့သို့ ဖော်ပြခဲ့သည်။

"ယခုခေတ်ကြီးသည် ကျွန်ခေတ်ကြီးဖြစ်သည့်အလျောက် ကျွန်လူမျိုးကိုးကွယ်သော သာသနာကြီးသည်လည်း ကျွန်သာသနာ၊ ကျွန်လူမျိုး(ကျွန်စိတ်ရှိသော) ရေးသောစာပေသည်လည်း ကျွန်စာပေများဖြစ်သည်ကို တွေးမိသော တက်လူတစ်စုတို့သည် အထက်၌ဖော်ပြခဲ့သော ပြန့်ပွားရေး၊ တိုးတက်ရေး၊ ကြီးပွားရေး အစရှိသော အမည်(ပညတ်)အတိုင်း ဤကဲ့သို့ ကျွန်ဖြစ်စေမည့် စာပေများကို ပြန့်ပွားတိုးတက်ကြီးပွားမည်ကို စိုးရိမ်မိကြသည့်အလျောက် လက်ရှိစာပေများကို စင်ကြယ်အောင် သန့်စင်၍ ပေါ်ဆဲ ပေါ်လတ္တံ့သော စာပေများကိုလည်း ကောင်းသောစာပေ (သခင်ဖြစ်စေသောစာပေ)များကိုသာ ပေါ်ပေါက်စေဖို့ ဆောင်ရွက်လုပ်ကိုင်ပေးမည်ဟူသော (မြန်မာစာပေစင်ကြယ်ရေးအဖွဲ့)ဟု အမည်ပညတ်၍ တည်ထောင်ဖွဲ့စည်းရခြင်းဖြစ်၏။"

ဗိုလ်ချုပ်၏ စိတ်အစဉ်တွင် မွန်မြတ်အဖိုးတန်လှသည့် အတွေးအခေါ်ကောင်းများ ထာဝရစီးဆင်းနေသည်ကို သိရှိနိုင်သော အဆိုအမိန့်များပင် မဟုတ်ပါလော။

စာမျက်နှာ ၇ သို့

# ဝိသေသများစွာနဲ့ အမျိုးသားခေါင်းဆောင်အဟုတ် တို့ဗိုလ်ချုပ်

❖ ကလေးဘဝ၊ ငယ်စဉ်ကပင်
ဗီဇရင့်မာ၊ ပူးတွဲပါ၍
လိမ်ညာစရိုက်၊ အကျင့်မိုက်ကို
မကြိုက် မချစ်
မနှစ်သက်ပါ၊ ရှက်စရာဟု
မာတာမိခင်၊ ကျေးဇူးရှင်လည်း
ဈေးတင်ကာတောင်း၊ ညာမရောင်းဖို့
စိတ်ကောင်းနှင့်ယှဉ်၊ အပြစ်တင်သည်
ချစ်ခင်စရာအဟုတ် တို့ဗိုလ်ချုပ်...။

❖ ငယ်ငယ်ရွယ်ရွယ်၊ နုနယ်ဖွံ့ဖြိုး
အကျင့်ရိုး၍၊ မျိုးစေ့လည်းမှန်
အပင်သန်စွာ၊ သွင်ဟန်နိုးကြား
သူကြိုးစား၍၊ ကျောင်းများဗဟို
တက္ကသိုလ်ရောက်၊ လူလားမြောက်လည်း
မဖောက်မပြန်၊ လျှောက်ပြန်သံပေး
ခြေအေးဝမ်းရောင်၊ သူမကြောင်ဘူး
အနေထူးလျက်၊ ပဲခူးဆောင်တွင်
အသွင်တစ်မျိုး၊ ညှဉ်းသိုးသိုးနှင့်
ရိုးရိုးသာကျင့်၊ မြင့်မြင့်သာကြံ
မှန်မှန်သာလုပ်၊ မှုန်ကုပ်ကုပ်ဖြင့်
အားထုတ်သမျှ၊ သမဂ္ဂဝယ်
ဘမျိုးဘိုးတူ၊ မျိုးချစ်မှုကြောင့်
ရယူမနေး၊ လွတ်လပ်ရေးတွက်
မြော်တွေးဖြည့်စွမ်း၊ သူကြိုးပမ်းသည်
ချီးမွမ်းစရာအဟုတ် တို့ဗိုလ်ချုပ်...။

❖ ကျောင်းသူပြည်သူ၊ ချစ်ကြည်ဖြူလျက်
ယူနီယံခေါ်ကြ၊ သမဂ္ဂ၌
အာဂလူငယ်၊ အသံကျယ်စွာ
မာန်ထည်ရဲဝံ့၊ မကြောက်ရွံ့ပေ
"ဒေါင်းအိုးဝေ"ဟု၊ စာပေလက်နက်
သူ့လက်ချက်ဖြင့်၊ တစ်စက်မငဲ့
အကွက်တည့်အောင်၊ နယ်ချဲ့ကိုဆော်
တပ်လှန့်အော်ပြီး၊ ရဲဘော်အပေါင်း
ကျောင်းသား ကျောင်းသူ၊ များရှင်လူဖြင့်
ညီတူမနေး၊ ပြည်သူ့အရေးကို
တလေးတစား၊ အရေးထားသည်
လေးစားစရာအဟုတ် တို့ဗိုလ်ချုပ်...။

❖ ကျောင်းသားအရေး၊ ခွင့်အရေးနှင့်
တိုင်းရေးပြည်ရေး၊ နိုင်ငံ့အရေးကို
အားပေးမဆုတ်၊ သည်အလုပ်ကြောင့်
ကျောင်းထုတ် အဆောင်ထုတ်၊ ဝရမ်းထုတ်ပြီး
ဖမ်းချုပ်ဖို့ကြံ၊ ဘုရင်ခံလည်း
ဘင်သံသာပေး၊ ပြန်ကာပြေးရ
ကျိုးဖလကြောင့်၊ နိုးထလို့လာ
တို့ဗမာအစည်းအရုံး၊ တစ်ပြည်လုံး၌
အုန်းအုန်းကျွက်ကျွက်၊ တစ်ခဲနက်ပင်
တွဲဖက်ကာယှဉ်၊ သူပါဝင်ပြီး
သခင်စွမ်းမြောက်၊ ကျွန်လမ်းဖောက်ဖို့
တောက်လျှောက်ညီသကို၊ အပီဆိုသည်
ကြည်ညိုစရာအဟုတ် တို့ဗိုလ်ချုပ်...။

❖ စကားစစ်ခင်း၊ နိုင်ငံတွင်းဝယ်
လိုရင်းမရောက်၊ ခရီးမပေါက်၍
စိုးကြောက်မဝပ်၊ ဦးမညွတ်ဘဲ
ရှပ်ရှပ်ချွံချွံ၊ နိုင်ငံ့ဝန်၌
ကျေပွန်စိတ်ကြံ၊ အဓိဋ္ဌာန်ကာ
ဟိုင်နန်ကျွန်းပေါ်၊ လက်တွဲခေါ်လျက်
ရဲဘော်သုံးကျိပ်၊ မျိုးချစ်စိတ်ဖြင့်
အံကြိတ်ရင်းသာ၊ စစ်ပညာကို
သင်ကာတတ်မြောက်၊ ချိန်ခါရောက်သော်
ထိုးဖောက်စုပေါင်း၊ စစ်လေးကြောင်းဖြင့်
ထောင်းထောင်းကြေမဟဲ့၊ နောင်ကြဉ်လှည့်ဟု
နယ်ချဲ့ကျားဆိုး၊ သူ့ဓားမိုးသည်
အားကိုးစရာအဟုတ် တို့ဗိုလ်ချုပ်...။

❖ နယ်ချဲ့ကိုနှင်၊ ဂျပန်ဝင်သော်
နောက်ရှင်မရိုး၊ ကျားထက်ဆိုး၍
အမျိုးဘာသာ၊ သာသနာဘေး
လွတ်လပ်ရေးတွက်၊
စိတ်အေးချမ်းသာ၊ မနေသာဘဲ
မဟာမိတ်ဖန်၊ ချိတ်ဆက်ရံကာ
ဂျပန်မောင်းထုတ်၊ တစ်ရန်ပြုတ်ခဲ့
ယုတ်လတ်မြတ်မရွေး၊ စည်းရုံးရေးရ
ဖဆပလနှင့်၊ အစိုးရပြည်သူ
ညီတူစုစည်း၊ သူဦးစီး၍
ကြီးမှူးလှုံ့ဆော်၊ လွတ်လမ်းဖော်စဉ်
လေ့လော့ရင်းတက်ကျိုး၊ ကြမ္မာဆိုးကြောင့်
အဖိုးအနဂ္ဃ၊ နှိုင်းမရသည့်
ကွယ်ပရှာသည်၊ နှယ်သာကီကား
အာဇာနည်အဟုတ် တို့ဗိုလ်ချုပ်...။

❖ ဇာနည်ဗိုလ်ချုပ်၊ သူအားထုတ်၍
ကျားကုတ်ကျားခဲ၊ မျိုးချစ်ဇွဲကြောင့်
သူရဲ သူမွန်၊ သူကွယ်လွန်လည်း
သူ့ကျွန်ဘဝ၊ လွတ်လမ်းရ၍
မြန်မာ့အသွင်၊ ကမ္ဘာ့အမြင်၌
သခင်အစစ်၊ နှမ်မနစ်ရိုး
သူ့ဂုဏ်တန်ခိုးကြောင့်
တစ်မျိုးတစ်စား အလားတန်ဆောင်ပမာ
အကျိုးသွားများမြောင်သည့်
အမျိုးသားခေါင်းဆောင်အဟုတ် တို့ဗိုလ်ချုပ်။

❖ ဗိုလ်ချုပ် ဗိုလ်ချုပ်၊ တို့ဗိုလ်ချုပ်ဟု
ဗိုလ်ချုပ်ကိုတမ်း၊ စိတ်ဝယ်မှန်း၍
လွမ်းနေရုံဖြင့်၊ ကြောင်းမသင့်ပေ
ကျိုးပြစ်ဖွေလော့
မသွေမုချ၊ သူစံပြသည့်
စာရိတ္တဖြူ၊ နှလုံးမူလျက်
ပြည်သူနှင့်ပေါင်း၊ နိုင်ငံကောင်းဖို့
ထောင်းထောင်းညက်ကြေ၊ ဇွဲနှင့်မွှေကာ
စိတ်နေရိုးသား၊ မပလွှားဘဲ
အားခဲကြိုးကုတ်၊ တို့အားထုတ်လျှင်
မိုးမချုပ်ခင်၊ ခရီးလျှင်မည်
ရှေ့တွင် ပန်းတိုင်နီးလိမ့်တကား ...။

[၂၀၁၇ ခုနှစ်၊ နှစ် (၇၀) ပြည့် အာဇာနည်နေ့ကို ဂုဏ်ပြုလျက်]

မင်းယဉ်စု

❂ စာမျက်နှာ ၆ မှ

ဗိုလ်ချုပ်သည် လွတ်လပ်ရေးကြိုးပမ်းမှုတာဝန်များကို ထက်ထက်မြက်မြက်တက်တက်ကြွကြွ ကိုယ်ကျိုးမငဲ့ ဆောင်ရွက်ခဲ့သဖြင့် တို့ဗမာအစည်းအရုံးကြီးက အားထားယုံကြည်ရသောခေါင်းဆောင်ဖြစ်ပါသည်။ တို့ဗမာအစည်းအရုံး၏ ပြည်လုံးကျွတ် ကွန်ဖရင့်(ညီလာခံ)များကို ၁၉၃၅ ခုနှစ်က ပထမအကြိမ် ရေနံချောင်းတွင်လည်းကောင်း၊ ၁၉၃၆ ခုနှစ်တွင် မြင်းခြံမြို့တွင်လည်းကောင်း၊ ၁၉၃၈ ခုနှစ်တွင် ပြည်မြို့တွင်လည်းကောင်း၊ ၁၉၃၉ ခုနှစ်တွင် မော်လမြိုင်မြို့၌လည်းကောင်း ကျင်းပခဲ့သည်။

ဗိုလ်ချုပ်မှာ ထိုညီလာခံများအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ညီလာခံကျင်းပနေစဉ် လုပ်ငန်းများကို မနားမနေ မည်းမျှပင်ပန်းပါစေ၊ မညည်းမညူဆောင်ရွက်၏။ ညီလာခံတွင် တင်သွင်းမည့်အဆိုများကိုလည်း သူကိုယ်တိုင်ရွေးပြီးမှ အလုပ်အမှုဆောင်ကော်မတီသို့ တင်ပြအဆိုပြုခဲ့သည်။ အစည်းအရုံးအစီရင်ခံစာ ဥက္ကဋ္ဌမိန့်ခွန်းကအစ သူကိုယ်တိုင်ရေးသည်။ ညီလာခံသို့တင်သွင်းရန် အဆို ၁၃ ခုကို ဗိုလ်ချုပ်ပင်ရေးသားခဲ့ပြီး ညီလာခံတွင်မူ အဆိုအမှတ်(၇) စည်းရုံးရေးအဆိုကိုလည်း သူကိုယ်တိုင်တင်သွင်းခဲ့သည်။

ဗိုလ်ချုပ်က "ကျုပ်လူထုကို ဘယ်တုန်းကမှ တစ်ပတ် မရိုက်ခဲ့ဖူးဘူး။ ကိုယ်စွမ်း၊ ဉာဏ်စွမ်းအားလုံး ကျုပ်တတ်နိုင်သလောက် လုပ်တာပဲ"ဟူသော အဆိုတစ်ခုကို အမှတ်ရမိသည်။

၁၉၃၈ ခုနှစ် ပုသိမ်မြို့၌ ကျင်းပခဲ့သည့် တတိယမြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများညီလာခံတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌလည်းဖြစ်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ(ဗကသ) ဥက္ကဋ္ဌလည်းဖြစ်သော ဗိုလ်ချုပ်က လွတ်လပ်ရေးအတွက် ကျောင်းသားထုပါဝင်ရန် လှုံ့ဆော်ခဲ့သည်များကလည်း "အချင်းတို့ ငါတို့အမျိုးကား ရှေးလွန်လေပြီးသောအခါက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ ကိုယ့်ကျမ်း ကိုယ့်ပေ လျှမ်းလျှမ်းဝေ၍ အထွေထွေသော တိုင်းအခန်းခန်းနှင့် ရွှေလမ်း ငွေလမ်းဖောက်နိုင်ခဲ့သော်လည်း ယခုအခါ ကြမ္မာဝင်နှောင့် ကျွန်သပေါက်ဘဝသို့ ရောက်နေရပေသည်။ ယင်းသို့တစ်မူလည်း ငါတို့ကား လက်မလျှော့ အရှုံးမပေး၊ ငါတို့၏ မျှော်မှန်းတမ်းတရာ လွတ်လပ်ရေးစခန်းသို့ တန်းတန်းဖြောင့်ဖြောင့် မကောက်မကွေ့ တရွေ့ရွေ့သွားမည်သာတည်း။ ရာဇဝင်အစောင်စောင်ဝယ် ထိုသို့သော အတိုင်းတိုင်းတို့သည် မိမိတို့အသီးသီး၏ လွတ်လပ်မှုအတွက် အားကြိုးမာန်တက် ဆောင်ရွက်အောင်မြင်ခဲ့သည့် သက်သေသာဓကတို့ကား အထင်အရှားပင်ဖြစ်တော့သည်။ ငါတို့ပေါင်းသည်လည်း ဤအကြောင်းထားအပ်သောလမ်းအတိုင်း အဘယ်ကြောင့်လျှင် မလုပ်သင့် မလုပ်နိုင်အံ့နည်း"။ နားလည်လွယ်လောက်သည့် ဗိုလ်ချုပ်၏ မှန်ကန်ပြီး လမ်းညွှန်စည်းရုံးကောင်းမှုများကြောင့် မည်သို့သော လူငယ်အပေါင်း မနိုးမကြားရှိနိုင်ပါတော့မည်နည်း။

ဒါ့အပြင် ဗိုလ်ချုပ်သည် ၁၉၄၆ ခုနှစ် နိုင်ငံလုံးဆိုင်ရာ ကျင်းပခဲ့သော ညီလာခံသဘင်ကြီးတွင် (ဖဆပလ)ဥက္ကဋ္ဌအဖြစ် မိန့်ခွန်းပြောခဲ့စဉ်က ပြည်သူတစ်ရပ်လုံး မှတ်သားရမည့်၊ လိုက်နာကြရမည့် အဆိုအမိန့်ကို ပြုခဲ့သည်။

အတိုချုပ်မှာ "မြန်မာအစ တကောင်းက"ဟု ဆိုသကဲ့သို့ ဤနေရာ ဤဒေသသည်လည်း ကျွန်ုပ်တို့လူမျိုး၏ရာဇဝင်တွင် အခါခါပင်စတင်ခဲ့ရသော အရေးတော်ပုံများစတင်ရာ ဒေသပင်ဖြစ်ပေ၏။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို စတင်တည်ထားရာအချိန်ကစ၍ ယနေ့အထိ နှစ်ပေါင်း ၂၅၀၀ ခန့်မျှ ရှိလေပြီ။

ဤမျှသောကာလပတ်လုံး ကျွန်ုပ်တို့၏ရာဇဝင်အဖြစ်အပျက် ကျွန်ုပ်တို့၏လူမျိုးအတွက် သတ္တိဗျတ္တိနှင့်အံ့မခန်း သက်စွန့်ကြိုးပမ်းအမှုထမ်းခဲ့ကြသည့် မရေတွက်နိုင်သော သွားလေသူ မျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့နှင့်တကွ ထိုပုဂ္ဂိုလ်တို့ပေးအပ်ခဲ့သည့် အမွေအနှစ်တည်းဟူသော အာဇာနည်စိတ် စသည်တို့ကို ကျွန်ုပ်တို့ ယခုအချိန်အခါ၌ သတိရကြပေလိမ့်မည်။ ထိုသို့သတိရကြသည့်အားလျော်စွာ ထိုထိုသော အာဇာနည်ပုဂ္ဂိုလ်အပေါင်းတို့အား ကျွန်ုပ်တို့သည် အရိုအသေပြုပြီးလျှင် ထိုထိုသောအာဇာနည်ပုဂ္ဂိုလ်တို့၏ အဆင့်အတန်းကိုမီအောင် အားထုတ်လုံးပန်းမည်။ ထိုထိုသောအာဇာနည်ပုဂ္ဂိုလ်တို့၏ လုပ်ငန်းကို ဆုံးခန်းတိုင်အောင် ဆက်လက်ဆောင်ရွက်မည်ဟူ၍ သစ္စာပြုကြပါစို့။ ကျွန်ုပ်တို့၏ လူမျိုးသည် ဧကန်စင်စစ် ကြီးပွားတိုးတက် တန်ခိုးထွက်ပေတော့မည် အမှန်တည်း။

ကောင်းလိုက်သည့်အဆိုအမိန့်များ၊ ကိုယ်ကျိုးမဖက်သည့် မှန်ကန်သောလှုံ့ဆော်မှုများ၊ ကြားနာလိုက်ရသည့် ပြည်သူပြည်သားအပေါင်းသည်လည်း ကြက်သီးမွေးညင်းဖြန်းဖြန်းထလျက် ဘိုးဘေးတို့လက်လွှဲခဲ့သည့် အမွေအနှစ်ကို ဇာတိသွေးဇာတိမာန်အပြည့်ဖြင့် မျိုးချစ်စိတ်များ အပြည့်အဝဖြင့် "ဤမြေသည် ငါတို့မြေ၊ ဤပြေ(ပြည်)သည် ငါတို့ပြေ(ပြည်)"ဟု တစ်ခဲနက်ရှိခဲ့ကြပေလိမ့်မည်။

ဗိုလ်ချုပ်၏ အသိအမြင် အတွေးအခေါ်များကား ဘယ်သောအခါမျှ မျက်ကွယ်ပြု၍မရသော၊ အမြဲထာဝစဉ် လိုက်နာကျင့်သုံးနေရမည်ဖြစ်သော ပညာပြည့်ဝလွန်းလှပါကလားရယ်လို့ တွေးမဆုံးနိုင်တော့ပါပေ။

၁၉၄၇ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်သည် ရခိုင်ပြည် မြေပုံမြို့တွင်ကျင်းပသော အလံနီကွန်မြူနစ်ဆရာတော် ဦးစိန္တာ ကြီးမှူးသည့် လူထုအစည်းအဝေးပွဲသို့ တက်ရောက်ကာ စကားပြောကြားခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ပြောကြားချက်အကျဉ်းချုပ်မှာ "ယခုကျွန်တော်လာရတာဟာ ဦးစိန္တာက ဖိတ်လို့လာတာဖြစ်တယ်။ ညီလာခံမှာ ကွဲနေကြတာကို စေ့စပ်ညီညွတ်အောင်လုပ်ဖို့ဆိုပြီး ဖိတ်တဲ့အတွက် အခြားအရေးကြီးတာတွေကို ရွှေ့ဆိုင်းပြီးလာခဲ့ရတယ်။ ဒီကျတော့မှ တရားဟောရုံလောက်ရှိတယ်ဆိုတာသိရတယ်။ လွတ်လပ်ရေးအတွက်တော့ အရင်ကလည်းတိုက်ခဲ့တယ်၊ နောက်လည်းတိုက်မှာပဲ။ ဒီလာတာဟာ ညီညွတ်အောင်လုပ်ဖို့လာတာ။ မညီညွတ်ရင် အလကားပဲ။ မညီညွတ်ရင် လွတ်လပ်ရေးမရနိုင်ဘူး။ လွတ်လပ်ရေးအဓိပ္ပာယ်ကိုလည်း နားလည်ဖို့လိုတယ်။ လွတ်လပ်ရေးကို တောင်းယူလို့မရ၊ တိုက်ယူမှရမယ်ဆိုတာ သဘောတူတယ်။ ဒါပေမယ့် လွတ်လပ်အောင် လုပ်နည်းလိုတယ်။ လွတ်လပ်ရေးဆိုတာ ညီညီညွတ်ညွတ်နဲ့ အင်အားရှိမှရနိုင်တယ်။

သူပုန် သူပုန် ထ ထ အော်နေရုံနဲ့ လွတ်လပ်ရေးမရနိုင်ဘူး။ အလုပ်လုပ်တဲ့နေရာမှာ နားလည်ဖို့လိုတယ်။ တကယ်နားလည်ပြီးလုပ်ရင်၊ လုပ်တတ်ရင် တစ်နှစ်အတွင်း လွတ်လပ်ရေး ရနိုင်တယ်။ ယခုတော့ ကိုယ်ချင်းညီညွတ်အောင်ပေါင်းပြီး နယ်ချဲ့သမားကို တိုက်ရမယ့်အစား ဗမာအချင်းချင်းတိုက်နေကြတာက ခက်တယ်။ အချို့လူတွေက ပြည်သူ့ရဲဘော်တပ်ဖွဲ့ခေါင်းဆောင်ကို သတ်၊ ဖဆပလအဖွဲ့ခေါင်းဆောင်ကို သတ်၊ မီးရထားကို မှောက်အောင် လုပ်၊ ဒီလိုလုပ်နေတာဟာ လွတ်လပ်ရေးတိုက်ပွဲထင်နေတယ်။ လုပ်ပုံမဟုတ်သေးဘူး။ သေတော့ ဘယ်သူတွေသေသလဲ။ ဗမာတွေ သေတာပဲမဟုတ်လား။ နယ်ချဲ့သမားကတော့ လက်ပိုက်ပြီး ကြည့်ရယ်နေတာပဲ။ အဲဒီလိုဆိုရင် ဘယ်တော့မှ လွတ်လပ်ရေးရမှာမဟုတ်ဘူး"

လွတ်လပ်ရေးရခါနီး လွတ်လပ်ရေးမရခင်လေးက ဗိုလ်ချုပ်ပြောကြားသွားသော စကားများ။

သို့ဖြစ်သော်လည်း လွတ်လပ်ရေးရပြီးသည့် သည်အချိန် သည်အခါတွင်ကော ပျက်ပြယ်၍ရစကောင်းသော အဆိုအမိန့်များလော။

ပို၍ပို၍ထဲထဲဝင်ဝင်တန်ဖိုးထား လေးလေးနက်နက် လိုက်နာကျင့်သုံးကြရမည့် အဖိုးအနဂ္ဃထိုက်လှသည့် ရတနာများအဖြစ် ရင်ဝယ်ပိုက်ကြရမည်မဟုတ်ပါလော။ နောင်နှစ်ပေါင်းခေတ်ပေါင်းများစွာထိ ဗိုလ်ချုပ်ဆလင်း၏ "အောင်ဆန်းစောစောသေသွားရတာ မြန်မာနိုင်ငံအတွက် ကြီးစွာသောဆုံးရှုံးမှုကြီးပဲ" ဆိုသည့်စကား သွေးထွက်အောင် မှန်ခဲ့ပါသည်။ ထို့အတူလည်း ဗိုလ်ချုပ်အောင်ဆန်းလို ထက်မြက်ထူးချွန်သူကို မွေးဖွားပေးခဲ့ခြင်းကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့အတွက် တကယ့် ကံကောင်းခြင်းပဲ ဆိုသည်ကလည်း တကယ့်အမှန်အကန်ပါပင်တည်း။

ထို့ကြောင့်ပြောချင်ပါသည်။

တကယ်ဆိုတော့ တို့ဗိုလ်ချုပ်မသေပါဘူးဟု လူပင်သေသော်ငြား၊ သူ့နာမည်၊ သူ့ဦးဆောင်လမ်းညွှန်မှုတွေ၊ သူ့လုပ်ရပ်နှင့် သူ့ဂုဏ်ပုဒ်တွေ ဘယ်သောအခါမှ မသေပါဟူ၍။ ။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြေးရုပ်တုများ ပန္နက်တင်တပ်ဆင်ပွဲတက်ရောက်

## နေရပ်ပြန်မြန်မာအလုပ်သမားများအား တွေ့ဆုံအားပေး



**မြဝတီ ဇူလိုင် ၁၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့ ရွှေ့ပြောင်းအလုပ်သမားရုံး၌ ဖွင့်လှစ်ထားသည့် အလုပ်သမားများ ပြန်လည်ကြိုဆိုလက်ခံရေးစခန်းသို့ ရောက်ရှိပြီး ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမားများအား နွေးနွေးထွေးထွေးကြိုဆို၍ အားပေးစကားပြောကြားမှုနှင့်အတူ အလုပ်သမားများအား ပြန်လည်လက်ခံမှု၊ နေရပ်ပြန်လည်ပို့ဆောင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ကြည့်ရှုသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နေရပ်ပြန်မြန်မာအလုပ်သမားများအား အားပေးစကားပြောကြားရာတွင် မိမိတို့နိုင်ငံသို့ ပြန်လည်ရောက်ရှိပြီဖြစ်သည့်အတွက် စိုးရိမ်ကြောင့်ကြရန်မလိုတော့ပါကြောင်း၊ မိမိတို့အခက်အခဲများအား တာဝန်ရှိသူများကို ပွင့်ပွင့်လင်းလင်းပြောပြနိုင်ပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်တွင် ရင်းနှီးမြှုပ်နှံမှုဥပဒေကို အသစ်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံခြားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာသည့်အခါ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်များ ပေါ်ပေါက်လာပါက မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး စေတနာအရင်းခံဖြင့် လုပ်ကိုင်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် နေရပ်ပြန် မြန်မာအလုပ်သမားများအား စားသောက်ဖွယ်ရာများပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မြဝတီမြို့ အာဇာနည်ပန်းခြံ၌ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြေးရုပ်တုများ ပန္နက်တင်တပ်ဆင်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ကြေးရုပ်တုအား ပန္နက်တင်တပ်ဆင်ကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများအား တာဝန်ရှိသူများက ဆက်လက်တပ်ဆင်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မြဝတီမြို့နယ် စုပေါင်းရုံးရှိ အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပြီး လွှတ်တော်ရန်ပုံငွေ ခွဲဝေချထားပေးမှု၊ သုံးစွဲမှုနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းပြောကြားကာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရာတွင် လိုက်နာဆောင်ရွက်ရမည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများကို လမ်းညွှန်မှာကြားခဲ့သည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

---

### ✱ ရှေ့ဖုံးမှ

"ချက်နေရာမှာလာပြီး ဆက်နေတာပါ။ တခြားကိုယ်တွင်းအင်္ဂါတွေနဲ့ မတွဲနေပါဘူး။ သီးခြားစီပါ။ အသည်းပဲ ဆက်နေတာရှိပါတယ်။ အခုခွဲစိတ်တာ အောင်မြင်ပါတယ်"ဟု ခွဲစိတ်မှုအဖွဲ့(၁)ခေါင်းဆောင် ရန်ကုန်ကလေးဆေးရုံကြီး ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာအေးအေးက ပြောသည်။

အဆိုပါ ရင်ချင်းဆက်အမြွှာ စိုင်းခမ်းနှင့် စိုင်းငင်းတို့အား ကျိုင်းတုံမြို့ ဝမ်ဟုတ်ကျေးရွာ၌ အဘ ဦးစိုင်းအောင်၊ အမိ ဒေါ်နမ်းခမ်းနမ်းတို့မှ ၂၀၁၅ ခုနှစ် မတ် ၇ ရက်က ကျိုင်းတုံ အထွေထွေရောဂါကုဆေးရုံကြီးတွင် မွေးဖွားခဲ့ခြင်းဖြစ်ပြီး နှစ်လခန့်အကြာတွင် ခွဲစိတ်မှုခံယူရန် ရန်ကုန်ကလေးဆေးရုံကြီး ခွဲစိတ်ကုသဆောင်(၁)သို့ လွှဲပြောင်းရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရင်ချင်းဆက်အမြွှာ စိုင်းခမ်းနှင့် စိုင်းငင်းတို့မှာ မွေးကင်းစမှ ယခုအချိန်အထိ ကြီးကြီးမားမား ရောဂါမရှိဘဲ ပုံမှန်ကိုယ်ခန္ဓာနှင့် ဦးနှောက်ဖွံ့ဖြိုးမှုရှိပြီး ယခုလက်ရှိ ကိုယ်အလေးချိန်မှာ ကီလိုဂရမ် ၂၀ ရှိကာ မခွဲစိတ်မီ သွေးစစ်ချက်အဖြေများလည်း ကောင်းမွန်သည့်အတွက် ရန်ကုန် ကလေးဆေးရုံကြီးသို့ ရောက်ရှိပြီး နှစ်နှစ်ကျော်အကြာတွင် ခွဲစိတ်ရခြင်းဖြစ်ကြောင်း သိရသည်။

"လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေ၊ ဓာတ်မှန်ရိုက်တာတွေ အကုန်လုံးလုပ်ပြီး ဘာတွေအတွင်းမှာ ဆက်နေသေးလဲဆိုတာ စစ်ဆေးရပါတယ်။ နောက် သူတို့ရဲ့ပေါင်ချိန် ဘယ်လောက်ရှိပြီ၊ ကောင်းကောင်းကြီးထွားမှုဖြစ်လာတဲ့အချိန်မှာ ခွဲဖို့လုပ်တာပါ။ များသောအားဖြင့်တော့ တစ်နှစ်နဲ့နှစ်နှစ်ကြားထဲမှာပဲ ခွဲကြပါတယ်"ဟု ရန်ကင်းကလေးဆေးရုံကြီး ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာညိုညိုဝင်းက ပြောသည်။

အဆိုပါ ခွဲစိတ်မှုအတွက် ရန်ကုန်ကလေးဆေးရုံကြီးမှ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာအေးအေး ဦးဆောင်သော ခွဲစိတ်မှုအဖွဲ့နှင့် ရန်ကင်း ကလေးဆေးရုံကြီး ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာညိုညိုဝင်း ဦးဆောင်သော ခွဲစိတ်မှုအဖွဲ့၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ မေ့ဆေးပညာနှင့် အထူးကြပ်မတ်ကုသဌာနမှ ပါမောက္ခ ဒေါက်တာမူမူနိုင်နှင့် ရန်ကုန်ကလေးဆေးရုံကြီး မေ့ဆေးအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာမြစိုး ဦးဆောင်သော မေ့ဆေးပညာအဖွဲ့နှင့် သူနာပြုများက တာဝန်ယူခွဲစိတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့သည့် ရင်ချင်းဆက်အမြွှာ စိုင်းခမ်းနှင့် စိုင်းငင်းတို့နှစ်ဦးအား ကျန်းမာရေးအခြေအနေပေါ်မူတည်ပြီး သုံးရက်မှ ငါးရက်အထိ ခွဲစိတ်ခန်းအတွင်းထားရှိကာ စောင့်ကြည့်သွားမည်ဖြစ်ပြီး ထို့နောက် မူလနေထိုင်ခဲ့သည့် အဆောင်၌ ဆက်လက်ထားရှိကာ ထိုမှတစ်ဆင့် သုံးလခန့်ကြာမြင့်သည့် အချိန်တွင် ကျန်းမာရေး ပိုမိုတိုးတက်ကောင်းမွန်ပြီး စိတ်ချရသည့် အခြေအနေသို့ရောက်ရှိပါက မိဘထံ ပြန်လည်အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

"ရောက်စတုန်းက သူ့အမေပဲပါလာတယ်။ သူတို့ရဲ့ စားရေးသောက်ရေး၊ နေရေးထိုင်ရေးကအစ ဆရာတို့ဆေးရုံမှာပဲ အကုန်တာဝန်ယူထားတယ်။ ခွဲစိတ်တာနဲ့ဆေးဝါးကအစ အားလုံးအခမဲ့ နိုင်ငံတော်က ပံ့ပိုးပေးတာပါ"ဟု ရန်ကုန်ကလေးဆေးရုံကြီး ဒုတိယဆေးရုံအုပ် ဒေါက်တာအောင်ထွန်းဦးက ပြောသည်။

ရင်ချင်းဆက်အမြွှာများကို ရန်ကုန်ကလေးဆေးရုံကြီး၌ ၁၉၇၁ ခုနှစ်တွင် မနန်းစိုး၊ မနန်းစံ၊ ၁၉၉၃ ခုနှစ်တွင် အေးအေးငြိမ်း၊ အိအိငြိမ်း၊ ၂၀၀၉ ခုနှစ်တွင် စိုပြေလင်း၊ စိုပြေဝင်း၊ ၂၀၁၁ ခုနှစ်တွင် အင်ကြင်းခိုင်၊ အင်ကြင်းလှိုင်နှင့် ရန်ကင်း၊ ရန်ရှင်း၊ ၂၀၁၂ ခုနှစ်တွင် ဘေဘီချိုချိုဝင်း၊ ၂၀၁၅ ခုနှစ်တွင် ဘေဘီမိုးသူဇာတို့ကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့ပြီး မန္တလေး ကလေးဆေးရုံကြီး၌ ၂၀၀၂ ခုနှစ်တွင် မိုးပပအောင်၊ မိုးမမအောင်၊ ၂၀၁၂ ခုနှစ်တွင် အောင်ခန့်ကျော်၊ အောင်မြတ်ကျော်၊ ၂၀၁၇ ခုနှစ်တွင် ဝေယံဟိန်း၊ ဝေယံငြိမ်းတို့ကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ခွဲစိတ်မှုအောင်မြင်ခဲ့သည့် ရင်ချင်းဆက်အမြွှာ စိုင်းခမ်းနှင့် စိုင်းငင်းတို့ ခွဲစိတ်ကုသမှုမှာ ရန်ကုန်ကလေးဆေးရုံကြီး၏ ရင်ချင်းဆက်အမြွှာများ ခွဲစိတ်မှုအနက် အဋ္ဌမအကြိမ်မြောက် အောင်မြင်မှုဖြစ်ကြောင်း သိရသည်။

**သတင်း- သီသီမင်း**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**





### ○ YBS ယာဉ်လိုင်းမှ

စက်တပ်ယာဉ်များ မတော်တဆထိခိုက်မှုဖြစ်သည့် နစ်နာဆုံးရှုံးမှုများ၊ ယာဉ်မတော်တဆထိခိုက်မှုကြောင့် လူနှင့် သူတစ်ပါးပိုင်ပစ္စည်းတို့ကို ပေးလျော်သည့် အာမခံအမျိုးအစားဖြစ်သည်။ အာမခံထားရာတွင် ယာဉ်၏ ကာလပေါက်ဈေးအတိုင်း မပိုသောတန်ဖိုးဖြင့်ထားရှိနိုင်ပြီး အာမခံ အကာအကွယ်အနေဖြင့် ယာဉ်တိုက်မိခြင်း၊ တိမ်းမှောက်ခြင်း၊ ယာဉ်ပေါ်သို့ ပစ္စည်းတစ်ခုခု ပြုတ်ကျခြင်း၊ ယာဉ်မီးလောင်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ပြင်ပမီးကူးစက်ခြင်း၊ မလိုတမာဖျက်ဆီးမှုကြောင့် ပျက်စီးခြင်း၊ ရေလမ်း၊ ကုန်းလမ်း၊ ဓာတ်လှေကားဖြင့် သယ်ဆောင်စဉ် ပျက်စီးခြင်း၊ သပိတ်၊ အဓိကရုဏ်းဖြစ်ခြင်း၊ ဆူပူမငြိမ်မသက်ဖြစ်ခြင်း(၇၂ နာရီအတွင်း)တို့ကြောင့် ပျက်စီးမှု၊ အာမခံထားသည့် ယာဉ်ကြောင့် သူတစ်ပါးသေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းတို့အတွက် အကာအကွယ်ရမည်ဖြစ်ပြီး အာမခံလျော်ကြေးငွေ ပေးအပ်မည်ဖြစ်သည်။

လက်ရှိတွင် YBS ယာဉ်လိုင်းများတွင် ပြေးဆွဲနေသည့် မော်တော်ယာဉ်များအားလုံး မဖြစ်မနေထားရှိရသည့် အာမခံအမျိုးအစားမှာ သူတစ်ပါးထိခိုက်မှုအာမခံဖြစ်ပြီး နှစ်စဉ် ယာဉ်မှတ်ပုံတင်သက်တမ်းတိုးချိန်တွင် သက်တမ်းတိုးထားရှိရသော အာမခံဖြစ်သည်။ ယင်းအာမခံသည် မှတ်ပုံတင်ထားသည့် မည်သည့် စက်တပ်ယာဉ်မဆို မဖြစ်မနေထားရှိရသည့် အာမခံအမျိုးအစားဖြစ်ပြီး စက်တပ်ယာဉ်များနှင့် ထိခိုက်မှုရှိနိုင်သည့်သူများအတွက် စက်တပ်ယာဉ်ပိုင်ရှင်မှ ထားရှိပေးရသော သူတစ်ပါးထိခိုက်မှု အာမခံအမျိုးအစားဖြစ်သည်။ အလုံးစုံ မော်တော်ယာဉ်အာမခံမှာမူ ယာဉ်ပိုင်ရှင်အနေဖြင့် မိမိယာဉ်၏ ပျက်စီးထိခိုက်ဆုံးရှုံးနိုင်မှုတို့ကို အကာအကွယ်ယူထားနိုင်သော အာမခံအမျိုးအစားဖြစ်ပြီး အဆိုပါယာဉ်နှင့် ထိခိုက်မိသူများကိုလည်း အာမခံလျော်ကြေးငွေ ပေးအပ်ကြောင်း သိရသည်။

**သတင်း- ၀၀၁**
**ဓာတ်ပုံ- ခင်မောင်ဝင်း (ကြေးမုံ)**

# မြစ်ကြီးနားမြို့၌ လူမှုအခြေပြုဗဟိုဌာန (Community Centre)ဖွင့်လှစ်






**မြစ်ကြီးနား ဇူလိုင် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် လူမှုအခြေပြုဗဟိုဌာန (Community Centre) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုအခြေပြုဗဟိုဌာန (Community Centre)အဆောက်အအုံသစ်ကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထွန်းတင်၊ ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းနှင့် မြို့မိမြို့ဖ ဦးရောလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့က လူမှုအခြေပြုဗဟိုဌာန (Community Centre) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ယနေ့မြစ်ကြီးနားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ခရိုင်ရုံးတွင် လူမှုအခြေပြုဗဟိုဌာန (Community Centre) နှင့် ရွေ့လျားစာကြည့်တိုက် (Mobile Library) တို့ ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ခေတ်အဆက်ဆက်မှပင် ဆောင်ရွက်ခဲ့သည့် သတင်းအချက်အလက် ပြန်ကြားရေးအလုပ်ကိုအဓိကဆောင်ရွက်ပါကြောင်း၊ ဒီမိုကရေစီစနစ်အရ ရွေးကောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များက ဆက်လက်ခန့်အပ်ထားသည့် အစိုးရအနေဖြင့် ပြည်သူ့အတွက် မည်သို့ဆောင်ရွက်နေသည်ကို ပြန်လည်အစီရင်ခံသည့် သတင်းအချက်အလက် ထုတ်ပြန်ပေးခြင်းအပြင် ပြည်သူတို့ သိသင့်သိထိုက်သည့် ပြည်တွင်းသတင်းများနှင့် နိုင်ငံတကာသတင်းအချက်အလက်များကို အသိပေးတင်ပြသည့်ပင်မအလုပ်ကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် အများပြည်သူကို အသိပညာဗဟုသုတတိုးပွားစေရန် တစ်နည်းအားဖြင့် ပညာရည်မြှင့်တင်သည့် အလုပ်ကို စာကြည့်တိုက်များဖြင့် ဆောင်ရွက်နေပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများဖြင့်ပေးသည့်အပိုင်းနှင့် အသိပညာဗဟုသုတပေးခြင်းကိုစာကြည့်တိုက်များ ဖွင့်လှစ်သည့်အပိုင်းဖြင့် ယခင်ကတည်းကပင် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ခေတ်ကာလပြောင်းလဲလာမှုနှင့်အတူ လူမှုအဖွဲ့အစည်းပုံသဏ္ဌာန်များ ပြောင်းလဲလာခဲ့ရာ နည်းပညာနှင့် ပစ္စည်းကိရိယာများ ပြောင်းလဲလာမှုအပေါ်မူတည်ပြီး လူမှုအခြေပြုဗဟိုဌာန (Community Centre) များကို အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့် ပြည်သူ့ဆက်ဆံရေးအလုပ်ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း၊ ယခုအခါ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနများတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား(တီဗွီ) တို့နှင့် မလုံလောက်တော့သဖြင့် အဆောက်အအုံ၊ ပရိဘောဂမှစ၍ တတ်နိုင်သမျှဖြင့် စီစဉ်ဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်း၊ Community Centre တွင် ကလေးများ ငယ်စဉ်မှစ၍ စာဖတ်ဝါသနာပါစေရန်၊ စာအုပ်ရှိသည့် ပတ်ဝန်းကျင်တွင် ကလေးများပျော်တတ်စေရန် စိတ်ဝင်စားအောင် စီမံဆောင်ရွက်ထားပါကြောင်း။

ထို့ပြင် ရပ်ရွာလူထုအနေဖြင့် ရပ်ရွာကိစ္စရပ်များကို စုဝေးပြီး တိုင်ပင်နိုင်ရန်၊ ဥပဒေနှင့်အညီ ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရန်၊ ဒီမိုကရေစီအသွင်ကူးပြောင်း ကာလတွင် နိုင်ငံ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုများတွင် လူအများပါဝင်လာစေရန် စသည့် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ရရှိနိုင်ရေး ပျိုးထောင်ချိန်ထွင်နေသည့်ကာလတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း၊ Community Centre တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဆိုင်းဘုတ် တပ်ဆင်ထားသော်လည်း ရပ်ရွာပြည်သူလူထုပစ္စည်းကဲ့သို့ သဘောထားပြီး Community Centre လုပ်ငန်း အောင်မြင်စေရန် ဝိုင်းဝန်းဆောင်ရွက်ရင်း ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားများ ပြောကြားကြပြီး မြို့မိမြို့ဖ ဦးလခရိဇော်ဘောက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက မြစ်ကြီးနား လူမှုအခြေပြုဗဟိုဌာန (Community Centre)ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များကို ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ချက်သမ္မတနိုင်ငံသံအမတ်ကြီးနှင့် ဒေါက်တာသန့်သော်ကောင်းတို့ထံ ပေးအပ်သည်။

ဆက်လက်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ သန့်သော်ကောင်းက ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာ မျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ချက်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆောင်ရွက်သော ရွေ့ပြောင်းစာကြည့်တိုက် (Mobile Library Bus)၊ မြစ်ကြီးနား လူမှုအခြေပြုဗဟိုဌာန ပင်မအဆောက်အအုံအတွင်းရှိ ပြတိုက်ငယ် (Museum)၊ ကလေးစာဖတ်ခန်း၊ စာကြည့်တိုက်၊ သင်တန်းခန်းမ၊ အစည်းအဝေးခန်းမ၊ လေဟာပြင်ကိုယ်ကာယလေ့ကျင့်ရေးကွင်း၊ စာအုပ်အရောင်းဆိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံး၊ Youth Centre နှင့် ကိုယ်ကာယ လေ့ကျင့်ရေးခန်းမတို့ကို ကြည့်ရှု စစ်ဆေးကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ပြည်ပမီဒီယာအဖွဲ့များ စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများတွင် လှည့်လည်သတင်းရယူ

**ရန်ကုန် ဇူလိုင် ၁၆**

ပြည်ပမီဒီယာများ ပါဝင်သောသတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများအား တွေ့ဆုံပြီးသိရှိလိုသည်များကိုမေးမြန်းကြသည်။

ထို့နောက် သက္ကယ်ပြင် ကယ်ဆယ်ရေးစခန်းနှင့် ဒါးပိုင် ကယ်ဆယ်ရေးစခန်း**(အပေါ်ပုံ)**တို့သို့ သွားရောက်ပြီး လှည့်လည် သတင်းရယူခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ပမီဒီယာအဖွဲ့သည် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**( သတင်းစဉ်)**

## မစ္စယန်ဟီလီ ဘားအံမြို့သို့ရောက်ရှိပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့်တွေ့ဆုံ



**ဘားအံ ဇူလိုင် ၁၆**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့သို့ ရောက်ရှိပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုရိပ်သာ ပဒိုဒေးဗစ်တောခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စယန်ဟီလီသည် ကရင်ပြည်နယ်အတွင်း နယ်မြေဒေသလုံခြုံရေးအခြေအနေ၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု၊ မြေယာသိမ်းဆည်းခံရမှုနှင့် လျော်ကြေးငွေပြန်လည်ပေးအပ်မှု၊ အဂတိလိုက်စားမှုကင်းရှင်းရေးဆောင်ရွက်မှု၊ စီမံကိန်းလုပ်ငန်းကြီးများ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့၏ ပါဝင်ဆောင်ရွက်မှု၊ မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်သူ မြန်မာနိုင်ငံသားများအား နိုင်ငံအတွင်း ပြန်လည်နေရာချထားပေးနိုင်ရေး ဆောင်ရွက်ထားမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဒေသတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးရာ ကရင်ပြည်နယ် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးပြုံးချိုတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် မစ္စယန်ဟီလီနှင့် အဖွဲ့သည် ညနေ ၃ နာရီတွင် ဘားအံမြို့ သီရိဘားအံ ဟိုတယ် အစည်းအဝေးခန်းမ၌ CSO များ၊ ကရင်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက်နေ့ ညနေ ၆ နာရီမှ ဇူလိုင်လ ၁၉ ရက်နေ့ ညနေ ၆ နာရီ အထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူလာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး) များသို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်/ သံပိုက်/ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)များသို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

### အသိပေးကြေညာချက်

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး) များသို့ လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကိုယူဆောင်၍ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်-

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၇ ခုနှစ်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ



## ပေါက်မြို့တွင်ထားရှိမည့် ဗိုလ်ချုပ်ကြေးရုပ်တုရောက်ရှိ

**ပေါက် ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့တွင်ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ကြိုဆိုရေးယာဉ်များ၊ ဖျော်ဖြေရေးယာဉ်များဖြင့် ရောက်ရှိလာရာ ပေါက်မြို့အဝင် ပေါက်-ပခုက္ကူကားလမ်းမတစ်လျှောက်၌ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ကြိုဆိုကြသည်။

ဗိုလ်ချုပ်ကြေးရုပ်တုထားရှိမည့်ပန်းခြံအကျယ်အဝန်းမှာ အလျား ၈၅ ပေ၊ အနံ ၇၅ ပေရှိပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များ၊ စေတနာရှင် အလှူရှင်များ၏ စုပေါင်းထည့်ဝင်ငွေကျပ် သိန်း ၃၀၀ ခန့် အကုန်အကျခံဆောင်ရွက်ခဲ့သည်။ ရုပ်တုအမြင့်မှာ ကိုးပေရှိပြီး ဇူလိုင် ၁၇ ရက်တွင် ဖွင့်ပွဲအခမ်းအနားပြုလုပ်သွားမည်ဖြစ်သည်။ ဇူလိုင် ၁၈ ရက်တွင် စာပေဝါသနာရှင်များအတွက် စာရေးဆရာ ဆရာမများဖြစ်သည့် နှင်းပန်းအိမ်နှင့် မန်(တောင်လုံးပြန်)တို့က စာပေအကြောင်းသိကောင်းစရာများကို ဟောပြောသွားမည်ဖြစ်ပြီး ဇူလိုင် ၁၉ ရက်တွင်(အာဇာနည်နေ့) အခမ်းအနားပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

## ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ညောင်လေးပင် ဇူလိုင် ၁၆**

မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန်နှင့် ရေစီးရေလာကောင်းမွန်ရေး၊ မြို့တော်သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇူလိုင် ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ (၂) ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဝဲယာ စွယ်တော်ဈေးမအနီး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ပိတ်ဆို့နေသော ချုံနွယ်၊ သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များဖယ်ရှားရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

## မိုးစပါးစိုက်တောင်သူများ မျိုးပေါက်နှုန်းမကောင်း၍ ပြန်လည်ထွန်ယက်ရမှုများကြောင့် ကုန်ကျမှုများပြားနေ

**ရေတာရှည် ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးလျက်ရှိရာ ရာသီဥတုအပြောင်းအလဲကြောင့် ထွန်ယက်စိုက်ပျိုးသည့် ကြဲပက်ပြီးသား စပါးပင်များမှာ ရေနာ၍ ပင်ပေါက်နှုန်းမကောင်းသည့်အတွက် ပြန်လည်ထွန်ယက်ကြရသဖြင့် ထွန်ယက်ခ၊ ကြဲပက်ခနှင့် မျိုးစပါးဖိုးများ ထပ်မံကုန်ကျလျက်ရှိကြောင်း သိရသည်။

ကနဦး ထွန်စက်ဖြင့် တစ်ဧကလျှင် နှစ်စပ်နှုန်းမောင်းနှင်သည့်အခါ ကျပ် ၃၆၀၀၀ ကုန်ကျပြီး ငါးရက်ခန့် မြက်ပင်များပုပ်အောင် တမန်းနှပ်၍ လက်တွန်းထွန်စက်ဖြင့်သော်လည်းကောင်း၊ ထွန်စက်ဖြင့်သော်လည်းကောင်း စိုက်တမန်းရရှိရန် နောက်တစ်ပြန် ထွန်ယက်ကြရသည်။ ထို့အပြင် ကန်သင်းဆယ်၊ ကန်သင်းပေါက်သည့်လယ်ယာလုပ်သားများ ငှားရမ်းခနှင့် သွင်းအားစုကုန်ကျစရိတ်များ ထပ်မံကုန်ကျရသည်။ လယ်ယာလုပ်သားရှားပါးခြင်းနှင့် ကုန်ကျစရိတ် သက်သာစေရန် ပျိုးထောင်စိုက်ခြင်းထက် အစေ့ကြဲပက်သည့်နည်းကိုသာ အသုံးပြုကြသည့်အခါ မိုးရေဝပ်သည့်လယ်အတော်များများ၌ စပါးစေ့အစို့ထွက် ကြဲပက်ခဲ့သည့်စပါးမျိုးများ ရေနာမိပြီး အပင်မပေါက်သည့်အတွက် တောင်သူများအနေဖြင့် လတ်တလောစပါးများကို ဝယ်ယူ၍ အပင်ဖောက်ကာ ထပ်မံကြဲပက်ရသည်။ ထို့ကြောင့် ကုန်ကျစရိတ်များသဖြင့် များစွာအခက်အခဲဖြစ်ရကြောင်း တောင်သူများက ပြောသည်။

"အပင်အစို့ထွက်ပြီးသား အပင်မပေါက်တာက တောင်သူတွေ မျိုးရွေးတာ၊ ရေပြန်ထုတ်ဖို့နောက်ကျတာလည်း ဖြစ်နိုင်တယ်။ မိုးကလည်း မမှန်တော့ မိုးရာသီမှာဖြစ်လေ့ရှိပါတယ်။ တောင်သူတွေ ကုန်ကျစရိတ်ပိုကုန်တာပေါ့။ အဓိကကတော့ မျိုးကောင်းမျိုးသန့်ဖြစ်ရမယ်။ ကြဲပြီးရင်လည်း ရေကိုပြောင်အောင်မထုတ်နိုင်ရင်တောင် အနည်းဆုံးဖြစ်အောင်လုပ်သင့်တယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



## ရေနံချောင်းမြို့ရှောင်လမ်း၌ လျှော်ဖြူပင်နှင့် တမာမျိုးစေ့များစိုက်ပျိုး

**ရေနံချောင်း ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီးအတွင်း သစ်ပင်စိုက်ပွဲများကျင်းပလျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန မိသားစုများစုပေါင်း၍ ရေနံချောင်းမြို့ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၆/၁)အနီးတွင် လျှော်ဖြူပင် ၂၀၀ နှင့် တမာမျိုးစေ့ ၁၆ တင်းကို ယနေ့ နံနက် ၈ နာရီခွဲက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဝင်း၊ မကွေးခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းလွင်၊ မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးခိုင်လင်း၊ ရေးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးငွေမြင့်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၅၅ ဦးတို့က ပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ကျောင်းသုံးဖတ်စာအုပ်များနှင့် ကျောင်းဖွံ့ဖြိုးမှုဆိုင်ရာဖြည့်ဆည်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ကျောင်းသုံးဖတ်စာအုပ်များနှင့် ကျောင်းဖွံ့ဖြိုးမှုဆိုင်ရာ ဖြည့်ဆည်းနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် အခြေခံပညာကဏ္ဍမှာ ကျောင်းနေအရွယ် ကလေးတိုင်း အခြေခံပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းအပ်နှံမှုနှုန်းမြင့်မားပြီး ကျောင်းထွက်သူပပျောက်အောင် အလေးထားဆောင်ရွက်နိုင်ခဲ့မှုတို့ကြောင့် ယခုနှစ်တွင် ကျောင်းဝင်နှုန်း ပိုမိုမြင့်မားလာပြီး ကျောင်းများအလိုက် ကျောင်းသားအရေအတွက် ခန့်မှန်းရာတွင် အရေအတွက် ပိုခြင်း၊ လိုခြင်း ကွာဟမှုများရှိနိုင်ပြီး အခြားကျောင်းများတွင် လိုအပ်သည်ထက် ကျောင်းသုံးဖတ်စာအုပ်များပိုလျှံနိုင်ပြီး အချို့ကျောင်းများတွင် လိုအပ်မှုများလည်း ရှိနိုင်ပါကြောင်း။

ကျောင်းသုံးဖတ်စာအုပ် လိုအပ်မှု၊ ပိုလျှံမှုစာရင်းများကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြပြီး လိုအပ်သည်ဟု တင်ပြလာသော ကျောင်းများထံ ငါးရက်အတွင်း ရောက်ရှိရန် ကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူးတို့က တာဝန်ယူ၍ စနစ်တကျ ပို့ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ စဉ်ဆက်မပြတ် အကဲဖြတ်မှု (Continuous Assessment)ဆောင်ရွက်ရာတွင် ကျောင်းမှန်မှန်တက်မှု၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်နှင့် ပြုမူဆောင်ရွက်မှု၊ အားကစား၊ စာကြည့်တိုက်၊ ပန်းချီ၊ ဂီတ၊ အနုပညာ၊ စာစီစာကုံး၊ စာဖတ်ပြိုင်ပွဲ၊ သချ်ာ၊ အင်္ဂလိပ်စာစွမ်းရည် ပြိုင်ပွဲများ၊ ဟောပြောပွဲများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်ထားမှုများကိုလည်း ထည့်သွင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

အခန်းဆုံးစစ်ဆေးမှု Chapter End Test (CET) ကို ဇူလိုင်လနှင့် ဒီဇင်ဘာလမှာ တစ်ကြိမ်စီကျင်းပပြီး တစ်နှစ်လျှင် CET စုစုပေါင်းနှစ်ကြိမ်နှင့် အောက်တိုဘာလမှာ နှစ်ပတ်လည်စာမေးပွဲတစ်ကြိမ်၊ နှစ်ဆုံးစာမေးပွဲတစ်ကြိမ် စုစုပေါင်းစာမေးပွဲနှစ်ကြိမ် စစ်ဆေးရန်၊ CET နှင့် စာမေးပွဲရမှတ်တွေကို Grading A,B,C, D သတ်မှတ်ရန်၊ အောင်စာရင်းပြုစုရာတွင် စဉ်ဆက်မပြတ် အကဲဖြတ်မှု၊ CET၊ စာမေးပွဲများမှရရှိလာတဲ့ ပျမ်းမျှ Grading ဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

Extra Curriculum ကိစ္စရပ်များကိုသတ်မှတ်ချိန်နှင့်အညီ ဆောင်ရွက်ကြရန်နှင့် ဆရာ ဆရာမများကို Project Traning သင်တန်းပေးခြင်း၊ ကျောင်းသား ကျောင်းသူများကို အုပ်စုလိုက် Project ပြုလုပ်ဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပညာရေးရည်မှန်းချက်များ အောင်မြင်ရေးနှင့် ကျောင်းများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာ)များ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကျောင်းအပ်နှံမှုနှုန်းမြင့်မားလာသည့်အတွက် ကျောင်းသုံးဖတ်စာအုပ်ထပ်မံလိုအပ်ချက်များအား (၁၅-၇-၂၀၁၇) ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထပ်မံဖြည့်ဆည်းဆောင်ရွက်ထားရှိမှုအခြေအနေပြဇယား**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ထပ်မံဖြည့်ဆည်းထားသည့် ကျောင်းသုံးဖတ်စာအုပ်အရေအတွက် | | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| | | မူလတန်း | အလယ်တန်း | အထက်တန်း | | |
| ၁ | ကယား | ၁၁၈၁၇ | ၂၀၈၂ | ၇၄၉ | ၁၄၆၄၈ | (၇)မြို့နယ် |
| ၂ | ကရင် | ၇၁၁၅၁ | ၂၆၆၁၄ | ၁၁၃၈၀ | ၁၀၉၁၄၅ | (၇) မြို့နယ် |
| ၃ | ချင်း | ၅၅၃၆၅ | ၂၂၇၅၁ | ၁၀၂၄၇ | ၈၈၃၆၃ | (၉) မြို့နယ် |
| ၄ | စစ်ကိုင်း | ၆၉၁၆၀ | - | ၁၁၅၉၃ | ၈၀၇၅၃ | (၃၇)မြို့နယ် |
| ၅ | တနင်္သာရီ | ၁၄၃၇၁ | ၁၂၁၂၇ | ၅၃၀၀ | ၃၁၇၉၈ | (၁၀) မြို့နယ် |
| ၆ | ပဲခူး | ၇၀၄၃၄ | ၈၆၀၁၂ | ၁၈၄၂၈ | ၁၇၄၈၇၄ | (၂၈)မြို့နယ် |
| ၇ | မကွေး | ၄၆၂၄၈ | ၃၆၂၆၉ | ၁၅၅၅ | ၈၄၀၇၂ | (၂၅)မြို့နယ် |
| ၈ | မန္တလေး | ၈၄၃၀၀ | ၃၃၀၁၂ | ၆၅၄ | ၁၁၇၉၆၆ | (၂၈)မြို့နယ် |
| ၉ | မွန် | ၃၉၈၆၂ | ၁၀၂၄၁ | ၁၅၃၄၂ | ၆၅၄၄၅ | (၁၀)မြို့နယ် |
| ၁၀ | ရခိုင် | ၅၅၅၃၇ | ၇၆၄၇၃ | ၃၀၅၀၂ | ၁၆၂၅၂၂ | (၁၇)မြို့နယ် |
| ၁၁ | ရန်ကုန် | ၁၀၃၅၉၀ | - | ၂၃၂၅၅ | ၁၃၀၈၄၅ | (၄၅)မြို့နယ် |
| ၁၂ | ရှမ်း | ၁၅၈၀၄၈ | ၄၀၃၆၄ | ၁၄၀၈၁ | ၂၁၂၅၉၃ | (၅၅)မြို့နယ် |
| ၁၃ | ဧရာဝတီ | ၁၄၂၇၃ | ၁၈၄၄၉ | ၂၁၈၂၆ | ၁၈၂၆၄၈ | (၂၆)မြို့နယ် |
| ၁၄ | နေပြည်တော် | ၂၂၆၈၆ | ၅၈၄ | ၂၇၇ | ၂၃၅၄၇ | (၈) မြို့နယ် |
| | စုစုပေါင်း | ၉၄၄၉၄၂ | ၃၆၄၉၇၈ | ၁၆၉၂၉၉ | ၁၄၇၉၂၁၉ | (၃၄၇) မြို့နယ် |

**မှတ်ချက်။ ။ ကချင်ပြည်နယ်မှ ကျောင်းသုံးဖတ်စာအုပ်လိုအပ်ချက်စာရင်းများပြုစုဆဲဖြစ်ပြီး အမြန်ဆုံးဆက်လက်ဖြန့်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။**

---

# ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တပ်ကုန်းမြို့နယ်အတွင်း လမ်းနှင့်သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် တင်ဒါဖွင့်ဖောက်စစ်ဆေး

**တပ်ကုန်း ဇူလိုင် ၁၆**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တပ်ကုန်းမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လမ်းနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ တင်ဒါဖွင့်ဖောက်စစ်ဆေးခြင်း အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် (တပ်ကုန်းမြို့နယ်တာဝန်ခံ)ဦးတင်ထွန်းက တင်ဒါစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကုမ္ပဏီများမှ တင်ပြထားသည့် အဆိုပြုလွှာများကို နည်းပညာ အဆိုပြုလွှာအမှတ်ပေးရွေးချယ်ရေးဘုတ်အဖွဲ့က အသေးစိတ်စစ်ဆေးကာ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှတ်ပေးရွေးချယ်ကြသည်။ နည်းပညာအဆိုပြုလွှာ ယာယီအောင်မြင်သော ကုမ္ပဏီကို ငွေကြေး အဆိုပြုလွှာများ ဆက်လက်ရွေးချယ်ပေးမည်ဖြစ်သည်။

အဆိုပါတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများမှာ လွှတ်ဘုံ-ညောင်ပင်သာလေး ကျေးရွာချင်းဆက်(မြေသားလမ်း) အရှည် လေးမိုင်၊ အကျယ် ၁၈ ပေ၊ အုန်းပင်-တောင်ပို့သာ ကျေးရွာချင်းဆက်(ရိစာလမ်း)အရှည် သုံးမိုင်၊ အကျယ် ၁၂ ပေ၊ ရွှေမောင်းဂွက်-ချောင်းဆုံကျေးရွာချင်းဆက်(မြေသားလမ်း) အရှည် သုံးမိုင်၊ အကျယ် ၁၈ ပေ၊ သံပုရာကုန်း-လက်ပံအိုင့်ကျေးရွာချင်းဆက်(မြေသားလမ်း)အရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ သဖန်းချောင်း-စိန်ပန်းခိုင် ကျေးရွာချင်းဆက်(ရိစာလမ်း)အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အနော်ရထာရပ်ကွက်-ဗျိုင်းအင်းကျေးရွာဆက်(ရိစာလမ်း) အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အုန်းပင်-သစ်ဆိမ်ပင် ကျေးရွာချင်းဆက် (မြေသားလမ်း) အရှည် နှစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၈ ပေရှိ လမ်းလုပ်ငန်းများနှင့် အင်ပင်ကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ညောင်ပင်ကွင်းကျေးရွာ၊ လက်ပံအိုင့်ကျေးရွာ၊ ဇောင်းလျားကုန်းကျေးရွာ၊ ကြွက်တောကျေးရွာတို့တွင် တွင်းနက်ပေ ၄၀၀၊ အမြင့် ၂၅ ပေရှိ ဂါလန်၂၄၀၀ ဆံ့ သံရေစင်၊ ရေမြှုပ်ပန့် (၈ပေ× ၈ပေ× ၁၀ပေ)စက်ရုံဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းတို့ကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**(တင်စိုးလွင်)**

---

❂ **မကွေးတိုင်းဒေသကြီးမှ**

ဧရာဝတီမြစ်ရေ ဆက်တိုက်မြင့်တက်မှုကြောင့် မကွေးတိုင်းဒေသကြီးရှိ မြို့နယ်ခုနစ်မြို့နယ်တို့တွင် ဇူလိုင် ၁၆ ရက်အထိ စာသင်ကျောင်း ၁၂၉ ကျောင်း ယာယီပိတ်ထားရကြောင်း တိုင်းဒေသကြီးအခြေခံပညာဦးစီးဌာနမှ သိရသည်။ မကွေးမြို့နယ်တွင် တစ်ကျောင်း၊ ရေနံချောင်းမြို့နယ်တွင် ငါးကျောင်း၊ ချောက်မြို့နယ်တွင် နှစ်ကျောင်း၊ မင်းဘူးမြို့နယ်တွင် နှစ်ကျောင်း၊ ပွင့်ဖြူမြို့နယ်တွင် ရှစ်ကျောင်း၊ စလင်းမြို့နယ်တွင် ၁၇ ကျောင်း၊ ပခုက္ကူမြို့နယ်တွင် ၃၆ ကျောင်းနှင့် ရေစကြိုမြို့နယ်တွင် ၅၈ ကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

"မြစ်ရေတက်လို့ သွားလာရေးကအစ အဆင်မပြေတော့ဘူး။ ဒါကြောင့် ကျောင်းတွေယာယီပိတ်ထားရတာပါ။ မြစ်ရေကျဆင်းသွားလို့ ကျောင်းပြန်ဖွင့်ရင် ကျောင်းပိတ်ချိန်တွေမှာ အချိန်ပိုသဘောမျိုးနဲ့ သင်ခန်းစာတွေကို ပြန်လည်သင်ကြားပေးမှာပါ"ဟု မကွေးမြို့နယ်မှ ကျောင်းဆရာတစ်ဦးက ပြောသည်။

ပိတ်ထားရသော စာသင်ကျောင်းများအနက် အထက်တန်းကျောင်း ကိုးကျောင်းပါဝင်ပြီး ကျောင်းသားစုစုပေါင်း ၁၇၂၀၉ ဦး ပညာသင်ကြားရေး အခက်အခဲဖြစ်ရသည်ဟု သိရသည်။ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကျေးရွာအချို့ရှိ စာသင်ကျောင်းအချို့လည်း ပိတ်ထားရမည့် အခြေအနေဖြစ်နေပြီး သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာစာသင်ကျောင်းလည်း မြစ်ရေမြင့်တက်လာမှုကြောင့် နီးစပ်ရာဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့သင်ကြားနေရကြောင်း ဒေသခံများက ပြောသည်။

**(ဇွဲထက်ရှင်)**

❖ **ကျောဖုံးမှ**

(တောင်ကလေး)ကို အမှတ်ဖြင့်လည်းကောင်း၊ ဖိုးလပြည့်(ရွှေဖူး)က ဗိုစိုးအောင်(ဗမာ့သွေး)ကို ပထမအချိန် ၅၂ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ရွှေမင်းရာဇာ(မြိုင်ကလေးဘိလပ်မြေ)က သန့်ဇင်ထွန်း(ကျားဘုရင်)ကို တတိယအချီ ၁ မိနစ် ၃၀ စက္ကန့်အရောက်တွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။

(၆၀)ကီလိုတန်းပွဲစဉ်တွင် စိန်လုံးချော(ဗမာ့သွေး)က သူရအောင်(တိုက်ဂါး)ကို ပထမအချီ ၂ မိနစ် ၅ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ဟံသာဝတီ(အဖြူရောင်သွေးသစ်)က မင်းထက်မိုက်(တောင်ဇလပ်)ကို ပထမအချီ ၂ မိနစ် ၁၄ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ဇွဲလင်းအောင်(သုံးပန်းလှ)က စစ်မာန်(ရိုးရာပုဂံ)ကို ဒုတိယအချီ ၃၅ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ စစ်အောင်(မြိုင်ကလေးဘိလပ်မြေ)က စောဒါဝိတ်(တောင်ကလေး)ကို အမှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

(၅၄)ကီလိုတန်းပွဲစဉ်တွင် စိုးမိုးအောင်(တောင်ကလေး)က လာရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် အာကာမင်း(ကျားဘုရင်)ကို အနိုင်ပေးခဲ့သည်။ ဆက်လက်၍ အဆိုပါပွဲစဉ်တွင် အောက်ချင်းလေး(တောင်ဇလပ်)က မဟူရာကျား(နမ္မတူ)ကို ဒုတိယအချီ ၂ မိနစ် ၅၀ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ စိုးဝင်းသန်း(ရန်စစ်ငြိမ်း)က ဖြိုးလင်းဇော်(S.T.L)ကို ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း၊ ခွန်အာကာ(၁၈၈၆ မန္တလေး)က ဂျစ်တူး(တိုက်ဂါး)ကို အမှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသော လက်ဝှေ့ပြိုင်ပွဲများတွင် အထူးစိန်ခေါ်ပွဲတစ်ပွဲနှင့် ကွာတားဖိုင်နယ်အမှတ်ပေးပွဲစဉ် ဒုတိယနေ့ပွဲစဉ်များအဖြစ် တွဲဆိုင်း ၁၁ ဆိုင်းပါဝင်ပြီး ငါးချီယှဉ်ပြိုင်ထိုးသတ်ခဲ့ကြကြောင်း သိရသည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ဇာဏီ**

---

# ရေတာရှည်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ယာဉ်လွှဲပြောင်းပေးအပ်



**ရေတာရှည် ဇူလိုင် ၁၆**

မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ယာဉ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-အုပ်ချုပ်ရေးမှူး ဦးမင်းသူက အဖွင့်အမှာစကားပြောကြားပြီး တောင်ငူခရိုင်မီးသတ်တပ်ဖွဲ့မှူးက မီးသတ်ယာဉ်လွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး လွှဲပြောင်းပေးအပ်သော TOYOTA မီးသတ်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(၅၇၈)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁၉ စီး၊ သွင်းကုန် ၆၃၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄ စီး၊ သွင်းကုန် ၉၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်နှစ်စီးကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Fishing Net Noddle (1x50 kg) (600)kg၊ Fish Sauce



750 ml (1x12) (28)Pkgs၊ Instant Noodle (1x30) (42)Pkgs၊ Ice Cream Tank (1x5) (4) Pkgs၊ Soy Milk (125ml x 60) (30) Pkgs နှင့် Double Pigeon Baby Com (1 x 24) (10) Pkgs စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၈၅၅ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ် ငါးခူရရဲစခန်းအား အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သည့် တရားခံပြေးခြောက်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက ငါးခူရရဲစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သူ ခြောက်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် နယ်မြေ(၅) အောက်ပြူးမကျေးရွာ၌ တရားခံပြေးများ ရောက်ရှိနေကြောင်း သတင်းအရ ယမန်နေ့နံနက်ပိုင်းက ကျေးရွာအတွင်း အိမ်ထောင်စုစာရင်းများကို စစ်ဆေးခဲ့ရာ အိမ်ထောင်စုအမှတ်(၄၇)၌ နေထိုင်သူ မော်လဝီအီခရစ် ဆိုသူ အပါအဝင် ခြောက်ဦးအား ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက ငါးခူရရဲစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် တရားခံပြေးများဖြစ်ကြောင်း စိစစ်သိရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ငါးခူရနယ်မြေစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# ရေဘေးသင့်ပြည်သူများအတွက် ရဲတပ်ဖွဲ့ဝင်များက ရေသန့်ဘူးများ သွားရောက်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စစ်ပင်ရပ်ကွက်ရှိ ရေဝင်ရောက်သည့် ရပ်ကွက်များနှင့် မြစ်နားကိုင်းကျေးရွာရှိ အိမ်ခြေ ၂၅၅၊ လူဦးရေ ၁၀၁၀ တို့အတွက် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ကျော် ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်များ၊ ရပ်မိရပ်ဖများ ပါဝင်သောအဖွဲ့မှ ၂၀ လီတာဆံ့ ရေသန့်ဘူးကြီး ၆၀၀ အား အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၆**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မိုးညှင်းမြို့ အောင်သပြေ(၂)ရပ်ကွက် ဦးဖိုးကျားလမ်း အမှတ်(၂/၃၁၇)နေ မခွန်ဆန်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်အရှေ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်းကျေးရွာ ဝေဠုဝန်လမ်းတွင် မဖြူဖြူစိုးအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်ဖော်ထုတ်ချက်အရ ကုန်းတလပေါင်းကျေးရွာ ဝေဠုဝန်လမ်းသွယ်နေ ကွင်းဆက်တရားခံ ထိုက်ထိုက်နှင့် မနွယ်နီထွန်းတို့၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀၀ ကို လည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလပ်အုပ်စု ဝမ်လင်ရွာနေ စိုင်းရှဲန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ နှင့် မြန်မာငွေ တစ်သိန်းကျပ် တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စိုင်းရှဲန်အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

# လေယာဉ်ပစ် စစ်လက်ကျန်ဗုံးသီးဟောင်းတစ်လုံး တူးဖော်တွေ့ရှိ

**မိုးကောင်း ဇူလိုင် ၁၆**

ကချင်ပြည်နယ် မိုးကောင်းမြို့ ဈေးကုန်းရပ်တွင် မြို့တော်ခန်းမ မျက်နှာစာ လှေကားတပ်ဆင်ရန် ဇူလိုင် ၁၆ ရက်က ဖောင်ဒေးရှင်းတူးစဉ် ခြောက်ပေအနက်ခန့်မှ မြေစာကို ဘက်ဟိုးဖြင့် ကုတ်တင်ရာ အရှည် ၁ ပေ ၁၀ လက်မ၊ လုံးပတ် ၁၉ လက်မ၊ အချင်း ခြောက်လက်မရှိ စစ်လက်ကျန်လေယာဉ်ပစ်ဗုံးသီးအဟောင်းတစ်လုံးတွေ့ရှိကြောင်း မိုးကောင်းမြို့မရဲစခန်းမှ သိရသည်။

"ဘက်ဟိုးခွက်နဲ့ ကော်လိုက်တော့ သံလုံးကြီးကိုမြင်ပြီး မြေကြီးနဲ့ ခွဲသွားအောင်လုပ်ပြီး လွတ်တဲ့နေရာချကြည့်တော့ ကျည်ဆန်ကြီးဖြစ်နေတာ တွေ့တာနဲ့ တာဝန်ခံအင်ဂျင်နီယာကို အသိပေးလိုက်တာပါ"ဟု ဘက်ဟိုးယာဉ်မောင်း သန့်ဇော်လင်းက ပြောသည်။ **(မင်းမင်းဦး)**



# ကြက်ပျောက်ရှာရာမှ လူသတ်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ရွာသာယာကျေးရွာနေ မသင်းသင်းယု(၁၉)နှစ်သည် ဇူလိုင် ၁၅ ရက် ည ၇ နာရီခွဲတွင် နေအိမ်ရှိ ကြက်မှာ အိပ်တန်းတက်ချိန်တွင် ပျောက်ဆုံးနေ၍ မျက်နှာချင်းဆိုင်နေ အောင်လေး(ခ) အောင်ကျော်မိုး(၂၁)နှစ်၏ နေအိမ်သို့ ဓာတ်မီးဖြင့်ထိုးကြည့်ရာ ဆဲဆိုနေသောကြောင့် တိုင်ကြားရန်အတွက် ဒေါ်မဲလုံး(ခ) ဒေါ်ညိုညိုစန်း(၄၅)နှစ်အား ခေါ်ပြီး ထွက်လာစဉ် လမ်းပေါ်အရောက် အောင်လေး(ခ)အောင်ကျော်မိုးက အသင့်ပါလာသည့်ဓားဖြင့် ဒေါ်မဲလုံး(ခ)ဒေါ်ညိုညိုစန်းအား ထိုးသောကြောင့် ဒဏ်ရာများရရှိသေဆုံးသွားသဖြင့် အောင်လေး(ခ)အောင်ကျော်မိုးအား မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ကျောက်တုံးအားတိုက်မိပြီး ဆိုင်ကယ်ပေါ်မှပြုတ်ကျစဉ် ကားကြိတ်ခံရ၍ သေဆုံး

**နေပြည်တော် ဇူလိုင် ၁၆**

ရှမ်းပြည်နယ် ပင်လောင်းမြို့ ဟိုပိုးရွာသွားလမ်းဆုံ ပင်လောင်း-လွိုင်ကော်သွားကားလမ်း မိုင်တိုင်အမှတ်(၃၅/၄-၅)ကြားတွင် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီက ပင်လောင်းမြို့မှ လွိုင်ကော်မြို့သို့ ပင်စုံကျေးရွာနေ စိန်ဝင်း(ခ) မောင်ညွှန့်(၂၆)နှစ် မောင်းနှင်လာသော ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရှိ ကျောက်တုံးအား တိုက်မိသဖြင့် ရှေ့သို့ထိုးကျသွားစဉ် နောက်မှ နောင်ပိုးချောင်းခြားကျေးရွာနေ ခွန်အောင်တီး(၂၃)နှစ် မောင်းနှင်လာသောယာဉ်မှ မြေသားလမ်းဘက်သို့ ချိုးကွေ့ရာ စိန်ဝင်း(ခ) မောင်ညွှန့်မှာ ကားအောက်သို့ ရောက်ရှိပြီး ကားဝဲဘက်နောက်ဘီးဖြင့် ကြိတ်မိ၍ ဒဏ်ရာများ ရရှိခဲ့သဖြင့် လွိုင်ကော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားသောကြောင့် ခွန်အောင်တီးနှင့် စိန်ဝင်း(ခ)မောင်ညွှန့်တို့နှစ်ဦးအား ပင်လောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ဘူးသီးတောင်မြို့နယ်တွင် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသူအား သေဆုံးလျက် တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

ဘူးသီးတောင်မြို့နယ် ငရန့်ချောင်းကျေးရွာအုပ်စု မောင်နှမကျေးရွာမှ ဇူလိုင် ၄ ရက် နံနက်ပိုင်းက မျက်နှာဖုံးအနက်များ ဝတ်ဆင်ထားသည့် အမည်မသိသူ ၁၅ ဦးခန့်က ဖမ်းဆီးခေါ်ဆောင်သွားသည့် အဒူဆူဝမ်း၏ အလောင်းအား ယမန်နေ့ မွန်းလွဲပိုင်းက ကုလားပန်းဇင်ချောင်းစပ်၌ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ငရန့်ချောင်းကျေးရွာနေ လောင်းလှေသမားမာမောက်တူဟဲရ်သည် ယမန်နေ့ ညနေ ၃ နာရီခွဲက ဘူးသီးတောင်မြို့နယ် ကုလားပန်းဇင်ချောင်းစပ်၌ ရေမျောသောင်တင်နေသော အလောင်းတစ်လောင်းတွေ့ရှိကြောင်း တောင်ဘဇာနယ်မြေရဲစခန်းသို့ လာရောက်သတင်းပို့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဇူလိုင် ၄ ရက် နံနက်ပိုင်းက မျက်နှာဖုံးအနက်များ ဝတ်ဆင်ထားသူ ၁၅ ဦးခန့်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ ငရန့်ချောင်းကျေးရွာအုပ်စု မောင်နှမကျေးရွာမှ အဒူဆူဝမ်းဆိုသူဖြစ်ကြောင်း စိစစ်သိရှိရသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒလမြို့နယ် တွံတေးတူးမြောင်းဘေး ကမ်းပါးပြိုကျမှုဖြစ်ပွားနေ၍ အရေးပေါ် စီစဉ်ဆောင်ရွက်ပေးသွားမည်

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ဆာပါချောင်ကျောင်းစုရပ်ကွက် တွံတေးတူးမြောင်းဘေးရှိ ကျောက်စီရေထိန်းနံရံသည် ဇူလိုင် ၁၄ ရက်မှ စတင်ပြီး ရေထိန်းနံရံအတွင်းဘက်ရှိ မြေသားများ အက်ကွဲလာလျက်ရှိရာ ကူးတို့ဆိပ်ကမ်း ကွန်ကရစ်လှေကားနှင့် ရေထိန်းနံရံ၏ အောက်ခြေ အလျားပေ ၁၀၀ နီးပါးခန့် ပြိုကျပျက်စီးခဲ့ပြီး ဇူလိုင် ၁၅ ရက်တွင် တဖြည်းဖြည်း ကွဲကြောင်းများ အက်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိပြီး ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း ဆာပါချောင်ကျောင်းစုရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကျော်မှူးက ဒလမြို့နယ် ဆာပါချောင်ကျောင်းစုရပ်ကွက်ရှိ ရေထိန်းနံရံကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်က ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြုကျောက်စီတမံ အလျားပေ ၆၄၀ ဆောင်ရွက်ခဲ့ကြောင်း၊ ဇူလိုင် ၁၄ ရက်က ကျောက်ရိုးရှေ့ မြေသားအိဆင်းမှုကြောင့် အလျားပေ ၁၂၀၊ အနံပေ ၅၀ ခန့် မြေသားထု လျှောပြတ်ကျသွားခဲ့ခြင်းကြောင့် ကမ်းပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့ကြောင့် ယင်းနေရာအား အရေးပေါ်လုပ်ငန်းများဆောင်ရွက်နိုင်ရန် လက်ရှိကျောက်ရိုးအား အမြင့်ရှစ်ပေမှ အမြင့်လေးပေသို့ ဝန်တင်အလေးလျှော့ချခြင်း၊ နိုင်လွန်ပိုက်ဆွဲဝါးရေကာပြုလုပ်ခြင်း၊ သံမဏိကြိုးဆိုင်းရေလွှဲရေကာပြုလုပ်ခြင်းနှင့် Geobags များ ချထားခြင်း လုပ်ငန်းများကို အရေးပေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့များထံ တင်ပြထားကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကျော်မှူးထံမှ သိရသည်။ **နိုင်လင်းကျော်(ဒလ)**



## ပရီမီယာလိဂ်တန်းတက်မိတ်ဆက်(၃)

# အစဉ်အလာကောင်း၊ ထိရောက်တဲ့အားဖြည့်မှုတွေနဲ့ ဟက်ဒါဖီးလ်

**လာမယ့်နှစ် ပရီမီယာလိဂ်ပြိုင်ပွဲကို တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိလာခဲ့တဲ့အသင်းတွေထဲမှာ ဟက်ဒါဖီးလ်လည်း တစ်သင်းအပါအဝင်ဖြစ်တယ်။ ဟက်ဒါဖီးလ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်းမှာ အဆင့် (၅) နေရာမှာသာ ရပ်တည်နိုင်ခဲ့တဲ့အတွက် ပရီမီယာလိဂ်ကို တိုက်ရိုက်တက်ရောက်ခွင့်ရရှိခဲ့တဲ့ အသင်းတော့မဟုတ်ဘူး။ ဒါပေမယ့် ဟက်ဒါဖီးလ်ဟာ ပရီမီယာလိဂ်ကို တက်ရောက်ခွင့်ရဖို့အတွက် ယှဉ်ပြိုင်ကစားခဲ့ရတဲ့ အဆုံးအဖြတ်ပွဲစဉ်ကိုတော့ ကစားခွင့်ရခဲ့ပြီး အဆိုပါအဆုံးအဖြတ်ပွဲစဉ်မှာ ဗိုလ်စွဲနိုင်တဲ့အထိ စွမ်းဆောင်နိုင်ခဲ့မှုကြောင့် လာမယ့်နှစ် ပရီမီယာလိဂ်ကို တက်ရောက်ခွင့်ရရှိခဲ့တာဖြစ်တယ်။**

**ရှိုင်းမင်းမင်း**




### အစဉ်အလာကောင်းတဲ့အသင်း

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှာ အင်္ဂလန်ဘောလုံးလောကအတွင်း စတင်ပေါ်ထွက်လာခဲ့တဲ့ ပရီမီယာလိဂ်ပြိုင်ပွဲနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ ဟက်ဒါဖီးလ်ဟာ အဆိုပါပရီမီယာလိဂ်ပြိုင်ပွဲမှာ တစ်ကြိမ်တစ်ခါမှ ပါဝင်ကစားခဲ့ဖူးခြင်းမရှိတဲ့ အသင်းတစ်သင်းဖြစ်နေပြီး လာမယ့်ဘောလုံးရာသီမှသာ ပရီမီယာလိဂ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် စတင်တက်ရောက်နိုင်တဲ့ အသင်းပါ။ ဒါပေမယ့်လည်း ဟက်ဒါဖီးလ်ရဲ့ ကလပ်သမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်မယ်ဆိုရင်တော့ အင်္ဂလန်ဘောလုံးလောကမှာ ဟက်ဒါဖီးလ် ဆိုတာဟာ အစဉ်အလာပိုင်းအရ သေးနုတ်နုံချာတဲ့ အသင်းတစ်သင်းတော့ မဟုတ်ပါဘူးဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။

ဟက်ဒါဖီးလ်ဟာ အင်္ဂလန်ရဲ့ လက်ရှိအဆင့်အမြင့်ဆုံး အမှတ်ပေးပြိုင်ပွဲဖြစ်တဲ့ ပရီမီယာလိဂ်မှာ အရင်က တစ်ကြိမ်မှ ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးခြင်းမရှိပေမယ့်လည်း အရင်အင်္ဂလန်ရဲ့ အဆင့်မြင့်ဆုံးပြိုင်ပွဲအဖြစ် ပရီမီယာလိဂ်မတိုင်မီက တည်ရှိခဲ့တဲ့ ပထမတန်းပြိုင်ပွဲမှာတော့ ကာလရှည်ရပ်တည်နိုင်ခဲ့ဖူးတဲ့အသင်းတစ်သင်းပါ။ ဒ့ါအပြင် ဟက်ဒါဖီးလ်ဟာ အဆိုပါအင်္ဂလန်ရဲ့ အဆင့်အမြင့်ဆုံး အမှတ်ပေးချန်ပီယံဆုကို သုံးကြိမ်တိုင်တိုင် ရရှိခဲ့တဲ့အပြင် ဒုတိယဆုကိုလည်း သုံးကြိမ်တိုင်တိုင်ရယူနိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ဟက်ဒါဖီးလ်ဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာလည်း ချန်ပီယံဆုကို တစ်ကြိမ်ရရှိဖူးကာ ကွန်မြူနတီဒိုင်းကိုလည်း တစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့တဲ့ အစဉ်အလာတွေရှိခဲ့ဖူးတဲ့ အသင်းလည်း ဖြစ်ပါတယ်။

ဟက်ဒါဖီးလ်ဟာ ၁၉၀၈ ခုနှစ်မှာ အသင်းကို စတင်တည်ထောင်ခဲ့တာဖြစ်ပြီး စတင်တည်ထောင်ချိန်မှာ အခက်အခဲအချို့နဲ့ ကြုံခဲ့ရပေမယ့်လည်း ပထမကမ္ဘာစစ်အပြီးမှာတော့ အသင်းရဲ့တိုးတက်မှုဟာ မြန်ဆန်ခဲ့ပြီး ၁၉၂၀-၂၁ ရာသီမှာ အဆိုပါအချိန်က အင်္ဂလန်ရဲ့ အဆင့်အမြင့်ဆုံးအမှတ်ပေးပွဲဖြစ်တဲ့ ပထမတန်းပြိုင်ပွဲကို တက်ရောက်နိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။

### အအောင်မြင်ဆုံးကာလ

ဟက်ဒါဖီးလ်ရဲ့ အအောင်မြင်ဆုံးအချိန်ကာလဟာလည်း အဆိုပါကာလအတွင်းမှာသာ ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဆိုပါကာလအတွင်း ပထမတန်းပြိုင်ပွဲ ချန်ပီယံဆုကို သုံးကြိမ်ဆက်တိုက် ရယူနိုင်ခဲ့တဲ့အထိ စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ဟက်ဒါဖီးလ်ဟာ အဆိုပါကာလအတွင်း ပထမတန်းပြိုင်ပွဲမှာ ဒုတိယ သုံးကြိမ်၊ တတိယနှစ်ကြိမ်ရယူနိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့သလို အက်ဖ်အေဖလားမှာလည်း ချန်ပီယံဆုတစ်ကြိမ်၊ ဒုတိယဆု သုံးကြိမ်ရရှိခဲ့ကာ ကွန်မြူနတီဒိုင်းကို တစ်ကြိမ်ဆွတ်ခူးနိုင်တဲ့အထိ အောင်မြင်ခဲ့ပြီး အဆိုပါပထမတန်းပြိုင်ပွဲအတွင်းမှာ ဒုတိယကမ္ဘာစစ်အပြီး ၁၉၅၁-၅၂ ရာသီအထိ ဆက်တိုက်ရပ်တည်နိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။

ဒါကြောင့် ဟက်ဒါဖီးလ်ကို အစဉ်အလာပိုင်းအရ သိမ်ဖျင်းတဲ့အသင်းတစ်သင်း မဟုတ်ဘူးလို့ဆိုခဲ့တာဖြစ်ပြီး အင်္ဂလန်ဘောလုံးလောကရဲ့ အစောပိုင်းကာလတွေမှာ အသင်းကြီးတစ်သင်းအဖြစ် နေထိုင်ခဲ့တဲ့အသင်းလို့ ဆိုရမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ဟက်ဒါဖီးလ်ရဲ့အခြေအနေတွေဟာ တည်ငြိမ်မှုမဲ့ခဲ့သလို သူတို့ရဲ့ရပ်တည်မှုတွေကလည်း အတက်အကျ ကြမ်းတမ်းခဲ့ရပါတယ်။

### တစ်ကျော့ပြန်ဟက်ဒါဖီးလ်

၁၉၇၀ ပြည့်လွန်နှစ်များအတွင်းမှာဆိုရင် ဟက်ဒါဖီးလ်ဟာအခြေအနေ ပိုမိုယိုင်နဲ့ခဲ့ပြီး စတုတ္ထတန်းအဆင့်အထိတောင် ဆင်းသက်ခဲ့ရတဲ့ ကာလတွေလည်းရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီအသင်းရဲ့ ကံကြမ္မာဟာ ၁၉၉၀ ပြည့်လွန်နှစ်တွေမှာတော့ တစ်ကျော့ပြန်ဦးမော့လာခဲ့ပြီး တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာခဲ့ကာ ၂၀၁၂-၁၃ ရာသီမှာတော့ ပရီမီယာလိဂ်နဲ့ အနီးစပ်ဆုံးနေရာဖြစ်တဲ့ လိဂ်ချန်ပီယံရှစ်ကို စတင်ရောက်ရှိလာနိုင်ခဲ့ပါတယ်။ ချန်ပီယံရှစ်မှာ ငါးရာသီသာ ကျင်လည်ခဲ့ပြီး ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိလာခဲ့တာလည်းဖြစ်ပါတယ်။

ပရီမီယာလိဂ်ရယ်လို့ အမည်မပြောင်းခင် အင်္ဂလန်ရဲ့ အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ ပထမတန်းပြိုင်ပွဲအတွင်းမှာလည်း ဘောလုံးရာသီ ၃၁ ရာသီတိတိ ကျင်လည်နိုင်ခဲ့တဲ့ အစဉ်အလာကိုကြည့်မယ်ဆိုရင် ဟက်ဒါဖီးလ်ဟာ အင်္ဂလန်ဘောလုံးလောကမှာ မှတ်တမ်းကောင်းတွေကို ပိုင်ဆိုင်ထားတဲ့အသင်းလည်း ဖြစ်တယ်လို့ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ဟက်ဒါဖီးလ် ပရီမီယာလိဂ်ကို တက်ရောက်လာနိုင်ခြင်းဟာ အင်္ဂလန်ဘောလုံးလောကအတွက် မှတ်တမ်းဟောင်းတစ်ခုကို ပြန်လည်တူးဖော်ရာ ရောက်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားကြပေမယ့် ပရီမီယာလိဂ်မှာ ကြာရှည်စွာရပ်တည်နိုင်ပ့ါမလားဆိုတာ ပိုမိုပြီးစိတ်ဝင်စားဖို့လည်း ကောင်းလာခဲ့ပါတယ်။

### ထိရောက်တဲ့ဖြည့်တင်းမှု

ဟက်ဒါဖီးလ်ဟာ အခုအချိန်မှာ အသင်းကို ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ကြာရှည်စွာ ရပ်တည်နိုင်ဖို့အတွက်လည်း ထိရောက်တဲ့ အင်အားဖြည့်တင်းမှုတွေကို ပြုလုပ်ထားခဲ့တာကို တွေ့ရပါတယ်။ အရှင်းဆုံးပြောရရင် အခုအချိန်မှာတင် ဟက်ဒါဖီးလ်ဟာ ကစားသမား ကိုးဦးတိတိကိုခေါ်ယူထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဟက်ဒါဖီးလ်အနေနဲ့ ဒီနွေဈေးကွက်အတွင်းမှာ အင်ဂေါ့စတက်ညာတောင်ပံကစားသမားကာ ချန်ဂါကို ခေါ်ယူထားနိုင်သလို ပေါ်တိုတိုက်စစ်မှူး ဒီပိုထရီကိုလည်း ခေါ်ယူထားနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ဟက်ဒါဖီးလ်ဟာ မန်စီးတီး ကွင်းလယ်ကစားသမား အာရွန်မိုး၊ ဒါဘီ ဘယ်တောင်ပံကစားသမားတွမ်အင့်၊ ရက်ဒင်း ကွင်းလယ်ကစားသမား ဒန်နီဝီလီယံ၊ မောင့်ပယ်လီယာတိုက်စစ်မှူး စတိဗ်မူနေး၊ ဖူလ်ဟမ် ဘယ်တောင်ပံ ခံစစ်မှူး စကော့မာလွန်နေးနဲ့ ကိုပင်ဟေဂင် ဗဟိုခံစစ်မှူး ဂျော်ဂျင်ဆန်တို့ကိုခေါ်ယူထားခဲ့ပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ နီးပါးအသုံးပြုထားခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။

အဆိုပါ ကစားသမားတွေအထဲမှာ တိုက်စစ်မှူးကာချန်ဂါ၊ ကွင်းလယ်ကစားသမား အာရွန်မိုးတို့ဟာ မနှစ်ကရာသီကတည်းက ဟက်ဒါဖီးလ်ကို အငှားနဲ့ရောက်ရှိကစားနေသူတွေဖြစ်ပြီး အခုမှသာ အပြီးသတ်ခေါ်ယူခဲ့တာဖြစ်လို့ အဆိုပါကစားသမားနှစ်ဦးကတော့ အသင်းအတွက် အင်အားသစ်လို့ မဆိုနိုင်ပေမယ့် တိုက်စစ်မှူးဒီပေါ်ထရီ၊ ဘယ်တောင်ပံကစားသမား တွမ်အင့်စ်၊ ကွင်းလယ်ကစားသမား ဒန်နီဝီလီယံ၊ တိုက်စစ်မှူး စတိဗ်မူနေး၊ ဘယ်တောင်ပံခံစစ်မှူး စကော့မာလွန်နေးနဲ့ ဗဟိုခံစစ်မှူး ဂျော်ဂျင်ဆန်တို့ကတော့ အင်အားသစ်တွေဖြစ်ပါတယ်။ ဒ့ါအပြင် ချယ်လ်ဆီး လူငယ်ကွင်းလယ်ကစားသမား ပဲလ်မာကိုလည်း အငှားနဲ့ဆက်လက်ခေါ်ယူနိုင်ခဲ့သလို မိန့်ဇ်ဂိုးသမား ဂျိုးနက်စ်လောစီကိုလည်း အငှားနဲ့ခေါ်ယူအားဖြည့်ထားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း လက်ရှိအချိန်မှာ တန်းတက်အသင်းတွေအနက် ဟက်ဒါဖီးလ်ရဲ့ အင်အားဖြည့်တင်းမှုက အားရစရာအကောင်းဆုံးလို့တောင် ဆိုရမှာဖြစ်ပါတယ်။

### စောင့်ကြည့်ရမယ့်အသင်း

ဟက်ဒါဖီးလ်ကို ကိုင်တွယ်နေခဲ့တဲ့ မန်နေဂျာဒေးဗစ်ဝါနာကလည်း မန်နေဂျာကောင်းတစ်ဦးလို့သတ်မှတ်နိုင်ပြီး အထူးသဖြင့် သူဟာ ဟက်ဒါဖီးလ်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းလောက်မှသာ စတင်ကိုင်တွယ်ခဲ့တာဖြစ်ပေမယ့်လည်း ကိုင်တွယ်ခဲ့တဲ့ တစ်နှစ်ခွဲအတွင်းမှာ ဟက်ဒါဖီးလ်ကို ပရီမီယာလိဂ်အထိ တက်ရောက်နိုင်အောင် ဦးဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဒေးဗစ်ဝါနာဟာ မန်နေဂျာအတွေ့အကြုံပိုင်းအရတော့ နည်းပါးသူဖြစ်ပြီး မန်နေဂျာလောကကို ၂၀၁၁ ခုနှစ်မှသာ ဒေ့ါမွန်အရန်အသင်းကို ကိုင်တွယ်ပြီး စတင်ဝင်ရောက်လာတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ရောက်မှသာ ဟက်ဒါဖီးလ်ကို ပြောင်းရွှေ့ခဲ့သူဖြစ်ပါတယ်။ ကစားသမားဘဝတုန်းက ရှော်လ်ကေးနဲ့အတူ ယူအီးအက်ဖ်အေဖလားရရှိခဲ့ပေမယ့်လည်း မန်နေဂျာဘဝမှာတော့ အဆင့်မြင့်ပြိုင်ပွဲတစ်ခုမှာ အသင်းတစ်သင်းကို ဦးဆောင်ဖူးတဲ့အတွေ့အကြုံနည်းပါးသေးသူဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြိုင်ဆိုင်မှုပြင်းထန်ပြီး ထိပ်တန်းမန်နေဂျာတွေပေါများတဲ့ ပရီမီယာလိဂ်လိုပြိုင်ပွဲအတွင်းမှာ ဒေးဗစ်ဝါနာအနေနဲ့ ဟက်ဒါဖီးလ်ကို တည်ငြိမ်အောင် ဦးဆောင်နိုင်ပ့ါမလားဆိုတာ သံသယဖြစ်စရာကောင်းနေခဲ့ပါတယ်။

ဟက်ဒါဖီးလ်ဟာ လက်ရှိအချိန်မှာ ကစားသမားအားဖြည့်မှုကောင်းမွန်ပေမယ့် ကစားသမားအဝင်၊ အထွက်များပြားနေမှုကြောင့် အသင်းရဲ့ဟန်ချက်ကိုလည်း ထိခိုက်မှုတွေရှိလာနိုင်ပါတယ်။ ဒါကြောင့် ဟက်ဒါဖီးလ်အနေနဲ့ သမိုင်းကြောင်းအရ အစဉ်အလာကောင်းမွန်ခဲ့တဲ့ အသင်းတစ်သင်းဖြစ်ပေမယ့်လည်း ကစားသမားအဝင်၊ အထွက် များခြင်းကြောင့် အသင်းလိုက် ဟန်ချက်ထိခိုက်နိုင်ခြင်း၊ မန်နေဂျာရဲ့ပြိုင်ပွဲကြီးအတွေ့အကြုံ နည်းပါးခြင်းတို့ကြောင့် ဟက်ဒါဖီးလ်အနေနဲ့ ပရီမီယာလိဂ်သက်တမ်း အခွန့်ရှည်၊ မရှည် ဆိုတာကို ဆက်လက်စောင့်ကြည့်သွားရမှာဖြစ်တယ်လို့ပဲ ဆိုချင်မိပါတယ်။

## စံပြကစားသမား ဗီးနပ်စ်ဝီလျံကို အနိုင်ယူပြီး ဝင်ဘယ်လ်ဒန်အိုးပင်းဖလားကို မူဂူရူဇာ ဆွတ်ခူး



ဇူလိုင် ၁၅ ရက်က ယှဉ်ပြိုင်ခဲ့သည့် ဝင်ဘယ်လ်ဒန်အိုးပင်းဗိုလ်လုပွဲတွင် မူဂူရူဇာသည် သူ၏စံပြကစားသမားအဖြစ် သတ်မှတ်ထားသူ ဗီးနပ်စ်ဝီလျံကို ၇-၅၊ ၆-၀ ဖြင့် အနိုင်ယူပြီး သူ့အတွက် ဒုတိယမြောက် ဂရင်းစလင်းချန်ပီယံဆုကို ရယူသွားခဲ့ပြီဖြစ်သည်။ အသက်(၂၃)နှစ်အရွယ် မူဂူရူဇာသည် ပြီးခဲ့သည့်နှစ် ပြင်သစ်အိုးပင်းဖလားကို ဆွတ်ခူးခဲ့ပြီးကတည်းက ၂၃ ပွဲ ဆက်တိုက် တစ်ပွဲမျှ ဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းမရှိသော်လည်း ယခုတစ်ကြိမ်တွင် အသက်(၃၇)နှစ်အရွယ် ဗီးနပ်စ်ဝီလျံကို အနိုင်ယူဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

မူဂူရူဇာသည် ၂၀၁၅ ဗိုလ်လုပွဲတွင် ဗီးနပ်စ်၏ညီမ ဆရီနာ ဝီလျံကို အရေးနိမ့်ကာ ချန်ပီယံဘွဲ့ကို လက်လွှတ်ခဲ့ရသည်။ မူဂူရူဇာက "ဂရင်းစလင်း ဆွတ်ခူးနိုင်တိုင်း ကျွန်မကိုယ်ကျွန်မပြန်ကြည့်ရတာ ကျေနပ်ရပါတယ်"ဟု ပွဲအပြီးတွင် ပျော်ရွှင်မှုအပြည့်ဖြင့် ပြောကြားခဲ့သည်။ မူဂူရူဇာမှာ တနင်္လာနေ့(ယနေ့) WTA အဆင့်သတ်မှတ်ချက်ထုတ်ပြန်ရာတွင် အဆင့် (၁၅)နေရာမှ (၅)နေရာသို့ ခုန်ပျံတက်လှမ်းနိုင်မည်ဖြစ်သည်။ မူဂူရူဇာက မိမိမှာ ဗီးနပ်စ်၏ ကစားပုံများကို ကြည့်ရှုပြီး ကြီးပြင်းခဲ့ရသူဖြစ်ကြောင်း ပြောကြားခဲ့ချိန်တွင် ပရိသတ်များက ဝိုင်းရယ်ကြရာ သူက ဗီးနပ်စ်ဘက်သို့ လှည့်ပြီး" ဆောရီး"ဟု ဆိုခဲ့သည်။ မူဂူရူဇာက သူ၏စံပြအဖြစ်သတ်မှတ်ထားသူ ဗီးနပ်စ်ဝီလျံကို အနိုင်ယူပြီး ချန်ပီယံဘွဲ့ကို ရယူနိုင်ခဲ့သဖြင့် ပိုမိုကျေနပ်ရကြောင်း ထည့်သွင်းပြောကြားခဲ့သေးသည်။ သို့သော် မူဂူရူဇာနှင့် ဗီးနပ်စ်ဝီလျံတို့ကြား အသက်(၁၄)နှစ်ကွာဟခြင်းက ပွဲ၏အဓိကအဖြေမဟုတ်ခဲ့ဘဲ ဗီးနပ်စ်၏ စပေးရိုက်ချက် အမှားများခဲ့ခြင်းက မူဂူရူဇာအတွက် အောင်ပွဲကိုဖြစ်စေခဲ့သည်။ **(မေလှဲ့သင်း)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

### အခန်း (၁၅)
### မသန်စွမ်း ကလေးသူငယ်များ

၅၁။ မသန်စွမ်းကလေးသူငယ်များသည် -
(က) မွေးရာပါအသက်ရှင်သန်ခွင့်ရှိပြီး ကလေးသူငယ်အခွင့်အရေး၊ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့်အပါအဝင်အခြေခံ လွတ်လပ်ခွင့်များကို အခြားသန်စွမ်းသူ ကလေးသူငယ်များနည်းတူ ခံစားခွင့်ရှိသည်။
(ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ အခွင့်အရေးများ အားလုံး သန်စွမ်းသူကလေးများနှင့် တန်းတူခံစားခွင့်ရှိသည်။
(ဂ) ကိုယ်တိုင်ဆုံးဖြတ် သုံးသပ်နိုင်စွမ်းမရှိသည့် ဉာဏ်ရည်ဆိုင်ရာ မသန်စွမ်း ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွား အတွက် တည်ဆဲဥပဒေနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက ကိုယ်စား စီစဉ်ဆောင်ရွက်ခွင့်ရှိသည်။
(ဃ) နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု အမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ် ရထိုက်ခွင့်ရှိသည်။

၅၂။ မသန်စွမ်းကလေးသူငယ်တိုင်းသည် -
(က) ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာ သင်ယူမှုများ အပါအဝင် ပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများ ရရှိစေရမည်။
(ခ) မိမိတို့နေထိုင်ရာ ရပ်ရွာ သို့မဟုတ် အနီးစပ်ဆုံးဒေသရှိနိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အခမဲ့ပညာသင်ယူခွင့် ရှိသည့်အဆင့်အထိ အခြားသူများနည်းတူ သင်ယူခွင့်ရှိသည်။

၅၃။ ပညာရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ -
(က) အခြေခံပညာအဆင့်မှ တက္ကသိုလ်ပညာအဆင့်အထိ မသန်စွမ်း ကလေးသူငယ်များ ပညာသင်ယူရာတွင် လိုအပ်သော သင်ရိုးညွှန်းတမ်းများ၊ နေရာထိုင်ခင်းများ၊ သွားလာဆက်သွယ်မှုဆိုင်ရာ အထောက်အပံ့များနှင့် သင်ထောက်ကူ ပစ္စည်းများရရှိရေးအတွက် အစီအစဉ်များ ချမှတ်ပေးရမည်။
(ခ) လူတိုင်းအကျုံးဝင်ပညာရေးစနစ် သို့မဟုတ် အထူးပညာရေး စနစ်နှင့် ပညာရေးကောလိပ်များ၊ ပညာရေးတက္ကသိုလ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ထည့်သွင်းသင်ကြားရန် လည်းကောင်း၊ မသန်စွမ်းမှုအမျိုးအစားအလိုက် သင်ကြားနည်းစနစ်များနှင့် တစ်ဦးကိုတစ်ဦးဆက်သွယ်ခြင်း နည်းစနစ်များ သင်ယူနိုင်ရန် လည်းကောင်း ဆောင်ရွက်ရမည်။

၅၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍-
(က) မသန်စွမ်းမှုဖြစ်ခြင်းကို ကာကွယ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရမည်။
(ခ) မွေးကင်းစကလေးနှင့် ကလေးသူငယ်များတွင် မသန်စွမ်းမှုဖြစ်ပွားသည့်နှုန်း အနည်းဆုံးဖြစ်စေရန် စီမံချက်များ ဆောင်ရွက်ရမည်။
(ဂ) မသန်စွမ်းကလေးသူငယ်များအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို ကျေးလက်ဒေသများအထိ အခမဲ့ သို့မဟုတ် မသန်စွမ်းသူများ ကျခံနိုင်သောနှုန်းထားဖြင့် ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၅၅။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၁ နှင့် ၅၂ တို့ပါ မသန်စွမ်းကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိစေရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့နိုင်သမျှ ထောက်ပံ့နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံပြီး သီးခြားအစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၅၆။ အမျိုးသားကော်မတီသည် မသန်စွမ်းကလေးသူငယ်များအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ရန်ပုံငွေမှ တတ်နိုင်သမျှ ထောက်ပံ့ငွေနှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေများဖြင့် စီမံချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

### အခန်း (၁၆)
### ကလေးသူငယ်အပေါ် အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်း

၅၇။ မည်သူမျှ ကလေးသူငယ်အပေါ် တစ်နည်းနည်းဖြင့် နစ်နာဆုံးရှုံးစေသည့် သို့မဟုတ် ထိခိုက်ဒဏ်ရာရစေသည့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် တစ်ခုခုကိုမပြုလုပ်ရ။

၅၈။ ပုဒ်မ ၅၇ ပါ အကြမ်းဖက်ခြင်းခံရသော ကလေးသူငယ်များ အပါအဝင် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ကို တွေ့ကြုံခံစားရသော သို့မဟုတ် ပြုလုပ်ခြင်းခံရသော ကလေးသူငယ်အား ကာကွယ်စောင့်ရှောက်ရန်လိုသည် -
(က) အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းခံရသည့် ကလေးသူငယ်၊
(ခ) လမ်းပေါ်နေကလေးသူငယ်၊
(ဂ) အကျဉ်းထောင်ကျ ကလေးသူငယ်၊
(ဃ) စီးပွားရေးအရ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခံရသော ကလေးသူငယ်၊
(င) လူကုန်ကူးခံရသော ကလေးသူငယ်၊
(စ) ကွာရှင်းနေသည့် သို့မဟုတ် ခွဲခွာနေထိုင်သည့် မိဘများ၏ ကလေးသူငယ်၊
(ဆ) ခုခံအားကျဆင်းမှုကူးစက်ရောဂါ ခံစားရသော ကလေးသူငယ် သို့မဟုတ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ခံစားနေရသည့် မိဘများ၏ ကလေးသူငယ်၊
(ဇ) တောင်းရမ်းစားသောက်နေသော ကလေးသူငယ်၊
(ဈ) မူးယစ်ဆေးဝါးများ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းပြုရာတွင် အသုံးချခံရသော ကလေးသူငယ်၊
(ည) မိဘ သို့မဟုတ် အုပ်ထိန်းသူ မရှိသော၊ စိတ်ပေါ့သွပ်နေသော သို့မဟုတ် ကူးစက်တတ်သည့်ရောဂါ စွဲကပ်နေသော ကလေးသူငယ်၊
(ဋ) မိဘ သို့မဟုတ် အုပ်ထိန်းသူက ထိန်းသိမ်း၍ မရနိုင်လောက်အောင် ဆိုးသွမ်းနေသော ကလေးသူငယ်၊
(ဌ) သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်စေ ထိခိုက်ခံစားရသော ကလေးသူငယ်၊
(ဍ) ချို့တဲ့နွမ်းပါးသည့် မသန်စွမ်းကလေးသူငယ်။

၅၉။ (က) မည်သူမဆို ပုဒ်မ ၅၈ ပါ ကလေးသူငယ် တစ်ဦးဦးအား ကာကွယ်စောင့်ရှောက်မှု ပြုသင့်သည်ဟု ထင်မြင်ယူဆလျှင် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိထံသို့ အကျိုးအကြောင်းဖော်ပြ၍ အကြောင်းကြားနိုင်သည်။
(ခ) လူမှုဝန်ထမ်းအရာရှိသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ မိမိကိုယ်တိုင် တစ်နည်းနည်းဖြင့် သတင်းရရှိလျှင်ဖြစ်စေ ကလေးသူငယ်အား ကာကွယ်စောင့်ရှောက်မှုပြုရန် လိုအပ်ခြင်း ရှိမရှိ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်များကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။ ထို့အပြင် ကလေးသူငယ်အား မိဘအုပ်ထိန်းသူထံသို့ ဖြစ်စေ၊ သင်တန်းကျောင်း၊ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာသို့ ဖြစ်စေ အပ်နှံထားရန် ညွှန်ကြားနိုင်သည်။
(ဂ) လူမှုဝန်ထမ်းအရာရှိသည် မိမိ၏စုံစမ်းစစ်ဆေးမှု ပြုနေစဉ်အတွင်း ကလေးသူငယ်အပေါ် ကျူးလွန်ခဲ့သည့်ပြစ်မှုမှာ ကြီးလေးသော ပြစ်မှုဖြစ်ကြောင်း ထင်ရှားစွာတွေ့ ရှိရလျှင် သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားရမည်။

၆၀။ ရဲအရာရှိ သို့မဟုတ် လူမှုဝန်ထမ်းအရာရှိသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသဖြင့် သင်တန်းကျောင်း၊ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာတွင် ယာယီ ထိန်းသိမ်းစောင့်ရှောက်ထားသော ကလေးသူငယ်အား ဆေးဝါးကုသမှုခံယူရန် လိုအပ်နေသည်ဟု ထင်မြင်ယူဆပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ဆေးဝါးကုသမှု ခံယူရန် ပို့ဆောင်ရမည်။

### အခန်း (၁၇)
### ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခ

၆၁။ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်နစ်နာသော ကလေးသူငယ်များ၏ အခွင့်အရေးများကို အလေးဂရုပြုရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖြည့်ဆည်းပေးရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင် အုပ်စုများသည် -
(က) နိုင်ငံတော်၏ပိုင်နက်နယ်မြေအတွင်း လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများက ကလေးသူငယ်အပေါ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမပြုစေရန် တားဆီးရေးနှင့် အကာအကွယ်ပေးရေးတို့အတွက် ဖြစ်နိုင်သော အစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။
(ခ) လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်သော၊ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်နစ်နာသော သို့မဟုတ် နေရပ်စွန့်ခွာရသော ကလေးသူငယ်များ အားလုံးကို ဒုက္ခခံစားရသူများအဖြစ် သတ်မှတ်၍ ယင်းကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို အရေးကြီးကိစ္စအဖြစ် သဘောထားပြီး ယင်းကဲ့သို့ ဖြစ်ပွားရသည့် အကြောင်းအရင်းများကို ဖော်ထုတ်ကာ ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စီမံဆောင်ရွက်ရမည်။
(ဂ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများက အသက် (၁၈) နှစ် မပြည့်သေးသူများကို တပ်သားအဖြစ် စုဆောင်းခြင်း၊ အသုံးချခြင်းမပြုရန်နှင့် စုဆောင်းခံရသော ကလေးသူငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပြုရန် ဖြစ်နိုင်သမျှ အစီအမံများချမှတ်၍ ဆောင်ရွက်ရမည်။
(ဃ) လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်၍ ကလေးသူငယ်များအပေါ် ချိုးဖောက်မှုများအတွက် တာဝန်ရှိသူများအား အရေးယူတရားစွဲဆို တင်ပို့ရေးအတွက် ဆောင်ရွက်ရမည်။ အကယ်၍ ချိုးဖောက်သူများမှာ တပ်မတော်သား စစ်မှုထမ်းများဖြစ်ပါက စစ်ဘက်တရားစီရင်ရေးအရ အရေးယူဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးရမည်။ ထိုသို့လွှဲပြောင်းပေးပြီးနောက် စစ်ဘက်တရားရုံး၏ ဆုံးဖြတ်ချက်မိတ္တူကို တောင်းယူ၍ ချိုးဖောက်ခံရသော ကလေးသူငယ်၏ မိသားစုထံ ပေးပို့ရမည်။
(င) လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်သော ကလေးသူငယ်များအား သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုများမှအပ အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် စွဲဆိုသည့်အမှုကို ရုပ်သိမ်း၍ ကလေးသူငယ်ကို လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးပြီး သင်တန်းကျောင်း၊ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာတွင် ပြုပြင်စောင့်ရှောက်မှု ခံယူစေရမည်။
(စ) ပဋိပက္ခမှု၏ ရလဒ်အဖြစ် နေရပ်စွန့်ခွာရသော ကလေးသူငယ်များနှင့် ဒုက္ခခံစားရသူ ကလေးသူငယ်များ၏ ဘဝရပ်တည်ရန် ခက်ခဲမှုကို ထည့်သွင်းစဉ်းစားပြီး အန္တရာယ်ကင်းရှင်းစွာ အခြေခံဝန်ဆောင်မှုများကို ရယူနိုင်စေရေးတို့အတွက် ဦးစားပေးကိစ္စအဖြစ် ဆောင်ရွက်ရမည်။
(ဆ) ဤအခန်းပါ ပြဋ္ဌာန်းချက်များကို ကလေးသူငယ်များ အပါအဝင် အရွယ်ရောက်ပြီးသူများအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်၍ လိုက်နာကြစေရန် သင့်လျော်သောနည်းလမ်းများဖြင့် သတင်းဖြန့်ချိခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်။
(ဇ) တပ်သားအဖြစ် စုဆောင်းခံရသော သို့မဟုတ် အသုံးပြုခံရသော ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ထိခိုက်နစ်နာသော ကလေးသူငယ်များအား ယင်းတို့၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကောင်းမွန်စေရန် ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လည်းကောင်း၊ ပညာသင်ကြားရေးအတွက် လည်းကောင်း၊ လူမှုအသိုင်းဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ ပေါင်းစည်းနိုင်ရေးအတွက် လည်းကောင်း အစီအမံများ ချမှတ်ပြီး သင့်လျော်သော အကူအညီများပေးရမည်။

၆၂။ မည်သူမဆို လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ ဥပဒေနှင့်ဆန့်ကျင်သော ချိုးဖောက်မှုတစ်ခုခုကို ကျူးလွန်ပါက ပြစ်မှုကျူးလွန်ရာ ရောက်သည် -
(က) ကလေးသူငယ်ကို တပ်သားအဖြစ် စုဆောင်းခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခတွင် အသုံးပြုခြင်း၊
(ခ) ရိက္ခာလက်နက်ပစ္စည်း သယ်ယူခိုင်းခြင်း သို့မဟုတ် သယ်ယူရန် အနိုင်အထက် ဆင့်ခေါ်ခြင်း၊
(ဂ) သတ်ဖြတ်ခြင်းနှင့် ကိုယ်လက်အင်္ဂါ ထိခိုက်ပျက်စီးစေခြင်း၊
(ဃ) မုဒိမ်းကျင့်ခြင်းနှင့် အခြားလိင်မှုကိစ္စ အကြမ်းဖက်ခြင်း၊
(င) ကျောင်းများနှင့် ကလေးသူငယ်များ တက်ရောက်ကုသသည့် ဆေးရုံများကို တိုက်ခိုက်ခြင်း၊
(စ) လူသားချင်းစာနာမှုအကူအညီ၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ရရှိမှုကို ငြင်းဆိုအဟန့်အတားပြုခြင်း။

၆၃။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရှိစေရမည် -
(က) လျစ်လျူရှုခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းများမှ ကာကွယ်စောင့်ရှောက်မှု ခံယူခွင့်၊
(ခ) အတင်းအကြပ် လိုက်နာစေရန် နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် အခြား ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့ဂုဏ်သိက္ခာကျဆင်းစေသော အမူအကျင့်များပြုမူခြင်း သို့မဟုတ် မလိုက်နာသည့်အတွက် အပြစ်ပေးသည့်အနေဖြင့် စစ်သားအဖြစ် စုဆောင်းခြင်း သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်စေခြင်းတို့မှ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှု ခံယူခွင့်၊
(ဂ) အကြောင်းတစ်ရပ်ရပ်ကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ပြင်ပသွားလာခွင့်မပြုသော စခန်းများတွင် နေစေခြင်းမှ ကင်းလွတ်ခွင့်၊
(ဃ) ကျူးလွန်ခံရသူ ကလေးသူငယ်များနှင့် ကလေးသူငယ်အခွင့်အရေးချိုးဖောက်မှုခံရပြီး အသက်မသေကျန်ရှိသူများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းပြန်လည်ထူထောင်ရေးနှင့် လူမှုရေးအဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရန် သင့်လျော်သောအကူအညီရရှိခွင့်၊
(င) ထိခိုက်နစ်နာမှုများ၊ ဆုံးရှုံးမှုများအတွက် ပံ့ပိုးခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ကျူးလွန်သူများအား မှုခင်းများစွဲဆိုရာတွင် ဥပဒေ ဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ အကူအညီရရှိခွင့်၊
(စ) ကလေးသူငယ်အခွင့်အရေးများကို ရရှိခံစားနိုင်ရန် လိုအပ်သော စာရွက်စာတမ်းများကိုရရှိခွင့်။

### အခန်း (၁၈)
### ကလေးသူငယ်ကို ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်းနှင့်တရားခံလွှဲပြောင်းပေးခြင်း

၆၄။ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံထားသော ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ပရိုတိုကောလ်အရ အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ကလေးသူငယ်၏ ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကလေးသူငယ်များအပေါ် ကျူးလွန်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည် -
(က) ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အကျိုးအမြတ်အတွက် ကလေးသူငယ်၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းကို လွှဲပြောင်းခြင်း သို့မဟုတ် ကလေးသူငယ်ကို အဓမ္မအလုပ်ခိုင်းစေခြင်း အလို့ငှာ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကမ်းလှမ်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် လက်ခံခြင်း၊
(ခ) ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်းအလို့ငှာ ကမ်းလှမ်းခြင်း၊ ရယူခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ထောက်ပံ့ခြင်း၊
(ဂ) ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ယင်းကိစ္စအလို့ငှာ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ညစ်ညမ်းပုံကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း။

**ဆက်လက်ဖော်ပြပါမည်။**

# ချင်းတွင်းမြစ်အတွင်းသွား ရေယာဉ်များ ဇူလိုင် ၁၉ ရက် ပြန်လည်ပြေးဆွဲမည်

**မုံရွာ ဇူလိုင် ၁၆**
ချင်းတွင်းမြစ်အထက်ပိုင်း မြစ်ရိုးတစ်လျှောက်မြို့နယ်များတွင် စိုးရိမ်ရေအမှတ်အထက်တွင် ဆက်လက်တည်ရှိနေသဖြင့် ချင်းတွင်းမြစ်အတွင်းသွား ရေယာဉ်ခရီးစဉ်များကို နှစ်ရက်ကြာ ထပ်မံရပ်နားထားမည်ဖြစ်ကြောင်း မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီမှ သိရသည်။

ချင်းတွင်းမြစ်ရေသည် ဇူလိုင်လဒုတိယပတ်တွင် မြင့်တက်လာသဖြင့် မုံရွာမြို့မှ အထက်ပိုင်းဒေသများသို့ ထွက်ရှိမည့်ခရီးစဉ်များကို ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ တစ်ကြိမ်၊ ဇူလိုင် ၁၃ ရက်မှ ဇူလိုင် ၁၆ ရက်အထိတစ်ကြိမ်ရပ်နားထားခဲ့ရာ မြစ်ရေကျဆင်းခြင်းမရှိသဖြင့် ခရီးစဉ်ပြေးဆွဲမှုများကို ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်အထိ နှစ်ရက်ကြာထပ်မံရပ်နားခြင်းဖြစ်ကြောင်း သိရသည်။

"ခရီးစဉ်ပြေးဆွဲမှုတွေကို မြစ်ရေကြီးမြင့်မှု အခြေအနေအရ ကိုးရက်ရပ်နားထားပါတယ်။ အခု အထက်ပိုင်းတွေမှာ မြစ်ရေတွေက ခန္တီးမြို့နဲ့ ဟုမ္မလင်းမြို့တွေမှာတော့ စိုးရိမ်ရေအမှတ်အောက်ကို စရောက်နေပြီ၊ ကျန်မြို့တွေကတော့ စိုးရိမ်ရေအမှတ်အထက်မှာပဲ ရှိသေးတယ်။ အဲဒါကြောင့် ခရီးစဉ်ပြေးဆွဲမှုကို နှစ်ရက်ထပ်ပြီးတော့ နားတာပါ။ သတ်မှတ်ရက်ပြီးရင်တော့ ခရီးစဉ်တွေကို ပြန်လည်ပြေးဆွဲခွင့်ပြုသွားမှာပါ" ဟု မုံရွာမြို့ ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီတွင် ချင်းတွင်းအထက်ပိုင်းဒေသများဖြစ်သော ခန္တီးမြို့တွင် ၉၇၆ စင်တီမီတာ၊ ဟုမ္မလင်းမြို့တွင် ၂၈၉၅ စင်တီမီတာ၊ ဖောင်းပြင်မြို့တွင် ၁၃၆၅ စင်တီမီတာ၊ မော်လိုက်မြို့တွင် ၁၃၉၅ စင်တီမီတာ၊ ကလေးဝမြို့တွင် ၁၆၈၂ စင်တီမီတာ၊ မင်းကင်းမြို့တွင် ၁၄၉၁ စင်တီမီတာ၊ ကနီမြို့တွင် ၁၂၈၉ စင်တီမီတာနှင့် မုံရွာမြို့တွင် ၁၀၇၁ စင်တီမီတာသို့ အသီးသီးရောက်ရှိကြောင်း သိရသည်။

မုံရွာမြို့ချင်းတွင်းဆိပ်ကမ်းမှ အထက်ပိုင်းဒေသများသို့ ချင်းတွင်းမြစ်အတွင်း ပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ် ၁၉ သင်းတွင် အစီးရေ ၅၂ စီး၊ လူစီးအမြန်ရေယာဉ် ရှစ်သင်းအစီးရေ ၁၃၄ စီးဖြင့် ကုန်စည်နှင့်ခရီးသည်များကို အထက်အောက်စုန်ဆန် ပြေးဆွဲပေးလျက်ရှိရာ လမ်းခရီးတွင် အန္တရာယ်မဖြစ်ပေါ်စေရေး အတွက် ခရီးစဉ်များကိုခေတ္တရပ်နားထားခြင်းဖြစ်ပြီး ဇူလိုင် ၁၉ ရက်တွင် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။



**ဝင်းဦး(ဓေယျာတိုင်း)**

# ပြည်ကြီးတံခွန်မြို့နယ်အတွင်း အရက်၊ မူးယစ်ဆေးပညာပေးရက်သတ္တပတ်လှုပ်ရှားမှုများဆောင်ရွက်

**ပြည်ကြီးတံခွန် ဇူလိုင် ၁၆**
မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူး၍ UNDOD, UNICE တို့ ဦးဆောင်မှုဖြင့် Teen Dream အဖွဲ့၊ ပန်းပျိုးလက်နှင့် မျိုးဆက်သစ်လူငယ်အဖွဲ့နှင့် စေတနာ့ဝန်ထမ်း လူငယ်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အရက်၊ မူးယစ်ဆေးပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုများကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက လှည့်လည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုတွင် ကျောင်းသားလူငယ်များအား မူးယစ်ဆေးနှင့် မင်းဦးနှောက်၊ မူးယစ်ဆေးနှင့် မင်းနှလုံး၊ မူးယစ်ဆေးနှင့်မင်းအဆုတ်၊ မူးယစ်ဆေးနှင့် မင်းပါးစပ်၊ မူးယစ်ဆေးနှင့် မင်းမျက်နှာ၊ မူးယစ်ဆေးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးများအကြောင်း၊ ကော်ရှူခြင်း အန္တရာယ်၊ မူးယစ်ဆေးစွဲခြင်းအဆင့်ဆင့် အစရှိသော မူးယစ်ဆေးဝါးအကြောင်း အသိပညာပေးပိုစတာများ ပြသ၍ ပညာပေးခြင်း၊ မေးခွန်းများ မေးမြန်း၍ အဖြေမှန်သူများအား လက်ဆောင်များ ပေးခြင်းဖြင့် အသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အရက်၊မူးယစ်ဆေး အသိပညာပေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ (ယ)ရပ်ကွက်၊ (စ)ရပ်ကွက်၊ (ဆ)ရပ်ကွက်၊ (ဈ) ရပ်ကွက်နှင့် သင်ပန်းကုန်းရပ်ကွက်တို့တွင် လှည့်လည်ဆောင်ရွက်ခဲ့ကြသည်။ အလားတူ မန္တလေးမြို့ရှိ တက္ကသိုလ်များ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များတွင် ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၁၆ ရက်ထိ လှည့်လည် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# သတင်းမီဒီယာဥပဒေ ပြင်ဆင်ရေးနှင့်သတင်း အချက်အလက်သိပိုင်ခွင့် ဥပဒေဆိုင်ရာဆွေးနွေးပွဲကျင်းပ

**မဟာအောင်မြေ ဇူလိုင် ၁၆**
မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီမှ ကြီးမှူးကျင်းပသော သတင်းမီဒီယာ ဥပဒေပြင်ဆင်ရေးနှင့် သတင်းအချက်အလက်သိပိုင်ခွင့် ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြားရှိ ဟိုတယ်မန္တလေး၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ သတင်းသမားများက လက်ရှိသတင်းမီဒီယာဥပဒေ၏ အားနည်းချက်များ၊ ပြင်ဆင်သင့်သည့်အချက်များ၊ အကြံပြုချက်များ၊ ဆွေးနွေးချက်များနှင့် သတင်းအချက်အလက်ရယူခွင့် ဥပဒေကြမ်းနှင့် ပတ်သက်သည်များကို ဆွေးနွေးကြသည်။

သတင်းမီဒီယာဥပဒေအား ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကာ အခန်း ၁၀ ခန်းပါဝင်သည့် လက်ရှိ သတင်းမီဒီယာဥပဒေ၏ ရည်ရွယ်ချက်များဖြစ်သည့် လွတ်လပ်စွာ သတင်းရေးသားမှု စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စေရန်နှင့် နိုင်ငံသားတိုင်း သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းရန် စသည်အချက်များကို အကာအကွယ်ပေးခြင်း၊ မြှင့်တင်ပေးခြင်းများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၀၀၂**

# အမျိုးသမီးများဘေးကင်းလုံခြုံစေရေးလှုံ့ဆော်ရေးယာဉ်ဖြင့် ဖျော်ဖြေဟောပြော

**မြင်းခြံ ဇူလိုင် ၁၆**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် Triangle Women အဖွဲ့နှင့် ရွှေခြံအားမာန်အဖွဲ့တို့ပူးပေါင်းပြီး အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာပညာပေးခြင်း၊ ဖျော်ဖြေခြင်းတို့ကို ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီမှ စတင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



Triangle Women အဖွဲ့ခေါင်းဆောင် ဒေါ်ခင်လေးက ယခုလိုလှုံ့ဆော်ရေးကားဖြင့် ဖျော်ဖြေရခြင်းမှာ လူကြီး၊ လူငယ်၊ လူရွယ်၊ အမျိုးသမီးများပိုမိုသိရှိစိတ်ဝင်စားကာ ပါဝင်ဆောင်ရွက်နိုင်စေရန်ဖြစ်ကြောင်း ဖျော်ဖြေမှုအဖြစ် Melody World မှ တေးသံရှင် ဖြိုးပြည့်စုံ၊ ဝတ်ရည်ထက်တို့မှ သီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ အမျိုးသမီးများ အကြမ်းဖက် မှုဆိုင်ရာပညာပေး တစ်ခန်းရပ်ပြဇာတ်အကများဖြင့်ဖျော်ဖြေခြင်း၊ အကြမ်းဖက်မှုဆိုတာဘာလဲ၊ သက်ငယ် မုဒိမ်းမှုနှင့်ဆိုင်သော အကြောင်းများကိုဟောပြောခြင်းများဆောင်ရွက်ခဲ့သည်။

အမျိုးသမီးများဘေးကင်းလုံခြုံစေရေး လှုံ့ဆော်ရေးအဖွဲ့သည် လူစည်ကားရာနေရာများဖြစ်သည့် ဘူတာလမ်းဆုံ၊ အမှတ် (၆) လမ်းမတော်လမ်းဆုံနှင့် မဏိကဍ္ဍနာခန်းမရှေ့နာရီစင်အနီးတွင် ဖျော်ဖြေခဲ့ကြပြီး သက်ငယ်မုဒိမ်းမှုကင်းစင်ရေးလက်ကမ်းစာစောင်များ၊ အမျိုးသမီးများအပေါ် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ထိပါးနှောင့်ယှက်မှုများအတွက် ဥပဒေအကြောင်းသိကောင်းစရာစာအုပ်ငယ်များကို ဝေငှခြင်းများပြုလုပ်ရာ ဒေါ်မော်မော်ငွေးဦးဆောင်သည့် ရွှေခြံအားမာန်အဖွဲ့မှပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**မုံရွာ ဇူလိုင် ၁၆**
နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အကြိုမှုကြိုအရွယ်ကလေးငယ်များ၏ တိုင်းဒေသကြီးအဆင့် ပန်းချီပြိုင်ပွဲကို တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ မုံရွာ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

နှစ် (၇၀) ပြည့် အာဇာနည်နေ့ အထိမ်းအမှတ်အကြိုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ ဝက်မွေးကံတော၊ ဆည်တည်းဇီးတော မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်လေးများက တိုင်းဒေသကြီးအဆင့် ပန်းချီပြိုင်ပွဲများကို လည်းကောင်း၊ ဇူလိုင် ၁၇ ရက်တွင် တိုင်းဒေသကြီးအဆင့် ကဗျာ၊ ပုံပြင်၊ ကျပန်းစကားပြောပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၁၈ ရက်တွင် ထူးချွန်ဆုရ ရင်သွေးငယ်လေးများအား ဆုပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မုံရွာ-ပြန်/ဆက်)**

# ကလေးဝမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့

**ကလေးဝ ဇူလိုင် ၁၆**
ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာ ၃၄ ရွာမှ အိမ်ခြေ ၃၈၃၊ အိမ်ထောင်စု ၃၈၆ ရှိ လူဦးရေ စုစုပေါင်း ၁၈၁၇ ဦးတို့အား ရေလွတ်ရာနေရာသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိရာ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး ထောက်ပံ့မှုများကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ပြုလုပ်ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ဖြိုးသန့်၊ ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးမှူးဦးမြတ်ဇော်ထွန်း၊ ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးဇော်လင်းတို့က ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာ ရုပ်ရှင်ရုံဟောင်းနှင့် အမှတ် (၃) ရပ်ကွက်အခြေခံပညာ မူလတန်းလွန်ကျောင်း၊ အမှတ်(၁) ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲများသို့ သွားရောက်၍ ပြောင်းရွှေ့နေထိုင်သူတို့နှင့်တွေ့ဆုံပြီး တပ်ရင်းတပ်ဖွဲ့ မိသားစုများမှ ထောက်ပံ့လှူဒါန်းပစ္စည်းများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ပံ့လှူဒါန်းသည့် ခေါက်ဆွဲခြောက်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ထောက်ပံ့သည့်ကယ်ဆယ်ရေးပစ္စည်း ငါးမျိုးနှင့် ခုနစ်ရက်စာ ဆန်ဖိုးထောက်ပံ့ငွေများအား ထောက်ပံ့ပေးအပ်ခဲ့ကြပြီး လူမှုရေးနှင့် ကျန်းမာရေးလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ချင်းတွင်းမြစ်တစ်လျှောက် ကျေးရွာများသို့ လှည့်လည်ကြည့်ရှု၍ ရွှေတောင်ကျေးရွာဘုရားကုန်းနှင့် ဆင်ခေါင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ရေဘေးပြောင်းရွှေ့နေထိုင်သူများကို ခရိုင်အုပ်ချုပ်ရေးမှူးက တွေ့ဆုံအားပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

ရေဘေးသင့် ပြောင်းရွှေ့နေထိုင်သူများအား ကလေးခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေစုစုပေါင်း ကျပ် ၃၈၁၅၇၀၀၊ ကယ်ဆယ်ရေးပစ္စည်း ငါးမျိုးမှ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၈၀၃၈၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည့်အပြင် ရွှေတောင်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၊ ပလူ၉၀ ကျောက်မီးသွေးသတ္တုတွင်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာလူထုသို့ ထောက်ပံ့ငွေကျပ် ၁၀ သန်းနှင့် ရေဘေးသင့်ကျောင်းသား၊ ကျောင်းသူများသို့ ထောက်ပံ့ငွေကျပ် ငါးသန်းကို ကုမ္ပဏီတာဝန်ရှိသူက ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ထံသို့လည်းကောင်း၊ ကလေးဝမြို့နယ် ပညာရေးမှူးတို့ထံသို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကာ ယခုကဲ့သို့ချင်းတွင်း မြစ်ရေမြင့်တက်မှုကြောင့် ပညာရေးကျောင်းပေါင်း ၃၀ တို့အားယာယီပိတ်ထားခဲ့ရပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၉၄၉ ဦးတို့မှာ ကျောင်းပညာများကို ဆက်လက်သင်ကြားနိုင်ခြင်းမရှိကြကြောင်း သိရသည်။

**ချင်းတွင်းသား**



# သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးဆိုင်းဘုတ်တင်ပွဲ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပဲခူး ဇူလိုင် ၁၆**

ပဲခူးမြို့ ခုတင် ၅၀၀ အထွေထွေရောဂါကုဆေးရုံအနီး၌ ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးအသိပေးဆိုင်းဘုတ်တင်ပွဲအခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အင်းတကော်မြို့ အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့မှ သီဆိုတီးမှုတ်ကပြဖျော်ဖြေကာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးအသိပေး ဆိုင်းဘုတ်အား စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့်ကျန်းမာရေးဝန်ထမ်းများကတက်ရောက်လာသူများ၊ လမ်းသွားလမ်းလာပြည်သူများအား သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်း လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးကြသည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုက ဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် မိသားစုများသည် မိမိတို့အိမ်အတွင်း၊ အပြင်ရှိ ရေထည့်ထားသည့် ရေစည်၊ ရေအိုးများနှင့် ရေတင်ကျန်နိုင်သော ကားတာယာများကို ခြင်မဝင်အောင် ဖုံးအုပ်ရန်၊ သောက်ရေ၊ သုံးရေအိုးခွက်များ၊ ရေစည်ရေအိုးများ၊ ပန်းအိုး၊ နတ်အိုးများ၏အတွင်းပိုင်းကို ပွတ်တိုက်ဆေးကြော၍ သွန်ပစ်ရန်၊ ရေရှိပါက ခြင်လောက်လမ်းတွေ့သောရေကို နောက်အိုးတစ်အိုးသို့ ရေစစ်၍ လဲလှယ်ပြောင်းထည့်ခြင်းကိုအပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တိုင်း ပြုလုပ်ကြရန်။ အိမ်ပြင်ပရှိ စွန့်ပစ်ပစ္စည်းများ ရှင်းလင်းရန်၊ မြေမြှုပ်ရန်၊ အသုံးမပြုသော အိုးခွက်များ မှောက်ထားရန်။ ခြင်ကိုက်ခြင်းမှ ကာကွယ်ရန် အကျႌလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ရန်၊ ခြင်ထောင်ထောင်၍အိပ်ရန်။ ရေမလှယ်နိုင်သည့် အုတ်ကန်၊ ရေစည်၊ ရေကန်များတွင် ခြင်လောက်လမ်းစား ငါးထည့်ရန်၊ ခြင်လောက်လမ်းသတ်ဆေး Abate ခတ်ရန် စသည်တို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။

အခမ်းအနားသို့ ဝန်ကြီးချုပ်၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ဥသာမြို့သစ်ရပ်ကွက်၊ ရှမ်းတန်း (မြို့သစ်-ဂ)ရပ်ကွက်၊ ရုံးကြီးရပ်ကွက်နှင့် ဘုရားသုံးဆူကျေးရွာတို့တွင် သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ကော့သောင်းမြို့တွင် ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းသုံး ရေဆင်းတံတားတည်ဆောက်

**ကော့သောင်း ဇူလိုင် ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သည် ခရီးသွားလုပ်ငန်း တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ရေး ခရီးသွားလုပ်ငန်းသုံး ရေဆင်းတံတားတစ်စင်း တည်ဆောက်လျက်ရှိကြောင်း ဇူလိုင် ၁၆ ရက်က သိရသည်။

အဆိုပါ တံတားမှာ အကျယ် ၅၅ ပေ၊ အရှည် ၃၃ ပေ၊ အမြင့် (၁၇)ပေ သံကူကွန်ကရစ်အမျိုးအစား ရေဆင်းဘောတံတားအမျိုးအစားဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၃၃ သန်း သုံးစွဲကာ ကော့သောင်းခရိုင်လမ်းဦးစီးဌာနကြီးကြပ်မှုဖြင့် Sgalacdicos Co.,Ltd ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူကာ ကော့သောင်းမြို့ အင်္ဂါဝါရပ်ကွက် ကမ်းနားလမ်း ဘုရင့်နောင်အငူအနီး ပင်လယ်ကမ်းစပ်တွင်တည်ဆောက်လျက်ရှိသည်။

နိုင်ငံနှင့်အဝန်း ခရီးသွားလုပ်ငန်းမျိုးစုံမှ ရရှိသည့်ဝင်ငွေသည် နိုင်ငံတော်အခွန်ဘဏ္ဍာအား မီးခိုးတိတ်စက်ရုံများသဖွယ် နှစ်စဉ် ဖြည့်ဆည်းလျက်ရှိရာ ကော့သောင်းခရိုင် အက်ဒမန်ပင်လယ်အတွင်းရှိ သာယာလှပသည့် သဘာဝကျွန်းများ၊ သဘာဝကမ်းခြေများ၊ ပင်လယ်ရေအောက် သက်ရှိသက်မဲ့ သဘာဝအလှပများ၊ ပွင့်လင်းလာသည့် စီးပွားရေးစနစ်နှင့်အတူ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ၊ ရီဆော့များကြောင့် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားကာ နှစ်စဉ် လာရောက်လည်ပတ်မှု များပြားလာပြီး ခရီးသွားများ ပင်လယ်ကျွန်းများဆီသို့ ဝင်ထွက်သွားလာမည့် ဆိပ်ခံတံတား လိုအပ်ချက်ကြောင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ရာ အဆိုပါဆိပ်ခံတံတားအား ပြည်တွင်း ခရီးသွားများ၊ ထိုင်းနိုင်ငံမှတစ်ဆင့် လာရောက်လည်ပတ်ကြမည့် ပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာမည့် Speed Boat နှင့် အပျော်စီးသင်္ဘောများ ဆိုက်ကပ်ရပ်နားခြင်း ကိစ္စများတွင် အသုံးပြုရန် ရည်ရွယ်ခြင်းဖြစ်ပြီး လာမည့်ခရီးသွားရာသီအမီအသုံးပြုနိုင်ရေး တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

**ကျော်စိုး (ကော့သောင်း)**

# သဘာဝပတ်ဝန်းကျင်နှင့်ဆက်စပ်သည့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဆင်း

**ပဲခူး ဇူလိုင် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ပဲခူးမြို့ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲတွင် ရေအရင်းအမြစ်များ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၌ သဘာဝပတ်ဝန်းကျင်နှင့်ဆက်စပ်သည့် စီမံခန့်ခွဲမှု လိုအပ်ချက်များ ဆိုင်ရာ သင်တန်း၌ ဇူလိုင် ၁၄ ရက်က ပါမောက္ခဦးညို မောင်နှင့် ဒေါက်တာဝင်းမြင့်တို့က . Introduction to Biodiversity and Ecosystem Services, River Ecosystem Services, Catchment Area Management အစရှိသောဘာသာရပ်များအား ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

ထို့နောက် သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နုနုတင်က သင်တန်းဆင်း ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ယင်းနောက် သင်တန်းတွင် ပါဝင်ဆွေးနွေးပို့ချပေးသော ပညာရှင်များအား ဆည်မြောင်းနှင့်



ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနကိုယ်စား ညွှန်ကြားရေးမှူးဦးဇော်မင်းထွဋ်မှုလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ပဲခူးတိုင်းဒေသကြီး) ကိုယ်စား အသင်းဥက္ကဋ္ဌ ဦးဝင်းဗိုလ်ကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများအားအသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ သင်တန်းသို့ ဆည်မြောင်းနှင့်ရေအသုံးချ မှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အရာထမ်းများ၊မြန်မာ နိုင်ငံအင်ဂျင်နီယာအသင်း (ပဲခူးအသင်းခွဲ) မှအသင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သူရအောင် (ပြည်)**

# ဧရာဝတီမြစ်ရေ ဟင်္သာတမြို့၏ စိုးရိမ်ရေအမှတ်ရောက်ရှိလာသော်လည်း စိုးရိမ်ဖွယ်ရာမရှိ

**ဟင်္သာတ ဇူလိုင် ၁၆**

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၏ စိုးရိမ်ရေအမှတ်သို့ ရောက်ရှိလာမှုကြောင့်တာတမံများ ကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ဇူလိုင် ၁၅ ရက်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

တာဝန်ရှိသူများအဖွဲ့သည် မိုးရာသီမတိုင်မီ ဧရာဝတီ-ဟင်္သာတတာ ၁၃/၃ မှ ၁၅/၅မိုင်ကြား အလျား ၂ ဒသမ ၈၁ မိုင်၊ ငဝန်တာ ၂/၀ မှ ၇/၀ မိုင်ကြား အလျား ၃ ဒသမ ၁၄ မိုင်နှင့် ဖောင်ဆိပ်ကျေးရွာတာ ၂ ဒသမ ၇၉ မိုင် တို့တွင် တာမြင့်တာခြေထောက် တာတမံပြင်ဆင်ခြင်းနှင့် သဲကြောဖြတ်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုပြီး တာတမံများ ကြံ့ခိုင်ရေးနှင့် ရေကင်းတဲများတွင် အရေးပေါ်ရေဘေးကာကွယ်ရေးအတွက် ပစ္စည်းများကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဟင်္သာတမြို့နယ်တွင် တာတမံနယ် ၄၆ မိုင်ခန့်ရှိသည့်အနက် ရေထိတာ ၃၂ မိုင်ရှိပြီး ဌာနပိုင် ရေကင်းစခန်း ၁၃ ခုချထားကြောင်း၊ ဆက်သွယ်ရေးစကားပြောစက်များ တပ်ဆင်ပေးထားခြင်း၊ အရေးပေါ်သုံးပစ္စည်းများဖြစ်သည့် ပီနံအိတ်၊ မြစ်သဲ၊ မြစ်ကျောက်၊ ဝါးထရံ၊ ယိုင်ခွေနှင့် မျှောတိုင်များစသည်တို့အား စုဆောင်းထားရှိခြင်း၊ စိုးရိမ်ရေအမှတ်ရောက်ရှိချိန်တွင် နှစ်ပတ်လည်တာတမံပုံမှန်လုပ်သားများအပြင် မိုးရာသီတာတမံလုပ်သားများခန့်ထားပြီး ရေကင်းလှည့်လည်ခြင်း၊ ရေကင်းစောင့်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့နိုင်ရေးတို့ကို စီမံဆောင်ရွက်ထားကြောင်းနှင့် တာတမံများအား ၂၀၁၅ ခုနှစ်တွင် အမြင့်ဆုံးရောက်ရှိသည့် စိုးရိမ်ရေ အမှတ် ၄၈ ဒသမ ၁၅ ပေ၏ အထက် ၅ ပေခန့်တာတမံမြှင့်တင်ခြင်းနှင့် တာခြေ ကန်ခြင်းများဆောင်ရွက်ထားရှိမှုကြောင့် လက်ရှိ ဟင်္သာတမြို့၏ စိုးရိမ်ရေအမှတ်တွင် တာတမံများအတွက် စိုးရိမ်ဖွယ်ရာမရှိနိုင်သေးကြောင်း ဟင်္သာတမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မြင့်အောင်က ပြောသည်။

ဟင်္သာတမြို့၏ စိုးရိမ်ရေအမှတ် ၄၄ ပေ သို့ ဧရာဝတီမြစ်ရေဝင်ရောက်လာသော်လည်း ယခင် ၂၀၁၅ ခုနှစ် စိုးရိမ်ရေအမှတ် ၄၈ ဒသမ ၁၅ပေ အောက်တွင်ရှိနေသောကြောင့် မိမိတို့အနေဖြင့် စိုးရိမ်ပူပန်မှုမရှိသေးကြောင်းဧရာဝတီ-ဟင်္သာတ တာနံဘေးနေဒေသခံတစ်ဦးက ပြောသည်။

**ကျော်ကျော် (ခရိုင်ပြန်/ဆက်)**

# နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ဘားအံ ဇူလိုင် ၁၆**

လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များကျဆုံးခဲ့သည့် နှစ် (၇၀) ပြည့် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မိမိအကျိုးစီးပွားနှင့် အသက်ကိုမငဲ့ကွက်ဘဲ နိုင်ငံနှင့် လူမျိုးအကျိုးကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများအား အစဉ်အမြဲ အောက်မေ့သတိရနေစေရန်၊ ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်နှင့် နိုင်ငံအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သည်များကို လေးစားအတုယူအားကျလာစေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အဆိုပါပြိုင်ပွဲကိုကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ တက္ကသိုလ်ကောလိပ်အဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲ၍ ကျင်းပခဲ့ရာ စာစီစာကုံးပြိုင်ပွဲတွင် ဘားအံမြို့ပေါ် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များမှ ကျောင်းသား/ သူ ၁၀၆ ဦးက 'မျက်ရည်ဖြိုင်သည့် ၁၉ ဇူလိုင်'၊ 'မမေ့အပ်သည့် အာဇာနည်'၊ '၁၉ ဇူလိုင်မမေ့နိုင်' စသည့် ခေါင်းစဉ်များဖြင့်လည်းကောင်း၊ ကျပန်းစကားပြော ပြိုင်ပွဲတွင် ကျောင်းသား/သူ ၃၄ ဦးတို့က 'နှစ် ၇၀ တိုင်ပြီအာဇာနည်'၊ 'ဂုဏ်ပြုစံထားအာဇာနည်များ'၊ 'ဂုဏ်ယူလေးစား အာဇာနည်များ'၊ 'မော်ကွန်းတင်ထိုက်သည့်အာဇာနည်သူရဲကောင်းများ'၊ 'အာဇာနည်နေ့ဒို့မမေ့'၊ 'စံပြုထိုက်သည့် အာဇာနည်ပုဂ္ဂိုလ်' စသည့်ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပနေစဉ်ကာလအတွင်း အာဇာနည်နေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်ပိုစတာနှင့် ပြဘုတ်များ၊ စာအုပ်စာစောင်များအား ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသခဲ့ကြပြီး ကျောင်းသား/သူများမှ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဦးသန်းနိုင်နှင့် ဝန်ကြီးများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ခင်စောလင်းတို့က အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ကောလိပ်အဆင့် စာစီစာကုံး ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ရွှေနေကြီး ပယ်ရီမေဆင်နှင့် ခွေးအူသံအမှု

ဦးဟန်သွင်(ဥပဒေ)

**ရွှေနေစာအုပ်စင်**
ကျွန်တော်၏ ရွှေနေရုံးခန်းစာအုပ်စင်တွင် ဥပဒေစာအုပ်မျိုးစုံရှိသည်။ ထူထူထဲထဲစီရင်ထုံးစာအုပ်ကြီးတွေ ဖတ်ရဖန်များ၍ တစ်ခါတစ်ရံ ဝတ္ထုဇာတ်လမ်းတွေ ဖတ်ချင်စိတ် ပြင်းပြလာသည်။ ရသအဖွဲ့အနွဲ့တွေက စွဲမက်စရာပါ။ အချစ်ဝတ္ထုများကိုလည်း လွမ်းတတ်ပါသည်။ မရမက လက်ကမချချင်သော အချစ်ဝတ္ထုတွေ ပြန်ဖတ်ရတာ အသက်ပြန်ငယ်သွားလေသည်။ သို့သော်လည်း ရွှေနေတစ်ယောက်အမြင်နှင့်သာ လွှမ်းမိုးနေတတ်သော ကျွန်တော့်အဖို့ အချစ်ဝတ္ထုတွေထက် မှုခင်းစုံထောက်ဝတ္ထုတွေကိုသာ ပို၍စွဲမက်နေမိသည်။ ဥပဒေပညာခေတ်ခံလည်းရ၊ လက်ကမချချင်လောက်အောင် ရွှေ့ဆက် ဖတ်နေရမှုလည်း ကျေနပ်၊ ဇာတ်လမ်းအစမှအဆုံး အချိန်ကုန်မှန်းပင်မသိလိုက်။ ရွှေနေတစ်ယောက်၏ ခံစားမှုမျိုး လွှန်ကဲနေသည်ဟုပဲ ဆိုဆို၊ ထိုထိုသော မှုခင်းစုံထောက်ဝတ္ထုတွေကိုသာ နှစ်ခြိုက်နေမိလေသည်။

**မိုးအေးအေးနှင့် စာရေးစာဖတ်**
နေပြည်တော်မိုးက စိုးမိုးနေသယောင်။ သဲသဲမဲမဲ ရွာချနေလေသည်။ ထုံးစံအတိုင်း ဝတ္ထုစာအုပ်တစ်အုပ် ရွေးထုတ်လိုက်ပါသည်။ ဘာတဲ့. . .။ "ခွေးအူသံအမှု" စာအုပ်ပါ။

**ရွှေနေကြီး ပယ်ရီမေဆင် နှင့် ခွေးအူသံအမှု**
စာရေးဆရာ၊ သတင်းဆရာကြီး မောင်ဝံသ ဘာသာပြန်ခဲ့သော နာမည်ကျော် ပယ်ရီမေဆင်အခန်းဆက်ဘာသာပြန်စာအုပ်တစ်အုပ်ပါပဲ။ စာရေးဆရာကြီး အားလ်စတင်လေဂဒ္ဒနာ၏ ပယ်ရီမေဆင်သည် အစွဲလမ်းဆုံးနိုင်ငံရပ်ခြားဝတ္ထု ဇာတ်ကောင်များထဲက "ဖေးဘရိတ်" တစ်ဦးအဖြစ်ပါဝင်သည်။ မုဆိုးကျော်ကြီး အလန်ကွာတာမိန်း၊ ကူစွန့်စားကြီး ဘရီးဂေးဒီယားဂျရတ်(ဆရာကြီး ရွှေဥဒေါင်း၏ ဂျမဒါကိုကိုကြီး)၊ စုံထောက်ကြီး ရှားလော့ဟုမ်း(ဆရာကြီးရွှေဥဒေါင်း၏ ဦးစံရှား)တို့မှာ တစ်ခေတ်တစ်ခါက ထင်ရှားခဲ့လေသည်။ ယနေ့တိုင်လည်း စွဲလမ်းဆဲပါ။ အမေရိကန်စာရေးဆရာကြီး အားလ်စတင်လေဂဒ္ဒနာ၏ ပင်တိုင်ဇာတ်ကောင် ရွှေနေကျော်ကြီး ပယ်ရီမေဆင်သည် မြန်မာစာဖတ်ပရိသတ်နှင့် ရင်းနှီးခဲ့လေသည်။ ပယ်ရီမေဆင်ဘာသာပြန်များကို ဆရာမောင်ဝံသ ဘာသာပြန်ဆင့်ပွားပေးမှုကြောင့် မြန်မာရွှေနေလူငယ်များအကြားရေပန်းစားခဲ့ခြင်းလည်း ဖြစ်ပေသည်။ (စာရေးဆရာခင်ကြီးအောင်)

**သုတပညာသက်သက်မျှသာမဟုတ်**
ပယ်ရီမေဆင်၏ဝတ္ထုများသည် သုတပညာပေးသက်သက်မျှသာမဟုတ်။ ဝတ္ထုဇာတ်လမ်းဇာတ်ကွက်၊ အချိတ်အဆက်၊ တင်ပြမှုအရေးအသား၊ ပညာပိုင်း၊ ရသမြောက်မှုတွေ စုံလင်ပေသည်။ တရားခံဘက်မှ (တရားစွဲခံရသူဘက်မှ)အချက်အလက်များ ခက်ခက်ခဲခဲရှာပေးသည်။ မရမကရှာဖွေသည်။ အမှုက ကွင်းလွတ်ကျွတ်လွတ်သည်အထိ နောက်မဆုတ်တမ်း စွမ်းဆောင်နိုင်သောအတွေးများပေးသည်။ ဖတ်လေဖတ်လေ လက်ကမချချင်ပေ။

**မောင်ဝံသ၏ ရည်ရွယ်ချက်**
ရွှေနေကြီး ပယ်ရီမေဆင်နှင့် ခွေးအူသံအမှုစာအုပ်မှာ ဤပယ်ရီမေဆင်စာအုပ်များကို မောင်ဝံသကလောင်အမည်ဖြင့် မြန်မာပြန်ထုတ်ဝေရခြင်း ရည်ရွယ်ချက်သည် တရားရေးလောက၊ ဥပဒေလောက၊ ရွှေနေလောကနှင့် သုတပညာပေးစာစုံဖတ် ပရိသတ်အင်အားတိုးပွားလာနိုင်ကြောင်း စိတ်ချယုံကြည်ထားသောကြောင့်ဖြစ်ပါသည်ဟု မောင်ဝံသက အစီရင်ခံစာ ရေးသားတင်ပြခဲ့လေသည်။

**ပယ်ရီမေဆင်၏ ဖန်ဆင်းရှင်**
အားလ်စတင်လေဂဒ္ဒနာ (၁၈၈၉-၁၉၇၀)သည် ၁၉၃၃ ခုနှစ်ကစ၍ ပယ်ရီမေဆင်(ခေါ်)ရွှေနေကြီးကို ပင်တိုင်ပြု၍ မှုခင်းစုံထောက် စတင်ရေးခဲ့သည်။ ဥပဒေပညာပေးခဲ့သည်။ အမေရိကန်ပြည်မှာသာမက ကမ္ဘာအနှံ့ပျံ့နှံ့ခဲ့ပေသည်။ ကာလီဖိုးနီးယားတောင်ပိုင်းရှိ ၎င်း၏ခြံကျယ်ကြီးကို ဝတ္ထုစာအုပ်ရေးသားထုတ်လုပ်ရာ စက်ရုံကြီးဟူ၍ တင်စား၊ ရည်ညွှန်းပြောဆိုခဲ့ပေသည်။ ရုပ်မြင်သံကြားဇာတ်လမ်းများ၊ ဇာတ်ညွှန်းများ ပေါက်ဖွားရာနေရာကြီးလည်း ဖြစ်ခဲ့ပေသည်။ ပယ်ရီမေဆင်ကို ဇာတ်ကောင်ပြုသော ဝတ္ထုပေါင်း ၇၀ ပါဝင်သည်ဟု ဖတ်ရပေသည်။ မောင်ဝံသ၏ ဘာသာပြန်စာအုပ်ကို ဖတ်ရင်း ကျွန်တော်သည် အဆိုပါစက်ရုံကြီးထဲသို့ရောက်ရှိနေသလို ခံစားရသည်။ ခွေးအူသံအမှုကို ဘယ်လိုများ တည်ဆောက်ခဲ့ပါလိမ့်။ ဇာတ်လမ်းတည်ဆောက်ပြီးတိုင်း တရားခွင်အခန်းများကို ဝါကျတစ်ကြောင်းချင်း အထပ်ထပ်တည်းဖြတ်သည်။ စိစစ်သည်။ ပြီးမှ အတည်ပြုသည်။ ဥပဒေရေးရာညီလာခံကြီးကပင် ဆရာတစ်ဆူအဖြစ် လက်ခံလာကြသည်။ ဂဒ္ဒနာအား ပြောရေးဆိုခွင့်ရှိသူအဖြစ် သတ်မှတ်လာကြသည်။ တရားသူကြီး၊ ထောင်မှူးကြီးများ၊ ဥပဒေဆိုင်ရာ လူကြီးများက ကျွမ်းဝင် ရင်းနှီးခဲ့ကြလေသည်။ ဤသို့ ဖတ်ရှုရသည်။

**ဇာတ်လမ်းအကျဉ်း**
ခွေးအူသံအမှု၏ ဇာတ်လမ်းအကျဉ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- မစ္စတာ ကလင်တန်ဖိုလေ(ခွေးပိုင်ရှင်) အမှတ် (၄၈၈၉) မီလ်ပတ်လမ်းသွယ် (တစ်ဖက်)
- မစ္စတာ ကက်ထရိုက် (ခွေးအူသံ မခံနိုင်သူ) အမှတ် (၄၈၉၃) ကလင်တန်၏အိမ်နီးချင်း (တစ်ဖက်)

**ပြဿနာ**
ခွေးဟောင်ခြင်း(ခွေးအူခြင်း)၊ ခွေးအူသံကြောင့် နားမခံသာခြင်း၊ အိပ်မရခြင်း။ ထို့ကြောင့် ခွေးမအူအောင် ခွေးပိုင်ရှင်အား ဘယ်လိုအရေးယူရမလဲဟု ရွှေနေငှားလာခြင်း၊ ခွေးအူသံမကြားခြင်း။ ခွေးအူသံနောက်ထပ်မကြားလို။ ခွေးအူသံကို ဗဟိုပြု။
ဤသို့ ဇာတ်လမ်းဖွင့်ထားလေသည်။

**စွဲတမက်မက်**
ထို့နောက် ရွှေနေ၊ အမှုသည်တို့ တွေ့ဆုံပုံ၊ ခွေးအူသံသည် အဓိကလား။ ခွေးအူသံကို အကြောင်းပြု၍ လူသတ်မှုဖြစ်ပြီ။ ဘယ်လိုလူသတ်မှုလဲ။ ဘယ်သူသတ်လဲ။ စေ့စေ့တွေးလေ။ ရွှေ့ဆက်ဖတ်ရလေ။ ရွှေ့ဆက် ဖတ်လေ အဖြေမတွေ့လေ၊ အဖြေမတွေ့လေ၊ အဖြေတွေ့အောင်ရှာလေ။ ဩော် စာရေးဆရာက ဘာကိုပြောချင်တာပါလိမ့်။ တရားခံဘယ်သူလဲ။ သူတရားခံလား။ ငါတရားခံလား။ ရွှေနေကိုယ်တိုင် တရားခံလား။ ဘယ်ကထွက်လာတဲ့ မမျှော်လင့်တဲ့ တရားခံက(သူ)ဖြစ်နေသလား။ မဟုတ်သေးဘူး။ ဒါဖြင့် ဘယ်သူလဲ။ လိုက်လို့ရှာဖွေ စဉ်းစားပေရော့။ လက်ကမချနိုင်သောအတွေးကမ္ဘာ။ ဆင်ခြင်ဉာဏ်သုံးရမည်။ တိကျရမည်။ အထောက်အထားခိုင်လုံဦးမှ။ သံသယမရှိစေနှင့်။ သင်၏အတွေးသည် ယုတ္တိ ရှိရမည်။ တောက်ပရမည်။ အများလက်ခံရမည်။ ဤသို့ကျွန်တော်ခံစားရပေသည်။

**ဇနီးမယားကိစ္စ**
ဇနီးမယားကိစ္စ။ ငွေကိစ္စ။ လောဘကိစ္စ။ မောဟကိစ္စ။ ကာမကိစ္စ။ လူ့ဘဝ။ လူ့မနော။ လူ့သဘာဝများ မြင်ရသည်။ ဘယ်သူလူသတ်မှုတရားခံလဲ။ ရွှေနေတစ်ယောက်၏ အမြင်၊ စုံထောက်တစ်ယောက်၏ အတွေး၊ ရွှေနေစာရေး၏ ထောက်ကူမှု။ ဤအမှုမျိုးတွင် ပူးပေါင်းပတ်သက်နေလေသည်။ ထမင်းချက်၊ ကားဒရိုင်ဘာ၊ အိမ်ဖော်ကလေးမလေးစသည့် အရှုပ်အထွေးများကို ပူးကပ်ထားပြန်သည်။ ဘယ်လိုစဉ်းစားရမလဲ။ ဘယ်သူတရားခံလဲ။ နောက်ဆုံးဇာတ်ပေါင်းခန်း ဘယ်လိုအဆုံးသတ်မည်လဲ။ ရွှေနေဉာဏ်ကစားထားပုံ။

**တရားသူကြီး၏ တရားခွင်**
တရားသူကြီးရှေ့ အမှုစစ်ဆေးပုံ၊ အမှုလိုက်အရာရှိ၏ အခန်းကဏ္ဍ၊ အလွန်အရေးကြီးသော သက်သေ၊ ကန့်ကွက်စရာ ရှိ-မရှိ၊ စိတ်ကြိုက်မေးခွန်းများ၊ အတွင်းရေးမှူးမလေး၊ မင်းသားကြီးအမည်ရှိ ခွေးကြီးတစ်ကောင်၊ လူသတ်သမား စသည်များအကြောင်း၊ အကော်အကပ် ရွှေနေတို့ မေးအပ်သောမေးခွန်းများ။ တရားရုံးအပြင်ဘက်က သတင်းထောက်များ၊ အထူးထုတ်သတင်းစာများက အမှုအကြောင်းရေးသားမှုတွေကိုပါ ကျွန်တော် ဖတ်ရင်းဖတ်ရင်း တွေးစရာတွေ။ တွေးလေတွေးလေ လက်ကမချချင်သော မှုခင်းဖြစ်စဉ်။ အပြင်မှာ တကယ်များဖြစ်ခဲ့လေသလား။ ဝတ္ထုမဟုတ်ဘူးလား။
ဒီကိစ္စမှာ ရွှေနေတစ်ယောက်အနေဖြင့် ဘာအလုပ်လုပ်ခဲ့ပါလိမ့်။ မစ္စတာဖိုလေ အသတ်ခံရမှုအကြောင်း။ သူတော်စင်နှင့် နတ်ဆိုးဘဝကြားမှာ ကစားနေသူဟု နိဂုံးချုပ်ထားသည်။

**လျှို့ဝှက်သည်းဖို ဘာ့ကြောင့်သက်တမ်းရှည်**
(၁) အပြစ်မဲ့သူ အပြစ်ကလွတ်ရမည်။
(၂) လျှို့ဝှက်သည်းဖိုဟူသည် စိတ်လှေ့ကျင့်ခန်းပေးရမည်။ စဉ်းစားဉာဏ် ထက်သန်စေရမည်။
(၃) လူ့ဘဝဇာတ်လမ်းဟူသည် ပုံပြောသလို ဇာတ်လမ်းပုံစံဖြစ်နေ၍ပါဟု ဖန်တီးရှင်ဂဒ္ဒနာက ဖြေကြားခဲ့သည်။ ဤဖြေကြားချက်နှင့်အညီ ဆရာမောင်ဝံသ ဘာသာပြန်ခဲ့ခြင်းဖြစ်ပေသည်။ မှုခင်းစုံထောက်နှင့် ဥပဒေပညာပေး ဝတ္ထုဖြစ်ပေသည်။ အရောင်းစံချိန်တင်ခဲ့သော စာအုပ်ဖြစ်ပေသည်။ ဘာသာပေါင်း ၂၀ ကျော်ဖြင့် ပြန်ဆိုထုတ်ဝေခဲ့ရသော စာအုပ်ဖြစ်ပေသည်။ အမှုသည်အပေါ် သစ္စာရှိသော ရွှေနေ၏ရပ်တည်ချက်ကို ပေါ်လွင်စေသော စာအုပ်ဖြစ်ပေသည်။ အမှန်တရားကို ထုတ်ဖော်သော ဥပဒေအကျိုးဆောင် ရွှေနေ၏ဘဝကို မီးမောင်းထိုးပြသော စာအုပ်ဖြစ်ပေသည်။ ကျဉ်းထဲကျပ်ထဲကျနေသော လူသတ်မှုတရားခံအား မမျှော်လင့်သော ထွက်ပေါက်များထောက်ပြ၍ ကွင်းလွတ်ကျွတ်လွတ်အောင် လျှောက်လဲချက်ပေးခဲ့ပုံ ဖော်ပြခဲ့ပေသည်။

**မိုးအေးအေးနှင့် စာရေးစာဖတ်(နိဂုံး)**
- သဲသဲမဲမဲ ရွာချနေသော နေပြည်တော်မိုး။
- မိုးစဲလေပြီ။
- ပတ်ဝန်းကျင်တစ်ခွင်လုံး စိမ်းလန်းသာယာသွားသလို ကျွန်တော်ခံစားမိသည်။ မိုးရနံ့က သင်းပျံ့ဆဲ။
- မောင်ဝံသ၏ ခွေးအူသံအမှုက ခွေးအူသံကြီးကလည်း မကြားရတော့ပြီ။
- တရားခံလည်း အမှုက လွတ်သွားပြီ။
- ဩော် ရွှေနေဘဝ တာဝန်ကျေမှု၊ ဥပဒေအသိ၊ လူမှုအသိ၊ ဘက်စုံလွှမ်းခြုံဖို့အရေး၊ အတွေးကွဲယ်ကွဲယ်၊ ဘယ်ဝယ်ဘယ်ဆီ၊ မျှော်မှန်းကြိုးပမ်းရဦးမည်။ အလုပ်တွေက စောင့်နေပြီ။




a&aumifoli, t;ifrm;tzU &efukt a&Sifaq;½kHDvift oHk&ef aiuyfoef30 wef&kS aq;½kHkyöif rm;zpfa o matmufDipufatmufDift Hkm; qufyyöif rm;ESifh ECG pufwH tm;ZlvkdiL13 &ufu &efukt a&Sifaq;½kHkyfu2a'ufwmbkd armfkHy;tyfvSefp0f aumu;rk

## စည်ပင်သာယာရေးလုပ်ငန်းများညှိနှိုင်းဆွေးနွေး

**ဖြူး ဇူလိုင် ၁၆**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မဲဆန္ဒနယ် အမှတ် ၁ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်သည် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးသက်နိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ခိုင်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက ဖြူးမြို့နယ်ရှိ သိမ်ကုန်းရပ်ကွက်မှ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး စည်ပင်သာယာရေးလုပ်ငန်းများနှင့် ပတ်သက်သည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။
ဆက်လက်၍ ရပ်ကွက်အတွင်း ရေမြောင်းပိတ်ဆို့မှု အခြေအနေများကို ကြည့်ရှုပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ



# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

***ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် ဖော်ပြပေးလိုက်ပါတယ်။***

## အသွင်မတူတဲ့ဘဝတွေနဲ့ ရှေ့ဆက်နေကြတဲ့ ဟောလိဝုဒ်ရဲ့ တစ်ချိန်က နာမည်ကျော် ကြယ်ပွင့်စုံတွဲ



ဆယ်စုနှစ်နဲ့ချီကာ လက်တွဲလာကြတဲ့ ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့နှစ်ဦးဟာ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ တရားဝင်ကွာရှင်းဖို့အတွက် ဆောင်ရွက်ခဲ့ကြပြီးတဲ့နောက် လက်တလောမှာတော့ မတူညီတဲ့ ဘဝပုံစံတွေနဲ့ တစ်လမ်းစီရှေ့ဆက်နေကြတာ တွေ့ရပါတယ်။

အတူလက်တွဲခဲ့စဉ်ကာလအတွင်း ရင်သွေးသုံးဦးရရှိခဲ့တာကြောင့် ဂျနီဖာဂါနာကတော့ လက်ရှိ သူ့ရဲ့ဘဝကို ကလေးတွေကို ထိန်းကျောင်းရင်းနဲ့သာ အချိန်တွေကုန်နေတာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာတော့ ကလေးသုံးဦးရဲ့ ဖခင်ဖြစ်တဲ့ ဘန်အက်ဖ်လက်ခ်က အချစ်သစ်နဲ့ ဇာတ်လမ်းတွေစကာ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းနေတာ တွေ့ရပါတယ်။

ဘန်အက်ဖ်လက်ခ်ရဲ့ ချစ်သူသစ်နဲ့ လက်တွဲနေပြီဖြစ်တဲ့ သတင်းတွေကို ဟောလိဝုဒ်မီဒီယာတွေက ဝေဝေဆာဆာဖော်ပြခဲ့ကြပြီး ခင်ပွန်းဟောင်းအနေနဲ့ လက်တွဲဖော်အသစ်နဲ့ ပျော်ရွှင်နေတာကို တွေ့မြင်ခဲ့ရချိန်မှာ လတ်တလောမှာ အသက်(၄၅)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျနီဖာဂါနာအနေနဲ့လည်း မပျော်မရွှင်ဖြစ်မိကြောင်း သတင်းရင်းမြစ်တစ်ဦးက ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် ဘန်အက်ဖ်လက်ခ်နဲ့ သူ့ရဲ့လက်ရှိချစ်သူဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း ဇာတ်လမ်းတွေစခဲ့တာဖြစ်ကြောင်း၊ အဲဒီအချိန်တုန်းက ဘန်အက်ဖ်လက်ခ်ဟာ ဂျနီဖာဂါနာနဲ့ လက်တွဲနေစဉ်ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့ဟာ ကလေးတွေကို စောင့်ရှောက်ဖို့အတွက် တစ်အိမ်တည်းမှာ ဆက်လက်နေထိုင်ခဲ့ကြပြီး တရားဝင်ကွာရှင်းခဲ့တာ လပိုင်းလောက်သာရှိသေးတာ ဖြစ်ပါတယ်။ ဒီလိုကွာရှင်းဖို့ ဆောင်ရွက်ခဲ့ပြီးတဲ့နောက်မှာ ဘန်အက်ဖ်လက်ခ်က တစ်ချိန်က အချစ်ဟောင်းနဲ့ ပေါ်ပေါ်ထင်ထင်လက်တွဲလာခဲ့တာဖြစ်ပါတယ်။ ခင်ပွန်းဟောင်းအနေနဲ့ မိမိနဲ့ လမ်းခွဲပြီးနောက်ပိုင်း အတိတ်မှာ ပတ်သက်ခဲ့ဖူးသူတစ်ဦးနဲ့ ပြန်လည်ပျော်ရွှင်နေတဲ့အပေါ် ဂျနီဖာက ဘဝင်မကျဖြစ်နေကြောင်းလည်း သိရပါတယ်။

ဒီလိုပုဂ္ဂလိက ခံစားချက်တွေအကြားက ဂျနီဖာကတော့ သူ့ရဲ့ရင်သွေးလေးတွေကို မိခင်ကောင်းတစ်ဦးအဖြစ် အကောင်းမွန်ဆုံးစောင့်ရှောက်ပေးနေတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဘန်အက်ဖ်လက်ခ်ကတော့ ဂျနီဖာဂါနာဟာ တကယ့်ကို အံ့သြဖွယ်မိခင်ကောင်းတစ်ဦးဖြစ်တယ်လို့ ဖွင့်ဟခဲ့ဖူးပြီး လက်ရှိမှာတော့ ချစ်သူသစ်နဲ့ ပျော်ရွှင်နေတာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပြီးခဲ့တဲ့ ဇူလိုင် ၄ ရက်မှာ ကျရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ လွတ်လပ်ရေးနေ့မှာတော့ အားလပ်ရက်ခရီးတစ်ခုထွက်ခဲ့ကြရာ မိသားစုအပျော်ခရီးမှာတော့ သားသမီးသုံးဦးနဲ့အတူ ဘန်အက်ဖ်လက်ခ်ရော ဂျနီဖာဂါနာပါ အတူသွားခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

## ချစ်သူအတွက် စေ့စပ်လက်စွပ်ရှာနေတဲ့ သယ်ဝိခ်ကန်းဒ်



ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားပြီး လက်တွဲခဲ့ကြတဲ့ ဂီတကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ အာရန်ဘီတေးသံရှင် သယ်ဝိခ်ကန်းဒ် နဲ့ ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်တို့ရဲ့ အချစ်ရေးဟာ သာယာဖြောင့်ဖြူးလျက်ရှိပါတယ်။ ဒီလိုအဆင်ပြေနေတဲ့ နှစ်ဦးအကြားက ဆက်ဆံရေးကို သယ်ဝိခ်ကန်းဒ်ကတစ်ဆင့် တက်ချင်တဲ့ဆန္ဒတွေရှိနေတာဖြစ်ပြီး လတ်တလောမှာတော့ စေ့စပ်ပွဲဆင်နွှဲကြဖို့ရည်ရွယ်နေကာ ချစ်သူအတွက် စေ့စပ်လက်စွပ်ကို ရှာဖွေစုံစမ်းနေတာ ဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ သယ်ဝိခ်ကန်းဒ်ဟာ လေးကာရက်ရှိတဲ့ စိန်ပွင့်မျိုးနဲ့ ပြုလုပ်ထားတဲ့လက်စွပ်ကို လိုချင်နေတာဖြစ်ပြီး ဒီလိုစုံစမ်းနေတာဟာ သီတင်းပတ်များစွာကြာခဲ့ပြီဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် မကြာမီကျရောက်လာတော့မယ့် ဆယ်လီနာဂိုမက်ဇ်ရဲ့မွေးနေ့မှာလည်း သယ်ဝိခ်ကန်းဒ်က စေ့စပ်လက်စွပ်ကိုပေးအပ်သွားဖို့ ရည်ရွယ်ထားတာဖြစ်တယ်လို့လည်း သတင်းတွေထွက်နေပါတယ်။ လာမယ့် ဇူလိုင် ၂၂ ရက်မှာ ဆယ်လီနာဂိုမက်ဇ်ဟာ အသက်(၂၅)နှစ်ပြည့်မှာလည်း ဖြစ်ပါတယ်။ သူတို့နှစ်ဦး ရဲ့ချစ်သူသက်တမ်းဟာ တစ်နှစ်တောင်မပြည့်မီ ဆက်ဆံရေး ကတော့ အချိန်တိုအတွင်း အလွန်ခိုင်မြဲလာတာကို တွေ့ရပါ တယ်။



## ကန်နမ်နဲ့ချစ်သူတွေဖြစ်နေကြောင်း ဝန်ခံလိုက်တဲ့ ယူအီး အင်စတာဂရမ်စာမျက်နှာကို ဖျက်သိမ်း

တောင်ကိုရီးယားနာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ယူအီးက လတ်တလောမှာ ပေါ်ထွက်လာခဲ့တဲ့ သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်တဲ့ ကောလာဟလတွေကို ချက်ချင်းဆိုသလိုပဲ တုံ့ပြန်ဖြေရှင်းခဲ့ပါတယ်။ ယူအီးဟာ တေးသံရှင်တစ်ဦးဖြစ်တဲ့ ကန်နမ်နဲ့ ချစ်သူတွေဖြစ်နေကြကြောင်း အွန်လိုင်းမီဒီယာအချို့က ရေးသားဖော်ပြခဲ့ပြီးတဲ့နောက်မှာတော့ ယူအီးက ယင်းကောလာဟလတွေဟာ မှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းချက်ထုတ်ခဲ့ပါတယ်။ ဒီလို ငြင်းဆိုပြီးတဲ့နောက် ၂၄ နာရီအတွင်းမှာပဲ ယူအီးဘက်က ချစ်သူတွေဖြစ်နေကြကြောင်း ပြန်လည်ဝန်ခံခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးသံရှင်တစ်ဦးအဖြစ်မှသည် မင်းသမီးတစ်ဦးအဖြစ်ပါ အောင်မြင်နေတဲ့ ယူအီးအနေနဲ့ "M. I. B"တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ကန်နမ်တို့ဟာ ချစ်သူတွေအဖြစ် လက်တွဲလာခဲ့ကြတာ သုံးလခန့်ကြာခဲ့ပြီဖြစ်ကြောင်းနဲ့ ချိန်းဆိုတွေ့ဆုံနေကြတဲ့ သူတို့နှစ်ဦးလို့ထင်ရတဲ့ ဓာတ်ပုံနဲ့အတူ ချစ်သူတွေဖြစ်နေကြကြောင်း မီဒီယာအချို့က ရေးသားဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုကောလာဟလတွေပေါ်ထွက်လာချိန်မှာတော့ ယူအီးရဲ့ ဖျော်ဖြေရေးအေဂျင်စီက သူတို့နှစ်ဦးဟာ ရင်းနှီးတဲ့သူငယ်ချင်းတွေသာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့တယ်လို့လည်း သိရပါတယ်။ ယူအီးကိုယ်တိုင်ကလည်း ချက်ချင်းဆိုသလို သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ကောလာဟလတွေကို ငြင်းဆိုခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာမှ ပြန်လည်ဝန်ခံခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၁၄ ရက်က လတ်တလောမှာ အသက်(၂၉)နှစ် အရွယ်ရှိပြီဖြစ်တဲ့ ယူအီးနဲ့ (၃၀)နှစ်အရွယ် ကန်နမ်တို့နှစ်ဦး ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေစတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒီလို အွန်လိုင်းမီဒီယာပေါ်မှာ ပျံ့နှံ့နေတဲ့ ကောလာဟလတွေကို ယူအီးက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် အမြန်ဆုံးပြန်လည်ရှင်းလင်းခဲ့တာ ဖြစ်ပါတယ်။

ယူအီးက ပြီးခဲ့တဲ့ ဇူလိုင် ၁၄ ရက်မှာပဲ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ လတ်တလော သူပါဝင်ရိုက်ကူးလျက်ရှိတဲ့ ရုပ်ရှင်သစ်ရဲ့ ဇာတ်ညွှန်းစာအုပ်မျက်နှာဖုံးဓာတ်ပုံတစ်ပုံနဲ့အတူ ကောလာဟလတွေကို ပြန်လည်ဖြေရှင်းထားတဲ့ စာသားအချို့ကို ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။ ယူအီးက "ကျွန်မအနေနဲ့ ကန်နမ်နဲ့ Jungle ကို ရိုက်ကူးနေစဉ်ကာလအတွင်းမှာ အလွန်ကို ရင်းနှီးခဲ့ကြပါတယ်။ ကျွန်မတို့နှစ်ဦး အတူသွားစားသောက်ခဲ့ကြတယ်။ မမျှော်လင့်ပဲ တွေ့ဆုံခဲ့ကြတဲ့အခါလည်း ရှိတယ်။ ဒါပေမယ့် ဒီလိုအရာတွေကို ချိန်းဆိုတွေ့ဆုံနေတာလို့ ဆိုရမှာလား။ ဒါဟာ ကျွန်မကို ဝမ်းနည်းစေတာတော့အမှန်ပါပဲ။ ကျွန်မအနေနဲ့ လက်တွဲဖော်နဲ့ တွေ့ဆုံခွင့်ရခဲ့မယ်ဆိုရင် ပရိသတ်တွေကို အသိပေးသွားမှာပါ။ အခုအချိန်မှာတော့ ကျွန်မအလုပ်ကိုပဲ ကြိုးစားနေပါတယ်"လို့ ရေးသားဖော်ပြခဲ့ပါတယ်။

ယခုလို ယူအီးက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ကောလာဟလတွေနဲ့ပတ်သက်ပြီး ပြန်လည်ရှင်းလင်းပြီးချိန်မှာပဲ အွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ ဒစ်ပတ်ချ်က ယူအီးနဲ့ ကန်နမ်တို့ ချိန်းဆိုတွေ့ဆုံနေကြတဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ယူအီးရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ယိုရန်းမ်အန်တာတိန်းမန့်က ဓာတ်ပုံတွေကို ဘယ်လိုအချိန်မျိုးမှာ ရိုက်ကူးထားတာလဲဆိုတာကို သူတို့အနေနဲ့ မခန့်မှန်းနိုင်ပေမယ့် ကောလာဟလတွေကိုတော့ ငြင်းဆိုကြောင်း၊ ယူအီးကို အကြိမ်ကြိမ်ဆက်သွယ်မေးမြန်းခဲ့ရာမှာလည်း ငြင်းဆိုခဲ့ကြောင်း၊ တကယ်လက်တွဲနေတယ်ဆိုပါက အေဂျင်စီအနေနဲ့ ဖုံးကွယ်ထားစရာအကြောင်းမရှိကြောင်းနဲ့ ဓာတ်ပုံတွေနဲ့ပတ်သက်ပြီး ထုတ်ပြန်ချက်တွေကို ဆက်လက်ဖော်ပြပေးသွားမှာဖြစ်ကြောင်းလည်း တရားဝင်တုံ့ပြန်ခဲ့တာ တွေ့ရပါတယ်။

ဒါပေမယ့် ဇူလိုင် ၁၄ ရက် ညပိုင်းမှာတော့ ယူအီးက သူတို့နှစ်ဦးရဲ့အချစ်ဇာတ်လမ်းကို ဝန်ခံလိုက်ပြီး ငြင်းဆိုခဲ့မိတဲ့အတွက် တောင်းပန်ကြောင်းကိုလည်း သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြန်လည်ဖော်ပြခဲ့တာဖြစ်ပါတယ်။ သူ့အနေနဲ့ ငြင်းဆိုခဲ့မိတဲ့အကြောင်းနဲ့ပတ်သက်ပြီးလည်း ချစ်သူတွေဖြစ်နေကြတာ သုံးလခန့်ကြာသွားပြီဆိုတဲ့ သတင်းအပေါ် အံ့အားသင့်ခဲ့ရတဲ့အတွက် ရုတ်တရက် ကျိုးကြောင်းသင့်တင့်အောင်မတွေးနိုင်ဘဲ တုံ့ပြန်လိုက်မိတာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလို တောင်းပန်စကားဆိုခဲ့ပြီးနောက်မှာတော့ ယူအီးက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာကို ဖျက်သိမ်းပစ်လိုက်ပါတယ်။

လတ်တလောမှာတော့ ယူအီးရဲ့ ဖျော်ဖြေရေးအေဂျင်စီကရော ကန်နမ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီကပါ ကြယ်ပွင့်နှစ်ဦး ချစ်သူတွေဖြစ်နေကြကြောင်း အတည်ပြုပြောကြားခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

# သာဓုခေါ်ဆိုနိုင်ပါရန်

၁၉၂၆ ခုနှစ်ကတည်းက တည်ထောင်ထားခဲ့သော ကြည့်မြင်တိုင်မြို့နယ် အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရိယတ္တိစာပေများ သင်ကြားပို့ချလျက်ရှိသော စာသင်တိုက်များသို့ နှစ်စဉ် တပေါင်းလပြည့်တစ်ကြိမ်၊ ဝါဆိုလပြည့်တစ်ကြိမ်၊ တန်ဆောင်မုန်းလပြည့်တစ်ကြိမ်၊ တစ်နှစ်လျှင်သုံးကြိမ် အစဉ်အလာမပျက် လှူဒါန်းနိုင်ခဲ့ပါသည်။ ယခုနှစ် ၂၀၁၇ခုနှစ်တွင်လည်း (၂၆၁)ကြိမ်မြောက် ဝါဆိုလဆွမ်းဆန်တော်လှူ ရေစက်ချပွဲကို အမှတ်-၇၇/၇၉၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် အသင်းတိုက်သစ်ကြီးတွင် ရေစက်ချ၍ စာသင်တိုက်(၂၇၀)တိုက်ရှိ သံဃာတော် (၂၇၅၃၈)ပါးတို့အတွက် ခွန်နီမွှေးဆန်အမျိုးအစား ဆွမ်းဆန်တော်အိတ်ပေါင်း(၁၀၃၄၈) အိတ် တန်ဖိုးအားဖြင့် (၃၀၂၆၇၉၀၀၀/ကျပ်) သိန်းသုံးထောင်နှစ်ဆယ့်ခြောက်သိန်းခုနစ်သောင်းကိုးထောင်ကျပ်တိတိ လှူဒါန်းမှုပြုနိုင်ခဲ့ကြသည့်အပြင် အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်(၁၁)ပါး၊ ဓမ္မကထိက ဆရာတော်(၁၁)ပါးတို့အား ရွှေဘိုပေါ်ဆန်းမွှေး ဆန်(၂၂)အိတ်၊ တန်ဖိုးအားဖြင့် (၁၀၅၆၀၀၀/ကျပ်)(တစ်ဆယ်သိန်းငါးသောင်းခြောက်ထောင်ကျပ်)ထပ်ဆောင်းလှူဒါန်းမှု ပြုနိုင်ခဲ့ပါသည်။ အသင်းကြီးသို့ စေတနာသဒ္ဓါထက်သန်စွာ လှူဒါန်းနိုင်ခဲ့ကြသည့် အလှူရှင်များ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန် အသိပေးအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ**
**ရန်ကုန်ဆန်လှူအသင်းကြီး**

ဖုန်း-၀၁-၅၂၃၆၉၄၊ ၀၁-၉၃၁၇၃၅၀၊ ၀၁-၉၃၁၇၂၈၆၊ ၀၉-၂၅၄၈၉၁၆၇၀


**သုံးရောသီ** မမွဒါန

**ဧတာခ်ပြုံးမင်းနှစ်ပါးမွဲ**

တောင်ပြုံး တောင်ကြီး အင်းလေး(၆၀၀၀၀/-)

တောင်ပြုံး ပုဂံ ပုပ္ပါး ပခုက္ကူ(၅၀၀၀၀/-)

တောင်ပြုံး မော်မြို့ ဇက်ကိုင်း(၄၀၀၀၀/-)

ကားအမျိုးမျိုးစီးလုံးငှားသည်။ 1-8-2017

420144148, 421153797


## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁) ပဥ္စမတန်း (A)မှ နန်းဆိုင်နောင့်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆမ် ဖြစ်ပါကြောင်း။

**ဦးစိုင်းဆမ်**

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁) ပဥ္စမတန်းမှ မသန်းသန်းနုနှင့် အဌမတန်းမှ မသန်းသန်းအေးတို့၏ ဖခင်အမည်မှန်မှာ ဦးလောချင် ဖြစ်ပါကြောင်း။

**ဦးလောချင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ထောက်ကြန့်တိုးချဲ့-၃၊ မြေကွက်အမှတ်-၂၀၃၊ အတိုင်းအတာ ပေ(၂၅×၅၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၃/၂၀၃)၊ မြခွာညို(၆)လမ်း၊ တိုးချဲ့(၃)ရပ်ကွက်၊ ထောက်ကြန့်၊ မင်္ဂလာဒုံ(ဦးမောင်သန်း)အမည်ပေါက် ပါမစ်မြေအား တင်ပြပါမစ်တွင် မိသားစုဓာတ်ပုံနှင့် အိမ်ရာဆောက်လုပ်ခွင့်သာရှိပြီး ရွှေ့ပြောင်းသူများ၏ ရာဇဝင်အကျဉ်းချုပ်နှင့် မှီခိုသူမပါသော ပါမစ်အရပ်ကတိ အရောင်းအဝယ်စာချုပ် ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ထောက်ခံစာ၊ ထောက်ကြန့်နယ်မြေရဲစခန်း စခန်းမှူး၏ထောက်ခံစာ၊ ပါမစ်ပျောက်ဆုံးမှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိတင်ပြ၍ ဦးကျော်ဆွေ[၁၂/မဂဒ(နိုင်)၀၉၆၀၀၁]မှ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


**ဈေးကောင်းပေးဝယ်သည်။**

လုကြီးမင်း၏TVLED မှန်ပျက်နေသော SONY,LG,SAMSUNG,TV များကို ရောင်းလိုပါက ဈေးကောင်းပေးဝယ်ပါသည် MODEl များမှာ

| | |
|---|---|
| *SONY-KDL-40R450* | *SONY-KDL-40R350* |
| *SONY-KDL-40R324* | *SONY-KDL-48R550* |
| *SONY-KDL-48R470* | *SONY-KDL-42W654* |
| *SONY-KDL-42W674* | *SONY-KDL-42W700* |
| *SONY-KDL-42W800B* | *SONY-KDL-55W704* |
| *SONY-KDL-60W600* | *SONY-KDL-55W804* |

*SONY-KDL-55W800B* စသော Modelများကိုပို၍ဈေးကောင်းပေးဝယ်သည်။ Ph-၀၉း၅၀၇၃၆၇၃/၀၉း၇၈၅၀၇၃၆၇၃



**Day Care and Short Stay Center**

အိမ်တွင် ပြုစုစောင့်ရှောက်ရန် ခက်ခဲသော သက်ကြီးရွယ်အိုများအတွက် နေ့စဉ် နေထိုင်မှုဘဝတွင် ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်စေရန် ရည်ရွယ်၍ ကျွန်မတို့၏ Care House Clover Day Care Center အား ဖွင့်လှစ်ထားပါသည်။

Day Care Service အား ၃၁-၇-၂၀၁၇ ရက်အထိ လာရောက်အသုံးပြုသူများကို အခမဲ့ (၃)ကြိမ်တိတိ အသုံးပြုခွင့် ပေးသွားမည် ဖြစ်ပါသည်။

**Care Support Clover Co.,Ltd**
**Ph-01-524577,09-790635964,09-250234108**
**အမှတ်(၂၈)၊ သုခမြိုင်(၁)လမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်**
**(သုခမှတ်တိုင်အနီး)**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄/ကံဘဲ့၊ မြေကွက်အမှတ်-၂၆/က-၁၀၊ မြေကွက်တည်နေရာအမှတ်-၃၆(B)၊ ရွှေသစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဦးလှိုင်ဖေ[၁၂/ရကန(နိုင်)၀၄၅၆၃၄] အမည်ပေါက် B လ/န ၃-ခ မြေအား အမည်ပေါက် ဦးလှိုင်ဖေနှင့် ဇနီး ဒေါ်သောင်းတို့ ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်နွဲ့နွဲ့ရီ[၁၂/ရကန(နိုင်)၀၄၅၆၃၈]၊ ဒေါ်စန်းစန်းထွေး[၁၂/ရကန(နိုင်)၀၄၅၆၃၆]တို့မှ ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


Galaxy Software

**Galaxy Software Co., Ltd.**

**HotelPro®**
ဟိုတယ်လုပ်ငန်းသုံး ကွန်ပျူတာစနစ်

**iStock®**
ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်

**CaféPOS®**
စားသောက်ဆိုင်သုံး ကွန်ပျူတာစနစ်



| | | |
|---|---|---|
| YANGON | No.29B, 1st Floor, New University Avenue Road, Bahan Township, Yangon. | 09 430 64 181, 09 420 909 100 |
| MANDALAY | No.Da 11/49 A, 64 Street, (Between 39 St. x 40 St.), Mahar Aung Myae Township, Mandalay. | 09 4400 67 577, 09 97 8030 881 |
| NAY PYI TAW | N0.626, Padauk 3 Street, Thapyay Kone Ward, Zabuthiri Township, Nay Pyi Taw. | 09 257 333 214, 09 97 4432 762 |
| PATHEIN | No.1493, Tatargyitan Lanthit Street, No.3 Zone, Pathein. | 09 4550 42 499, 09 4550 42 500 |
| TAUNGGYI | N0.G 105, Mya Myintzu Thama Apartment, Nyaung Phyu Sa Kan Quarter, Taunggyi. | 09 444 200 771, 09 444 200 772 |

www.galaxy.com.mm    HOT LINE 09 43 209 550    Copyright©Galaxy Software Co., Ltd. All rights reserved.

## အထူးလိုအပ်လျက်ရှိသော "ဆွမ်းစားကျောင်းဆောင်" ကုသိုလ်ပြုဖြည့်ဆည်းလှူဒါန်းစေလို




မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁ရက်နေ့တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ (၃၂၄)ဦးသော မိဘမဲ့၊ နွမ်းပါး၊ တိုင်းရင်းသား မူ၊ လယ်၊ ထက် ကျောင်းသား/ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက် ပညာသင်ကြားပေးလျက်ရှိပါသည်။

ဘုရားအမှူးရှိသော သံဃာတော်များနှင့် ပရဟိတကလေးများအတွက် အထူးလိုအပ်လျက်ရှိသော "ဆွမ်းစားကျောင်းဆောင်" သည် (အလျား ၅၅ပေ× အနံ ၄၅ပေ) ရှိပြီး (3RC) သုံးထပ်ကွန်ကရစ်အဆောက်အအုံ အမျိုးအစားဖြစ်သည်။ အင်ဂျင်နီယာ ဗိသုကာပညာရှင်များ တွက်ချက်မှုအရ တစ်ထပ်လျှင် ကျပ်သိန်း (၃၅၀)ခန့် ကုန်ကျမည်ဖြစ်ပြီး အပေါ်ထပ်စေတီအပါအဝင် သုံးထပ်လုံးအတွက် သိန်း(၁၂၀၀)ခန့် ကုန်ကျမည်ဟုသိရှိရပါသည်။

အထူးလိုအပ်လျက်ရှိသော ဤ"ဆွမ်းစားကျောင်း"တော်ကြီး အမြန်ဆုံးပြီးမြောက်နိုင်ရေးအတွက် စေတနာရှင်များမှ တစ်ထပ်ချင်းဖြစ်စေ၊ စွမ်းနိုင်သရွေ့ဖြစ်စေ ကုသိုလ်ပြုလှူဒါန်းခြင်းဖြင့် ကျောင်းဒါယကာ၊ ဒါယိကာမအဖြစ် ခံယူနိုင်ကြစေရန် အထူးမေတ္တာရပ်ခံ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**လှူဒါန်းနိုင်မည့် အပိုင်းကဏ္ဍများ**

(၁) ရွှေထီးဂုံပုံတူစေတီတော် တန်ဖိုး ကျပ်သိန်း(၁၅၀)။
(၂) ဆွမ်းစားကျောင်းဆောင်တစ်ထပ်တန်ဖိုး ကျပ်သိန်း(၃၅၀)။
(၃) အခန်းတစ်ခန်းတန်ဖိုး ကျပ်သိန်း(၃၀)။
(၄) ဆွမ်းစားကျောင်းဆောင်အားလုံးအပြီးစီးတန်ဖိုး ကျပ်သိန်း(၁၂၀၀)။

အလှူရှင်များ သားစဉ်မြေးဆက် ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုနိုင်ရန် "ကမ္ပည်းကျောက်စာ" ရေးထိုးဂုဏ်ပြုပေးပါမည်။ စွမ်းနိုင်သရွေ့ ဝိုင်းဝန်းကူညီဖြည့်ဆည်းစေလိုကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။

**qufbG;ef**
**ကျောင်းအုပ်ဆရာတော်နှင့်အကျိုးဆောင်များ**
မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
ဖုန်း-၀၉- ၇၉၆၆၂၅၇၀၀၊ ၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀
ကမ္ဘောဇဘဏ်အကောင့်နံပါတ် ဦးဇဋိလ (A/C No. 007- 301-00700708002)
CB Bank အကောင့်နံပါတ် U ZATILA (A/C No.0092600100002526)

မှတ်ချက် - ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။ ကျိုက်ထီးရိုးဘုရားနှင့်(၁၇) မိုင်ခန့်သာကွာပါသည်။
- ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာ ကွာပါသည်။
- မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၁၉ရက် (ဗုဒ္ဓဟူးနေ့) "အာဇာနည်နေ့" သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်များ အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### မန္တလေးတီဘီရောဂါအထူးကုဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ တီဘီရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်း (consumables) များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၀-၇-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၈-၂၀၁၇ရက်၊ ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါး/ဆေးပစ္စည်းများစာရင်းကို အသေးစိတ်သိရှိလိုပါက မန္တလေးမြို့ တီဘီရောဂါအထူးကုဆေးရုံကြီးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတီဘီရောဂါအထူးကုဆေးရုံကြီး**
**မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၂-၅၇၀၁၄**

**ရောင်းမည်**
မန္တလေး-လားရှိုး လမ်းမအနီး
ပဒေသာမြို့သစ်၊ ပြင်ဦးလွင်
ပေ(၄၀×၆၀)ဂရန်(အိမ်၊ ရေ၊ မီး)
ဖုန်း-၀၉-၇၃၂၂၀၆၃၅

ဂုဏ် မဂ် သဃ်
ရွှေနန်းစံ
အိမ်ပြောင်း/အိမ်ရှာဝန်ဆောင်မှု (မြို့တွင်း/နယ်ဝေး)
Ph: 09-425308777, 09-770639155, 09-261111549

**အဆင့်တန်းမြင့်မြင့် ဈေးနှုန်းသက်သက်သာသာဖြင့် နေထိုင်ချင်သူများအတွက် MTP CONSTRUCTION မှ အထူးအစီအစဉ်**

MTP
MYANMAR TOP POWER
Construction & Decoration(LC - 34 & 292)

● **တိုက်ခန်းဈေးနှုန်း**
- ငွေပေးချေမှုစနစ်ပေါ်တွင် မူတည်ပြီး ပြောင်းလဲသွားပါမည်၊
- ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် နေထိုင်ခွင့်ရရှိပါမည်၊

● **အဆောက်အအုံ အင်္ဂါရပ်များ**
- ကားပါကင် + ၆-ထပ် + Penthouse အထပ်ပါသော (၆)စင်းတွဲ အဆောက်အဦး၊
- နိုင်ငံခြား Architect ဖြင့် စနစ်တကျ Design ရေးဆွဲထားခြင်း၊
- လျှောင်ဖော်စံနိုင်သည့် Mat Foundation System ဖြင့် တည်ဆောက်ထားခြင်း၊
- ဓာတ်လှေကား ၂-စင်း ၊ Transformer ၊ မီးစက် နှင့် လုံခြုံရေးစနစ်များပါရှိခြင်း၊
- တစ်ခန်းလျှင် ကားပါကင် တစ်စီးစာ နေရာပြုလုပ်ထားခြင်း၊
- Type A (1490-Sqft) ၊ Type B (820-Sqft) ၊ Type C (1415-Sqft)
အခန်းအမျိုးအစား (၃)မျိုးရှိခြင်း၊
- အခန်းတိုင်းအား Room Type စနစ်ဖြင့် ဖွဲ့စည်းထားခြင်း၊



အမှတ်(၂၁) ၊ ဘောဂသိဒ္ဓိလမ်း ၊ (၂)ရပ်ကွက် ၊ မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်။




Contact Address
No.233/235,32nd St,Pabedan Tsp,Yangon, Myanmar.
Office : 01 386802, 01 388415.
HP : 09 73204167
Email : info@mtp-construction.com

စေတနာအရင်း နိုင်မာခြင်း
လုပ်ဆန်းသစ် ဒီဇိုင်းများနှင့်
စိတ်ချယုံကြည်
MTP


အမြန်ဆန်ဆုံးဖလန်းဖလန်း
4G plus
မြန်မာ့ပထမဆုံးနဲ့
အမြန်ဆုံး 4G အင်တာနက်ဟာ
ပိုပြီးမြန်ဆန်လာပါပြီ
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား
PLUS
4G

အနန္တငါးပါး ဦးထိပ်ထား၊ စိန်ရွှေရတနာ၊ ကုဋေကုဋာများ၊ ပုဂ္ဂိုလ်အပေါင်းစောင့်ရှောက်ထား၊ ကန်ကော်လေးမှာ ပေါက်တတ်ပါသား

# ကန်ကော်လေး ထီဆိုင်

အမှတ်၈၂၃၊ မဟာဗန္ဓုလလမ်းနှင့်(၁၀)လမ်းထိပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ Ph:01 222576, 09 73049804

ဟုတ်ပဲ့! အပတ်စဉ်မပျက် ပေါက်သူတွေ တကယ်ပေါက်သွားကြလို့
ရသူတွေ တကယ်ရသွားကြပြီး ဟော ~ တစ်ယောက်...ဟော တစ်ယောက်နဲ့
လက်တွေ့ ချက်ချင်း ချမ်းသာသွားကြပြီ . . . ဒါကြောင့်

ဒီလို မနေနဲ့   ဒီလို နေ

သင့် မိသားစုဘဝ ထာဝရပြီးပြည့်စုံသွားစေဖို့
တိုက်ဆောက်မလား ... ကားစီးမလား ... လိုတာမှန်သမျှ စဉ်းစားထား
လိုသမျှငွေဖြို့ တစ်လှေကြီးကို ယူဖြစ်အောင်ကို လာယူသွား

**သိန်းတစ်သောင်း၊ သိန်းငါးထောင်၊ သိန်းသုံးထောင်၊**
**သိန်းတစ်ထောင်၊ သိန်းငါးရာ၊ သိန်းသုံးရာ၊**
**သိန်းတစ်ရာ၊ သိန်းငါးဆယ်၊ သိန်းသုံးဆယ်၊**
**ဆယ်သိန်းဆုကြီး နှင့် ငါးသိန်းဆုကြီးများအပါအဝင်**

ဆုမဲစုံအမြောက်အများကို အစုလိုက် အပုံလိုက် တိုးမြှင့်ခွဲဝေချီးမြှင့်ပေးနေပြီမို့
ရောက်ဖြစ်အောင်သာ ရောက်အောင်လာ ပေးဖြစ်အောင်ကိုပေးလိုက်ချင်လို့ပါ

**ကန်ကော်လေး ရဲ့ ချစ်ပရိသတ် ချမ်းသာဖို့သာ ဖြင့်ပေးတော့**



# STAR ACADEMY

Hospitality & Business Management Academy
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း

## Diploma in Tourism & Hospitality Management

ဖွံ့ဖြိုးတိုးတက်နေသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်
စာတွေ့၊ လက်တွေ့၊ Assignments၊ Project များစွာဖြင့် လုပ်ငန်းအတွေ့အကြုံရှိ ဆရာများကိုယ်တိုင် ထိရောက်စွာသင်ကြားပေးနေပါသည်။



- Tourism Management Course
- Front Office Management Course
- Food and Beverage Management Course
- Sales and Marketing Management Course
- Housekeeping Management Course
- Human Resources Management Course

လျှောက်လွှာပိတ်ရက် - (၃၁.၇.၂၀၁၇)

Star Resources Co.,Ltd အမှတ် (၂၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း၊ (ဒဂုံစင်တာ-၂ ရှေ့)၊ ရန်ကုန်၊ ဖုန်း- (၀၁) ၅၂၃၂၀၀၊ ၂၃၀၄၀၂၀၊ ၂၃၀၄၀၂၁၊ ၅၂၃၆၂၃၊ ၀၉ ၅၀ ၂၀ ၃၀၂



Columbus
TRAVELS & TOURS

TG လေယာဉ်လက်မှတ်များဝယ်ယူပြီး....

ထီး လက်ဆောင်များ
ချက် ချင်း ရ ယူ လိုက် ပါ
၂၀၁၇ ဇူလိုင် ၃ မှ ၃၁ ရက်နေ့အထိ




လေယာဉ်ပျံလက်မှတ် ကိုလံဘတ်(စ်)   01-229245,378535,02-60956



ရွှေဘုံသာ အလယ်လမ်းက

# ယူနိုက်တက်ဗွီးရှင်း

မျက်စိအထူးကုဆေးရုံကြီးနှင့် မျက်မှန်၊ မျက်ကပ်မှန်အရောင်းခန်းမ



အထူးချွန်ဆုံး မျက်စိအထူးကု
ဆရာဝန်ကြီးများကိုယ်တိုင်
စမ်းသပ်ခွဲစိတ်ကုသပေးနေပါသည်။
ခေတ်မီစက်ပစ္စည်းများကို
အသုံးပြုပြီးမျက်မှန်များကို
နေ့ချင်းပြီးဆောင်ရွက်ပေးနေပါပြီ။

အတွင်းတိမ်ခွဲစိတ်ရန်
(ECCE) ခေါ် လက်ဖြင့်ခွဲစိတ်ခြင်းအပြင်၊
မျက်စိကိုခွဲစရာမလို၊ချုပ်စရာမလိုပဲ
Phaco-Emulsifier
(Ultra Sound System)
ဖြင့်လည်းကုသပေးနေပါသည်။
ငွေကြေးအခက်အခဲရှိသူများကို အပတ်စဉ် တနင်္လာနေ့
မွန်းလွဲ (၁:၀၀) နာရီ မှ ည (၇:၃၀)နာရီအထိ
ကြိုတင်စာရင်းပေးသွင်းသူများကို **အခမဲ့** စမ်းသပ်ခွဲစိတ်
ပေးနေပါသည်။
ဖုန်း - ၀၉ ၄၅၀၆၂၈၄၄၅

INTERNATIONAL BRANDED အစစ်များကိုသာ
အာမခံဖြင့် ရောင်းချပေးနေပါသည်။

Ray-Ban
OAKLEY
VOGUE eyewear
BURBERRY
BVLGARI
PRADA EYEWEAR

**ရန်ကုန်ဆိုင်ခွဲ**

- အမှတ်(၂၆၃)၊ရွှေဘုံသာအလယ်လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၁-၃၈၄၈၃၈၊ ၂၅၂၇၁၈၊ ၃၈၉၉၃၉
- အမှတ်(၂၆၂)၊ရွှေဘုံသာအလယ်လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၁-၂၄၀၇၈၅
- အမှတ်(၆၆/၆၈)၊စံရိပ်ငြိမ်(၆)လမ်းထိပ်၊ရန်ကုန်အင်းစိန်လမ်းမ၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၅၃၂၃၁၇၊၂၃၀၄၂၉၄
- အမှတ်(၃၈/ဃ)၊လေးထောင့်ကန်လမ်းမကြီး၊သင်္ဃန်းကျွန်းဈေးရှေ့၊ဇဝန၊ ဖုန်း-၀၁-၈၅၆၅၉၂၂
- အမှတ်(၂၅၇/၂၅၈)၊ဂမုန်းပွင့်ရှော့ပင်းစင်တာ၊ဒုတိယထပ်၊ရန်ကုန်-အင်းစိန်လမ်း၊ကမာရွတ်မြို့နယ်။ ဖုန်း-၀၉၇၇၁၄၅၀၃၉၉

**မန္တလေးဆိုင်ခွဲ**

- ၇၈လမ်း(၂၇လမ်းနှင့်၂၈လမ်းကြား)၊အမှတ်(A-3)၊ဘုတာကြီးမြောက်ဘက်၊မန္တလေးမြို့။ ဖုန်း-၀၂-၆၈၇၈၆၊၃၄၄၄၂
- Diamond Plaza ၊စက်လှေကားအနီး(မြေညီထပ်)၇၈လမ်း၊၃၃လမ်းနှင့်၃၄လမ်းကြား။ ဖုန်း-၀၉၉၁၀၂၇၀၃၄
- ၈၄လမ်း(၂၉လမ်းနှင့်၃၀လမ်းကြား)၊အမှတ်(53/54B)၊မန္တလေးမြို့။ ဖုန်း-၀၂-၃၁၇၈၁

# MNL- 2 အမှတ်ပေးပြိုင်ပွဲတွင် စီးတီးရန်ကုန်အသင်း ဗိုလ်စွဲ




**ပထမဆုရ စီးတီးရန်ကုန်အသင်း။** (ဓာတ်ပုံ-စိုးညွန့်)

**ရန်ကုန် ဇူလိုင် ၁၆**

၂၀၁၇ ဘောလုံးရာသီ MNL - 2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲမှာ ယနေ့ညနေပိုင်းက ပြီးဆုံးသွားခဲ့ပြီး စီးတီးရန်ကုန်အသင်းက ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။

စီးတီးရန်ကုန်အသင်းသည် ပွဲစဉ်(၁၈) ပြီးကတည်းက ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်ပြီး မဟာယူနိုက်တက်အသင်းမှာမူ ပွဲစဉ်(၁၉) အပြီးတွင် ဒုတိယနေရာရရှိခဲ့သည်။ ထို့ကြောင့် ယခုနောက်ဆုံးပွဲမှာ ဂုဏ်သိက္ခာပိုင်းအတွက်သာ ကစားခဲ့ပြီး စီးတီးရန်ကုန်အသင်းသည် သရေရလဒ်ရယူပြီး ချန်ပီယံဆုအပြင် ရှုံးပွဲမရှိ စံချိန်ကိုပါ ရယူနိုင်ခဲ့သည်။ စီးတီးရန်ကုန်အသင်းအတွက် ဂိုးများကို ၆၂ မိနစ်တွင် ဇော်ဝင်းမောင်၊ ၆၆ မိနစ်တွင် ဂျိုးဇက်တို့က သွင်းယူခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၆၃ မိနစ်တွင် ကယ်လ်ဗင်၊ ၈၁ မိနစ်တွင် ကျော်စွာမင်းတို့က သွင်းယူခဲ့သည်။

ပြိုင်ပွဲအပြီးတွင် စီးတီးရန်ကုန်အသင်းက ၅၁ မှတ်ဖြင့် ပထမ၊ မဟာယူနိုက်တက်အသင်းက ၄၃ မှတ်ဖြင့် ဒုတိယ၊ မြဝတီအသင်းက ၃၈ မှတ်ဖြင့် တတိယရရှိခဲ့ပြီး ချန်ပီယံဆုရခဲ့သည့် စီးတီးရန်ကုန်အသင်းနှင့် ဒုတိယဆုရရှိခဲ့သည့် မဟာယူနိုက်တက်အသင်းသည် MNL သို့ တန်းတက်ခွင့်ရရှိခဲ့သည်။ စီးတီးရန်ကုန်အသင်းနှင့် မဟာယူနိုက်တက်အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ တတိယဆုရ မြဝတီအသင်းအား ဆုတံဆိပ်နှင့် ကျပ်သိန်း ၁၀၀၊ ဒုတိယဆုရ မဟာယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ကျပ်သိန်း ၁၅၀၊ ပထမဆုရ စီးတီးရန်ကုန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့် ဆုကြေး ငွေကျပ်သိန်း ၃၀၀ တို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **(ရှိုင်းထက်ဇော်)**



**ဖျံသွေး(ရွှေမိုးထိ)နှင့် အိကျူစံ (ထိုင်းဖိုက်)တို့ ယှဉ်ပြိုင်ထိုးသတ်နေကြစဉ်။**

# နိုင်ငံတကာရိုးရာလက်ဝှေ့အထူးစိန်ခေါ်ပွဲ သရေရလဒ်ဖြင့် ပြီးဆုံး

**ရန်ကုန် ဇူလိုင် ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ ဒုတိယနေ့ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပပြီး အဆိုပါပွဲစဉ်များအပြီးတွင် နိုင်ငံတကာရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲအဖြစ် ဖျံသွေး(ရွှေမိုးထိ)နှင့် အိကျူစံ (ထိုင်းဖိုက်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ သရေရလဒ်ဖြင့်သာ ပြီးဆုံးသွားသည်။

အဆိုပါပွဲတွင် ဖျံသွေးက ငါးချီလုံး အသာစီးရ ထိုးသတ်နိုင်ခဲ့သော်လည်း အိကျူစံ၏ ကြံ့ခိုင်မှုနှင့်ခံနိုင်ရည်ရှိမှုတို့ကြောင့် အလဲမထိုးနိုင်ဘဲ ရှိခဲ့သည်။ ဖျံသွေး၏ ထိုးချက်၊ ကန်ချက်များကြောင့် ဒုတိယအချီတွင် အိကျူစံ အနားတောင်းရပြီး တတိယအချီတွင် အမှတ်စဉ်ရေခံရသော်လည်း ငါးချီပြည့် တောက်လျှောက်တန်ပြန်တိုက်စစ်နှင့် အတွေ့အကြုံသမ္ဘာများပေါင်းစပ်ကာ သရေရလဒ်ကို ယူသွားခဲ့သည်။ ပရိသတ်များလည်း အကြိုက်တွေ့ပြီး တစ်ခဲနက်အားပေးခဲ့ကြသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ၆၇ ကီလိုတန်းတွင် ကြယ်စင်ဖြိုး(ရိုးရာပုဂံ)က စောမင်းအောင် **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❖**

## နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၁၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၇ နာရီ ၁၅ မိနစ်မှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယို၊ MRTV - Entertainment၊ MITV နှင့် မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းတို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများ ရောဝတီမြစ်ရေကြီး၍ ယာယီပိတ်ထားရ

မကွေး ဇူလိုင် ၁၆

**ရောဝတီမြစ်ရေ ဆက်တိုက်မြင့်တက်မှုကြောင့် မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ရေစကြို၊ ချောက်၊ ပွင့်ဖြူ၊ ပခုက္ကူနှင့် စလင်းမြို့နယ်များရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ၁၃၀ ခန့် ယာယီပိတ်ထားရသည်ဟု သိရသည်။**

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❂






## ကျောက်ဆည်အသင်း(ရန်ကုန်)
## စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ

(၁၆)ကြိမ်မြောက် ကျောက်ဆည်အသင်း(ရန်ကုန်)၏ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲတို့ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၂၃-၇-၂၀၁၇ ရက်(တနင်္ဂနွေနေ့) ၁၃၇၉ ခုနှစ်၊ ဝါဆိုလကွယ်နေ့ |
| အချိန် | - | ၈း၀၀-၁၁း၀၀နာရီ |
| နေရာ | - | ကျောက်ဆည်အသင်းဓမ္မာရုံဗိမာန်တော်ကြီး (အနောက်ရွှေဂုံတိုင်လမ်းနှင့်ရေတာရှည်လမ်းသစ်ထောင့်) |

သံဃာတော်(၁၀)ပါးတို့အား ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းရန်နှင့် ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးဖြင့် အောင်မြင်သည့် သားသမီးများရှိပါက အမည်စာရင်းများကို (အသင်းရုံး ဖုန်း-၀၁-၅၅၂၇၃၆၊ ၀၉-၅၁၄၈၉၆၅)တို့သို့ ဆက်သွယ်ပေးပို့ကြပါရန် တောင်းခံအပ်ပါသည်။ ကျောက်ဆည်ခရိုင်ရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်တို့မှ ဇာတိဖွားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားပါသည်။ အခမ်းအနားအပြီး သံဃာတော်ကြီးများအား နေ့ဆွမ်းဆပ်ကပ်၍ အသင်းဝင်များအားလုံးကို နေ့လယ်စာထမင်းဖြင့် ဧည့်ခံမည် ဖြစ်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အထောက်အကူပြု ကျန်းမာရေးသတင်းစနစ်အတွက် အသုံးပြုရမည့် HMISပုံစံ/ဆေးရုံလချုပ်ပုံစံနှင့် ပြင်ပလူနာရောဂါမှတ်တမ်းပုံစံ အပါအဝင်(၁၅)မျိုးအား ပုံနှိပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇) နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် | - | ၁၇-၇-၂၀၁၇ရက် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၁၁-၈-၂၀၁၇ရက် မွန်းလွဲ ၂ နာရီ |

**ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၆၇-၄၃၁၁၈၀၊ ၀၆၇-၄၃၁၁၈၂**
**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**မင်္ဂလာပါ**
**အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**Box ကားမျိုးစုံဖြင့်**
**အလုပ်သမားစိစဉ်ပေးသည်။**
**09-450042704**
**09-250095116**
**09-420096296**

## မြန်မာကျော် ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အရင်းအနှီးလိုအပ်သော လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများကို ရွေးထွေးမှုဖြင့် ဖိတ်ခေါ်အပ်ပါသည်။

(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးစိတ်ဝင်စား၍ လုပ်ငန်းအတွေ့အကြုံရှိသူ။
(ခ) ကိုယ်ကျင့် သိက္ခာနှင့်ပြည့်စုံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊အများအတွက် ကိုယ်ကျိုးစွန့်ရဲသည့်စိတ်ဓာတ်ကို အခြေခံ၍ ဆောင်ရွက်နိုင်သူ။
(ဂ) မိမိ၏ လုပ်ငန်းအောင်မြင်လည်ပတ်နေမှုနှင့် ဘဏ္ဍာရေးအခြေအနေအား တင်ပြနိုင်သူ။
(ဃ) ယှဉ်ပြိုင်အရွေးချယ်ခံလုပ်ငန်းရှင် ကိုယ်စားလှယ်လောင်းအား ၎င်းဒေသရှိ လုပ်ငန်း ရှင်ကြီးနှစ်ဦးမှ အာမခံမိတ်ဆက်ပေးနိုင်ရမည်။
(င) နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ ငွေစာရင်းနှင့်ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရပ်တစ်ခုခု ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါက ဦးစားပေးရွေးချယ်ပါမည်။
(စ) စိစစ်ရွေးချယ်ခံရသူအား လူထုအတွက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန် စီးပွားရေးအထောက်အပံ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအဆင့်ရှိ စီမံခန့်ခွဲမှုနည်းပညာရပ်များကိုပါကူညီထောက်ပံ့ပေးပါမည်။
(ဆ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်ခရိုင်တစ်ခုချင်းစီမှ တစ်ဦးနှုန်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

**စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်ရန်**

**အမှတ်(၉၈)၊ ဗဟိုလမ်း(အောက်)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
ဦးခင်မောင်ကြည် (ရုံးအဖွဲ့မှူး)၊ ၀၉၇၇၈၈၃၈၈၆၄၊ ၀၉၉၇၁၁၆၁၈၃၅၊
ဒေါ်တင်ဇာလင်း(ဌာနမှူး)၊ ၀၉-၉၆၀၈၁၄၉၅၂
ဒေါ်ငွေငွေဝင်း (ဌာနမှူး)၊ ၀၉-၉၆၀၈၁၄၉၇၁
ဒေါ်ဝေမွန်သိန်း (ဌာနမှူး)၊ ၀၉-၇၃၂၃၁၀၄၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သရက်တော(၄)လမ်းအောက်၊ အမှတ်(၆၁)၊ (၅)လွှာ၊ ပေ(၂၀×၅၀)ဟောတိုက် တိုက်ခန်းအား အကျိုးခံစားခွင့်အားလုံးကို ဒေါ်အေးအေးကြင်က ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းမရှိ ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထိန်လင်း(LL.B)**
**(စဉ်-၈၀၂၇)**
**တရားလွှတ်တော်ရှေ့နေ**
**၁၇(ဘီ)၊ သာခုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။**
**Ph-09-422200128**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်-၂၂၅၊ ၅-လွှာ၊ ခေါင်းရင်းခန်းအား ပိုင်ဆိုင်သူ ဦးခင်မောင်ဌေး[၇/ရတန(နိုင်)၀၀၃၅၅၈] တရားဝင်ပိုင်ဆိုင်ထားသူမှ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ပြန်လည်ရောင်းချရန် ဝယ်ယူသူ ဒေါ်လှဲ့လှဲ့ခိုင်[၇/ကပက(နိုင်)၀၀၅၉၄]သည် လွှဲပြောင်းယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်လှဲ့လှဲ့ခိုင်**
**ဖုန်း-၀၉-၉၇၀၈၈၂၂၉၇၊ ၀၉-၉၆၅၇၀၈၇၅၅**

## ဂွမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ဂွမြို့နယ်အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၂)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲကို ၁၃-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ သုခိတာရာမ ပရိယတ္တိစာသင်တိုက်၊ ဥယျာဉ်ကျောင်းလမ်း (ဗဟိုလမ်းနှင့် ပန်းတနော်လမ်းထောင့်) ရှမ်းလမ်းမှတ်တိုင်အနီး (အထက-၄၊ စမ်းချောင်းမြောက်ဘက်) စမ်းချောင်းမြို့နယ်တွင် ပြုလုပ်မည်ဖြစ်ပါ၍ ဂွမြို့နယ်သူ/သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အသင်းဝင်များ၏ သား/သမီး ဂုဏ်ထူးရကျောင်းသား/သူများ၏ ၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင် အမှတ်စာရင်းမိတ္တူများကို ၃၁-၇-၂၀၁၇ရက် နောက်ဆုံးထားပေးပို့ပါရန်နှင့် သင်္ကန်း၊ နဝကမ္မအလှူငွေ၊ ပညာရည်ချွန်ဆုချီးမြှင့်အလှူငွေများကို ဦးချစ်မောင် ဖုန်း-၀၉-၉၇၇၃၉၂၁၅၂၊ ဦးဘမြင့် ဖုန်း-၀၉-၂၅၀၆၄၈၁၀၃၊ ဒေါ်ခင်မူ ဖုန်း-၀၉-၅၁၇၉၂၁၀ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၃/၂၀၁၇)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ Side Scan Sonar Survey and Freespan Rectification ဝန်ဆောင်မှုလုပ်ငန်းကို နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | OS-001(17-18) | 24"Yadana Offshore Domestic Gas Pipeline (Side Scan Sonar Survey and Freespan Rectification) | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန၊ နေပြည်တော်တွင် ၁-၈-၂၀၁၇ရက် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၃၁-၈-၂၀၁၇ ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ဌာနသို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၇၅၊ ၄၁၁၃၃၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံဓာတ်ငွေ့ရည်များ ရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ ပရိုပိန်းရေနံဓာတ်ငွေ့ရည် ၂၀၀တန်(တန်နှစ်ရာတိတိ)၊ ဗြူတိန်းရေနံဓာတ်ငွေ့ရည် ၂၀၀တန်(တန်နှစ်ရာတိတိ)နှင့် အမှတ်(၂)ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)မှ ပရိုပိန်းရေနံဓာတ်ငွေ့ရည် ၂၀၀တန်(တန်နှစ်ရာတိတိ)စုစုပေါင်း ရေနံဓာတ်ငွေ့ရည် ၆၀၀ တန်(တန်ခြောက်ရာတိတိ) (ပရိုပိန်း-၄၀၀တန်၊ ဗြူတိန်း-၂၀၀တန်)တို့ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လိုင်စင်(ခ) လက်ဝယ်ရှိသူများ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၁-၇-၂၀၁၇ ရက်မှ ၄-၈-၂၀၁၇ ရက်အထိ
တင်ဒါပုံစံရောင်းချမည့်နေရာ (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇/(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၃။ တင်ဒါတင်သွင်းရန်နောက်ဆုံးရက် အချိန်နှင့်နေရာ - ၇-၈-၂၀၁၇ရက်(တနင်္လာနေ့)၊ (၁၂း၀၀)နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၄။ တင်ဒါဖွင့်ပွဲပြုလုပ်မည့် နေ့ရက်နှင့်အချိန် - ၇-၈-၂၀၁၇ရက်(တနင်္လာနေ့)၊ ၁၄း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၁၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ၅-လမ်း(မြောက်)၊ မြေတိုင်းရပ်ကွက်အမှတ်(၆-ဒီ၁၄၊ ၁၅၊ ၁၆)၊ အမှတ်(၉၀)ရှိ အကျယ်အဝန်း (အလျားပေ၅၀×အနံပေ၆၉)နှင့် နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်စာချုပ် အဆက်ဆက်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်အေးမူ[TKA-၀၂၀၈၂၄]နှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးသိုက်ထွန်း[၁၂/အစန(နိုင်)၁၀၅၇၆၇]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်အဆောက်အအုံ အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်အောင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်လှလှဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၇၇၈၀)**
**အမှတ်(2B/211)၊ မုဒိတာအိမ်ရာ-၂၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-253591505,09-73174522**

## စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်(အငြိမ်းစား)
## အရာရှိ/စစ်သည်မိသားစုဝင်များသို့

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်(အငြိမ်းစား)များ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (အ၄မ)အကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အငြိမ်းစားအရာရှိကြီးများအား ဂါရဝပြုပွဲ သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၂-၇-၂၀၁၇ရက်(စနေနေ့) နံနက် ၈း၀၀နာရီတွင် လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာ၊ မနော်ဒွါရစွန်းလွန်း တပ်ဦးကမ္မဌာန်းကျောင်း(ယခင် C.O.D(၁)ဂိတ်/ရေစင်ဂိတ်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တပ်ဖွဲ့ဝင်အငြိမ်းစား အရာရှိ/စစ်သည်/ဝန်ထမ်းမိသားစုအား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်လိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (၁) | ဗိုလ်ကြီးခင်ထွန်း(ငြိမ်း) | ၀၉-၉၆၃၂၈၄၀၀၄ | လှည်းကူးမြို့ |
| (၂) | ဗိုလ်ကြီးသိန်းသန်း(ငြိမ်း) | ၀၉-၂၅၂၀၇၀၂၂၆ | သရက်ကုန်း |
| (၃) | ဗိုလ်ကြီးဟန်ဆွေ(ငြိမ်း) | ၀၉-၅၃၉၃၅၀၀၊ ၀၁-၆၂၉၆၂၃ | ဒရယ်ဘို |
| (၄) | အလှူခံဌာန | မနော်ဒွါရစွန်းလွန်းတပ်ဦး ကမ္မဌာန်းကျောင်း၊ သရက်ကုန်း | |

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ထားဝယ်ခရိုင်
## (၁/၂၀၁၇)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားအဆောက်အအုံလုပ်ငန်းများတွင် အသုံးပြုမည့် စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ လာရောက်ပေးသွင်းနိုင်ပါကြောင်း အသိပေးကြေညာ၍ ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၁၇-၇-၂၀၁၇ ရက် |
| တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - | ၃၁-၇-၂၀၁၇ ရက် ညနေ ၄း၃၀ နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် | - | ၂-၈-၂၀၁၇ရက် မွန်းလွဲ ၁နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ထားဝယ်မြို့ |
| တင်ဒါနှင့်ပတ်သက်၍အသေးစိတ်သိရှိလိုပါက | - | ၀၅၉-၂၁၀၂၃ |
| ဆက်သွယ်စုံစမ်းနိုင်သည့်ဖုန်းနံပါတ်များ | - | ၀၅၉-၂၃၅၉၈၊ ၀၉-၄၀၁၅၂၇၂၈၅ |

**တင်ဒါစိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)မှ (၁)လအတွင်းထွက်ရှိသော ယူရီးယားဓာတ်မြေသြဇာ ၅,၀၀၀တန် (တန်ငါးထောင်)ခန့်အား (၁)လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၇-၂၀၁၇ ရက်မှ ၄-၈-၂၀၁၇ ရက်အထိ

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် - ၄-၈-၂၀၁၇ရက်(သောကြာနေ့)၊ ၁၂နာရီ

၅။ အချိန်နှင့်နေရာ - မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်-၄၄၊ နေပြည်တော်

၆။ တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန် - ၄-၈-၂၀၁၇ရက်၊ ၁၄ နာရီ

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၈၂၊ ၀၆၇-၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**

## ဇနီးအဖြစ်မှပြတ်စဲကြောင်းကြေညာခြင်း

မောင်ဇော်မျိုးနိုင်[၉/အမဇ(နိုင်)၀၀၅၅၂၃]နှင့် မဇာဇာအောင်(ခ)မဇာခြည်ဝင်း[၉/အမဇ(နိုင်)၀၀၇၆၅၅]တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပြီး သမီး(၁)ဦးထွန်းကားခဲ့ပါသည်။ မောင်ဇော်မျိုးနိုင်နှင့် မဇာဇာအောင်(ခ)မဇာခြည်ဝင်းတို့သည် အကွက်အမှတ်(၁၈၅)၊ သံဝင်းရပ်၊ အောင်မြေသာစံမြို့နယ်နေအိမ်တွင် အတူ ပေါင်းသင်းနေထိုင်စဉ် မဇာဇာအောင်(ခ)မဇာခြည်ဝင်းသည် ၁-၂-၂၀၁၇ ရက်က သမီးနှင့်ခင်ပွန်းအား ထားခဲ့ပြီး နေအိမ်မှထွက်သွားခဲ့ပါသည်။ မောင်ဇော်မျိုးနိုင်မှ အကြိမ်ကြိမ်ခေါ်သော်လည်း ခင်ပွန်းဖြစ်သူထံ ပြန်လာခဲ့ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ၁၄-၇-၂၀၁၇ရက်မှစ၍ မဇာဇာအောင်(ခ)မဇာခြည်ဝင်းအား ဇနီးအဖြစ်မှ ပြတ်စဲကြောင်းနှင့် နောက်နောင်မဇာဇာအောင်(ခ)မဇာခြည်ဝင်းနှင့်စပ်လျဉ်းသည့် ပြဿနာအရပ်ရပ်ကို မောင်ဇော်မျိုးနိုင်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မဇာဇာအောင်(ခ)မဇာခြည်ဝင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မောင်ဇော်မျိုးနိုင်** | **ဒေါ်ကျော်ကေသွယ်(LL.B)** |
| **[၉/အမဇ(နိုင်)၀၀၅၅၂၃]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၀၄)** |
| | **အကွက်အမှတ်(၁၃၄)၊ ၁၇×၁၈လမ်းကြား** |
| | **၈၆×၈၇လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊** |
| | **မန္တလေးမြို့။** |

